ကြေးမုံ

The Mirror Daily

၁၉၅၅ ခုနှစ်မှ ယခု တွင် စတင်ကျင်းပသောသတင်းစာ Established in 1957

ပွားစီးတိုးအောင် အားထုတ်

သူတစ်ပါး၏ အကျိုးစီးပွားအတွက် မိမိ၏ အကျိုးစီးပွား ဆုတ်ယုတ်အောင် မပြုသင့်ပေ။ ဤသို့ပြုသော် မိမိအား အကျိုးဖြစ်ထွန်းစေအုံ့ဟု မိမိအကျိုးကို သိသောသူသည် မိမိအကျိုးစီးပွား တိုးပွားအောင် အားထုတ်ရာ၏။ (မိမိသည်သာ အားကိုးရာဖြစ်၍ အများ၏အကျိုးစီးပွားနှင့် မိမိ၏ အကျိုးစီးပွား ကြုံဆုံပေါပေါက်လာသောအခါ မိမိစီးပွား ဆုတ်ယုတ်မခံဘဲ အားထုတ်သင့်၏။)

အတ္တဝဂ်(ဓမ္မပဒ-၁၆၆)

၁၃၈၂ ခုနှစ်၊ တော်သလင်းလဆန်း ၁၄ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 30 September 2020 ၁၀၁၅

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း mVoter 2020 မိုဘိုင်းအက်ပလီကေးရှင်း မိတ်ဆက်ပွဲ တက်ရောက်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း အွန်လိုင်းဖြင့် ကျင်းပသည့် mVoter 2020 မိုဘိုင်းအက်ပလီကေးရှင်း မိတ်ဆက်ပွဲသို့ တက်ရောက်စဉ်။

နေပြည်တော် စက်တင်ဘာ ၂၉

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် The Asia Foundation၊ International Institute for Democracy and Electoral Assistance (International IDEA) တို့ ပူးပေါင်းဆောင်ရွက်သည့် mVoter 2020 မိုဘိုင်းအက်ပလီကေးရှင်းမိတ်ဆက်ပွဲကို ယနေ့နံနက် ၁၀ နာရီတွင် အွန်လိုင်းဖြင့် ကျင်းပသည်။

အွန်လိုင်းမိတ်ဆက်ပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ The Asia Foundation၊ International IDEA၊ European Union နှင့် PopStack အဖွဲ့တို့မှ တာဝန်ရှိသူများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ယနေ့ mVoter 2020 Application ကို လွှင့်တင်နိုင်ခဲ့သည့်အတွက် အထူးပင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ယခု mVoter 2020 Application သည် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေသည့်ကာလတွင် Stay at Home နေထိုင်ရသည့်မြို့နယ်များမှ မဲဆန္ဒရှင် ပြည်သူများအတွက် ပို၍အထောက်အကူပြုစေမည်ဟု ယုံကြည်ပါကြောင်း။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

ပြည်သူ့ဝန်ထမ်းနှင့် နိုင်ငံ့ဝန်ထမ်းများအား မော်တော်ယာဉ်ဝယ်ယူခွင့်ပြုရေးကိစ္စနှင့် စပ်လျဉ်းသည့် ကြေညာချက်

၁။ ပြည်သူ့ဝန်ထမ်းနှင့် နိုင်ငံ့ဝန်ထမ်းများအား မော်တော်ယာဉ်ဝယ်ယူခွင့်ပြုရေးကိစ္စနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည် -

(က) ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ရရှိပြီး (၁-၁၀-၂၀၂၀) ရက်နေ့တွင် အသက် (၅၇) နှစ်နှင့်အထက်ရှိသည့် ပင်စင်ယူရန် (၃)နှစ်အလိုဖြစ်သော တာဝန်ထမ်းဆောင်ဆဲဝန်ထမ်းများ (သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် ခံစားနေသော ဝန်ထမ်းများအပါ) အမြဲတမ်းအတွင်းဝန်ရာထူးမှ ဒုတိယညွှန်ကြားရေးမှူးရာထူးအထိ ဝန်ထမ်းများအား ပြည်ပမှ မော်တော်ယာဉ် တင်သွင်းခွင့် သို့မဟုတ် ပြည်တွင်းအရောင်းပြခန်းများမှ ဝယ်ယူခွင့်ပြုပါမည်။ လက်ထောက်ညွှန်ကြားရေးမှူးနှင့် အောက်အဆင့်ဝန်ထမ်းများအား ပြည်တွင်းမှ SKD စနစ်ဖြင့် ထုတ်လုပ်သော မော်တော်ယာဉ်များကို ဝယ်ယူခွင့်ပြုပါမည်။

(ခ) တပ်မတော်မှ နယ်ဘက်သို့ ဌာနကူးပြောင်းတာဝန်ထမ်းဆောင်ခဲ့သူများအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနတွင် ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ် လျှောက်ထားရရှိပြီးမှသာ မော်တော်ယာဉ်တင်သွင်း/ဝယ်ယူခွင့်ပြုပါမည်။

(ဂ) တပ်မတော်သားအရာရှိကြီးများအား ရာထူးအဆင့်အလိုက် အချိန်ကန့်သတ်ချက်ဖြင့်အငြိမ်းစားယူရန် သတ်မှတ်ထားသည့်အတွက် စစ်မှုထမ်းကောင်းတံဆိပ်ရရှိထားသည့် ပင်စင်ယူရန် (၃)နှစ်အလိုဖြစ်သော တာဝန်ထမ်းဆောင်ဆဲ တပ်မတော်သား (အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်အဆင့်မှ ဒုတိယညွှန်ကြားရေးမှူးအဆင့်အထိ နိုင်ငံ့ဝန်ထမ်းများနှင့် ရာထူးအဆင့် တူညီသူ) (၅၀၁)ဦးအား ပြည်ပမှ မော်တော်ယာဉ်တင်သွင်းခွင့် သို့မဟုတ် ပြည်တွင်းအရောင်းပြခန်းများမှ ဝယ်ယူခွင့်ပြုပါမည်။ စစ်မှုထမ်းကောင်း တံဆိပ်ရရှိထားသည့် ပင်စင်ယူရန် (၃)နှစ်အလိုဖြစ်သော တာဝန်ထမ်းဆောင်ဆဲ တပ်မတော်သား (လက်ထောက်ညွှန်ကြားရေးမှူးအဆင့်မှ ရုံးအကူအဆင့်အထိ နိုင်ငံ့ဝန်ထမ်းများနှင့် ရာထူးအဆင့်တူညီသူ) (၄၀၄၉) ဦးအား ပြည်တွင်းမှ SKD စနစ်ဖြင့် ထုတ်လုပ်သော မော်တော်ယာဉ်များကို ဝယ်ယူခွင့်ပြုပါမည်။

(ဃ) မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ပင်စင်ယူရန် (၃)နှစ်အလိုဖြစ်သော ရဲမှူထမ်းကောင်း တံဆိပ်ရရှိထားသည့် တာဝန်ထမ်းဆောင်ဆဲ ရဲတပ်ဖွဲ့ဝင်(အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်အဆင့်မှ ဒုတိယညွှန်ကြားရေးမှူးအဆင့်အထိ နိုင်ငံ့ဝန်ထမ်းများနှင့်ရာထူးအဆင့်တူညီသူ) (၁၂၆)ဦးအား ပြည်ပမှ မော်တော်ယာဉ် တင်သွင်းခွင့် သို့မဟုတ် ပြည်တွင်းအရောင်းပြခန်းများမှ ဝယ်ယူခွင့်ပြုပါမည်။ ပင်စင်ယူရန် (၃)နှစ်အလိုဖြစ်သော ရဲမှူထမ်းကောင်းတံဆိပ်ရရှိထားသည့် တာဝန်ထမ်းဆောင်ဆဲ ရဲတပ်ဖွဲ့ဝင် (လက်ထောက်ညွှန်ကြားရေးမှူးအဆင့်မှ ရုံးအကူအဆင့်အထိ နိုင်ငံ့ဝန်ထမ်းများနှင့် ရာထူးအဆင့်တူညီသူ) (၁၀၂၁) ဦးအား ပြည်တွင်းမှ SKD စနစ်ဖြင့် ထုတ်လုပ်သော မော်တော်ယာဉ်များကို ဝယ်ယူခွင့်ပြုပါမည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ○

ကြေးမုံ ယနေ့ ဖတ်စရာ

ကိုဗစ်-၁၉ အကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်

စာမျက်နှာ » ၈

သမ္မတဒေါ်နယ်ထရမ့်နှင့် ဂျီးဘိုင်ဒင်တို့၏ ပထမဆုံးအကြိမ် နိုင်ငံရေးစကားစစ်ထိုးပွဲ စက်တင်ဘာ ၃၀ ရက်တွင် စတင်မည်

စာမျက်နှာ » ၁၁

တောင်ဥက္ကလာပမြို့နယ်ရှိ ကိုဗစ်-၁၉ စောင့်ကြည့်လူနာများကို မြို့နယ်အစီအစဉ်ဖြင့် နှာခေါင်း၊ အာခေါင်တို့ဖတ်ယူမည်

ရန်ကုန် စက်တင်ဘာ ၂၉

တောင်ဥက္ကလာပမြို့နယ်အတွင်း ကန့်သတ်စောင့်ကြည့်စခန်းများရှိ ကိုဗစ်-၁၉ အတည်ပြုလူနာများနှင့် ထိတွေ့ခဲ့သည့် စောင့်ကြည့်လူနာများကို မြို့နယ်အစီအစဉ်ဖြင့် အဆိုပါမြို့နယ်အတွင်း နှာခေါင်း၊ အာခေါင်တို့ဖတ်ယူခြင်းကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တောင်ဥက္ကလာပမြို့နယ် စည်ပင်သာယာရေးကော်မတီထံမှ သိရသည်။

စာမျက်နှာ ၄ ကော်လံ ၄ သို့ ✻

ကြေးမုံ

နိုင်ငံတော်ကအားပေး စိတ်ခွန်အားတိုးပွား

'အို၊ နာ၊ သေ' ဘေးသည် တရားတော်အရ လူတိုင်းလူတိုင်း မလွဲမသွေရင်ဆိုင်ကြုံတွေ့ရမည့် သဘောတရားဖြစ်သည်။ အိုခြင်း၊ နာခြင်း၊ သေခြင်းဘေးကို မည်သူမျှ မရှောင်လွှဲနိုင်ပါပေ။ အိုခြင်း၊ နာခြင်း၊ သေခြင်း ဤသုံးမျိုး၏ အဓိကလက်သည်ဖြစ်သည့် နာခြင်းသည် အနာရောဂါအမျိုးမျိုးဖြင့် လူတို့ဘဝကို အဆုံးသတ်အောင် ကြိုးပမ်းလေသည်။

မျက်မှောက်ကာလတွင် နာခြင်းဘေးတည်းဟူသော ကိုဗစ်-၁၉ ရောဂါဘေးကို လူတိုင်းရင်ဆိုင်နေကြရပေသည်။ ကိုဗစ်ရောဂါဘေးသည် လူသားများထံ အလျင်အမြန် ကူးစက်ရောက်ရှိကာ ရောဂါဘေးဒဏ်ကို လူသားများ အလူးအလဲခံစားနေကြရသည်။ ကိုဗစ်ရောဂါဘေးသည် လူသားများအား မည်သူ့မျက်နှာကိုမျှ မထောက်ထား။ ဆင်းရဲ၊ ချမ်းသာ၊ အယုတ်၊ အလတ်၊ အမြတ်မရွေး၊ အဆင့်အတန်းဂုဏ်ပုဒ်မရွေး နှိပ်စက်ညှဉ်းပန်းအသက်အန္တရာယ်ထိခိုက်အောင် ကြိုးစားနေလေသည်။

ကိုဗစ်ရောဂါဘေးသည် အခြားပုံမှန်ရောဂါဘေးများနှင့် မတူပေ။ ကိုဗစ်ရောဂါဖြစ်ပွားသည်နှင့် မိသားစုမှဖယ်ခွာ၍ တစ်ယောက်တည်း အထီးကျန်နေရပေသည်။ ထိုအခါ စိတ်ဓာတ်ကျခြင်း၊ စိတ်အားငယ်ခြင်းတို့ ဖြစ်ပေါ်လာသည်မှာ သဘာဝပင် ဖြစ်သည်။ ထို့ကြောင့် စိတ်ဓာတ်ကျခြင်း၊ စိတ်အားငယ်ခြင်းတို့ မဖြစ်ပေါ်စေရန်အတွက် နိုင်ငံတော်က စိတ်ဓာတ်ခွန်အားများ အပြည့်အဝပေးနေပေသည်။ နိုင်ငံတော်အစိုးရနှင့်အတူ ကျန်းမာရေးဝန်ထမ်းများ၊ ကျန်းမာရေးပညာရှင်များ၊ စေတနာ့ဝန်ထမ်းများ၊ စေတနာရှင်ပြည်သူများက စိတ်ဓာတ်ခွန်အားများသာမက လိုအပ်သည်များကိုပါ ဖြည့်ဆည်းပံ့ပိုး အားပေးကူညီပေးနေသည်။

စက်တင်ဘာလ ၂၈ ရက်နေ့က ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံး အခြေအနေနှင့် စပ်လျဉ်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်သူများသို့ အစီရင်ခံတင်ပြရာတွင် ရောဂါပိုးရှိနေသော ပြည်သူများအား "ဘယ်တော့မှ တစ်ယောက်တည်း မဟုတ်ပါကြောင်း" အားပေးစကား ပြောကြားခဲ့သည်။

"နိုင်ငံတော်အနေနဲ့ကတော့ ရောဂါဖြစ်နေတဲ့ ပြည်သူအားလုံး တစ်ယောက်ချင်း၊ တစ်ယောက်ချင်းကို တန်ဖိုးထားပါတယ်။ ကျွန်မတို့ ဘယ်တော့မှ ဘယ်သူဖြစ်တာလဲလို့ မမေးပါဘူး။ ဘယ်နယောက်ဖြစ်တာပဲ ကြည့်ပါတယ်။ တစ်ယောက်ချင်း၊ တစ်ယောက်ချင်းကို တန်းတူပဲ တန်ဖိုးထားပါတယ်။ ချမ်းသာကြွယ်ဝတဲ့သူ၊ ဩဇာအာဏာရှိတဲ့သူဆိုပြီး ခွဲပြီးတော့ သူ့ဆိုရင် ပိုပြီးတော့အလေးထားတယ်ဆိုတာ လုံးဝမရှိပါဘူး။ ဒါကြောင့် ကျွန်မတို့ပြည်သူတွေဟာ အဲဒီအင်အားနဲ့ ဒီရောဂါကို ပြန်ပြီးတွန်းလှန်စေချင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ စိတ်ဓာတ်ကျပြီဆိုရင် ကိုယ်ခံအားက ကျတတ်ပါတယ်။ ကိုယ်ခံအားမကျဖို့က အင်မတန်အရေးကြီးပါတယ်။ ကျွန်မတို့နိုင်ငံတော်တင်မကဘူး။ ကျွန်မတို့ပြည်သူအများစုကလည်း ဒီလိုပဲ ရောဂါဖြစ်တဲ့သူတွေအပေါ်မှာ မေတ္တာနဲ့ ရှုနေမယ်။ ကရုဏာနဲ့ ရှုနေမယ်။ အမြန်ဆုံးပြန်ပြီးတော့ သက်သာစေချင်တဲ့စိတ်တွေ ရှိနေမယ်လို့ ကျွန်မယုံကြည်ပါတယ်။ ဒါကြောင့် ဒီရောဂါပိုးရပြီဆိုတာ တွေ့တယ်ဆိုရင် စိတ်ဓာတ်မကျပါနဲ့။ အတတ်နိုင်ဆုံး ကျွန်မတို့လုပ်ပေးပါမယ်။ နောက်ပြီး တော့လည်း ပြည်သူ့ပြည်သားတွေကလည်း ပိုင်းပြီးတော့ မေတ္တာပို့ကြမယ်၊ ဆုတောင်းပေးကြမယ်လို့လည်း ကျွန်မယုံကြည်ပါတယ်" ဟု နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ပိုးတွေ့လူနာများအား စိတ်ဓာတ်မကျစေရန်အတွက် အားပေးစကားပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါပိုး ကူးစက်ခံရမှု၊ ကူးစက်မှုလက်ရှိ အခြေအနေအရ လူတစ်သောင်းကျော် ကူးစက်ခံခဲ့ရပြီး သေဆုံးသူလည်း နှစ်ရာကျော်သွားပြီ ဖြစ်သည်။ များသောအားဖြင့် လူဦးရေထူထပ်ရာ ရန်ကုန်မြို့တွင် ကူးစက်ခံရမှုအများဆုံးဖြစ်ပြီး နေ့စဉ်နှင့်အမျှ ကူးစက်သေဆုံးမှုများရှိနေသေးသည်။ ယင်းကို ကာကွယ်၊ ထိန်းချုပ်ရန်၊ ကူးစက်ဖြစ်ပွားသော လူနာများအား ပြုစုကုသပျောက်ကင်းသွားရန် နိုင်ငံတော်အစိုးရအနေဖြင့် အပြင်းအထန်ကြိုးပမ်းနေသည်။ ရန်ကုန်မြို့တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ရောဂါပိုးတွေ့လူနာများအား စနစ်တကျထားရှိ၍ပြုစုကုသမှုပေးရေးကို ဖြည့်ဆည်းဆောင်ရွက်ပေးနေပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များကိုယ်တိုင် လူနာများထားရှိရာနေရာများသို့ လိုက်လံစစ်ဆေး အားပေးစကား ပြောကြားပေးနေသည်။

သို့ဖြစ်ရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် အားပေးစကားပြောကြားသည့်အတိုင်း စိတ်ဓာတ်မကျပါနှင့်၊ စိတ်ဓာတ်သည် အင်အားကို ဆောင်ပါသည်။ မိမိတစ်ယောက်တည်းမဟုတ်ပါ။ မိမိနှင့်အတူ တစ်တိုင်းပြည်လုံး ရှိသည်ဆိုသည့် စိတ်ဓာတ်အင်အားမွေးပါ။ တစ်တိုင်းပြည်လုံးအတွက် ကိုယ်လည်း ရုန်းကန်မည်ဆိုသည့် စိတ်ဓာတ်နှင့် ကိုဗစ်ကို ကျော်လွှားနိုင်အောင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။ ။

မြန်မာနိုင်ငံပြန်တမ်း
အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့သည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင်အား အမြဲတမ်းအတွင်းဝန်တာဝန်များကို ပူးတွဲထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

ကမ္ဘာ့ဆေးရောဂါများနေ့
၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၅ ရက်

ဧရာဝတီမြစ်ရေ စိုးရိမ်ရေမှတ်ရောက်

နေပြည်တော် စက်တင်ဘာ ၂၉ ယနေ့ မြန်မာစံတော်ချိန် ၁၀ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ရွှေကူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ရွှေကူမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် အကြံပြုအပ်သည်။

မိုး/ဧလ

စာအုပ်စာပေ လူ့မိတ်ဆွေ

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၉-၉-၂၀၂၀)

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၉,၉၀၀	၉,၉၀၀	၈၀၄	၇,၉၅၉,၆၀၀
MTSH	၃,၇၀၀	၃,၇၀၀	၁၁၃	၄၁၇,၄၅၀
MCB	၈,၀၀၀	၈,၀၀၀	၈	၆၄,၁၀၀
FPB	၂၂,၅၀၀	၂၃,၀၀၀	၁,၁၇၈	၂၇,၀၄၄,၀၀၀
TMH	၂,၇၀၀	၂,၇၅၀	၃၈	၁၀၄,၃၅၀
EFR	၃,၀၀၀	၃,၀၀၀	၁၄	၄၂,၀၀၀

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် စက်တင်ဘာ ၂၉

ရန်ကုန်(ရွှေဈေး) ၁၃၁၃၀၀၀ — မန္တလေး(ရွှေဈေး) ၁၃၁၃၀၀၀

စက်သုံးဆီအမျိုးအစား		ရန်ကုန်		မန္တလေး	
(က) အဆင့်မြင့်ဒီဇယ်	တစ်လီတာ	၅၃၅/၅၇၀	ကျပ်	၅၇၀/၅၈၀	ကျပ်
(ခ) ဒီဇယ်	တစ်လီတာ	၅၂၅/၅၅၅	ကျပ်	၅၅၅/၅၆၅	ကျပ်
(ဂ) အောက်တိန်း ၉၅	တစ်လီတာ	၆၀၀/၆၂၀	ကျပ်	၆၆၀/၆၈၀	ကျပ်
(ဃ) အောက်တိန်း ၉၂	တစ်လီတာ	၄၇၅/၅၀၅	ကျပ်	၅၃၅/၅၄၅	ကျပ်

ရန်ကုန် လက်ကားဈေး

ဒီဇယ်	တစ်လီတာ	၄၃၀/၄၄၅	ကျပ်
အဆင့်မြင့်ဒီဇယ်	တစ်လီတာ	၄၄၀/၄၅၅	ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၄၂၅/၄၃၅	ကျပ်

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

နိုင်ငံခြားငွေလဲလှယ်နှုန်း			မြန်မာငွေကျပ်
(က) အမေရိကန်	တစ်ဒေါ်လာ	=	၁၃၀၈.၄
(ခ) ဥရောပ	တစ်ယူရို	=	၁၅၅၈.၅
(ဂ) တရုတ်	တစ်ယွမ်	=	၁၉၁.၉၀
(ဃ) ထိုင်း	တစ်ဘတ်	=	၄၁.၃၄၆
(c) မလေးရှား	တစ်ရင်းဂစ်	=	၃၁၄.၄၆
(စ) အိန္ဒိယ	တစ်ရူပီး	=	၁၇.၇၃၁
(ဆ) သြစတြေးလျ	တစ်ဒေါ်လာ	=	၉၂၉.၂၀
(ဇ) စင်ကာပူ	တစ်ဒေါ်လာ	=	၉၅၄.၈၀
(ဈ) ဂျပန်	တစ်ရာယန်း	=	၁၂၃.၆
(ည) တောင်ကိုရီးယား	တစ်ရာ၀မ်	=	၁၁၁.၉၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့

ကြေးမုံ

စာတည်းမှူးချုပ်	- ဦးစိုးစိုးနိုင်	အငယ်တန်း	- ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
စာတည်းမှူး	- ဦးဝင်းနိုင်		
သတင်းထောက်မှူး	- ဦးမြင့်စိုး		
စာတည်းများ	- ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်စိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး	ဓာတ်ပုံသတင်းထောက်	- ဦးခင်မောင်ဝင်း
		သုတေသန	- ဒေါ်ဇင်မာဝင့်
ဘာသာပြန်စာတည်းများ	- ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်	စာပြင်	- ဒေါ်ဇင်မေဦး၊ ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့
အကြီးတန်း	- ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဌ၊ ဒေါ်နေဇာဇာထွန်း	စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	- ဒေါ်မျိုးမျိုးဝင်း၊ ဒေါ်ခိုင်မာဆွေနှင့်အဖွဲ့
		အီးမေးလ်နှင့် အွန်လိုင်း	- ဦးစည်သူလွင်၊ ဒေါ်ဇာရည်မွန်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေးရုံ - ၀၁-၈၆၁၀၆၈၅ စီမံ/ဌေစာရင်း ၀၁-၂၉၁၄၄၄ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅

ကြေးမုံ

ပြည်သူသာလျှင် အဓိက

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မဲဆန္ဒရှင်ပြည်သူများသို့ အထူးအစီအစဉ် အသိပေးတင်ပြချက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မဲဆန္ဒရှင်များ၏ တောင်းဆိုမှု၊ ပြင်ဆင်မှု၊ ဖြည့်စွက်မှုများအရ ထပ်မံစိစစ်ပြုစုထားသည့်မဲဆန္ဒရှင်စာရင်းများကို သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများနှင့် ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများတွင် **၁-၁၀-၂၀၂၀ ရက်နေ့မှ ၁၄-၁၀-၂၀၂၀ ရက်နေ့အထိ နောက်ဆုံးအကြိမ် (နောက်ဆုံးအကြိမ်)** အဖြစ် ၁၄ ရက်ကြာ ထပ်မံကပ်ထားကြေညာမည်ဖြစ်ကြောင်း ကြေညာထားရှိပြီး ဖြစ်ပါသည်။

၂။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိမြို့နယ် (၄၅) မြို့နယ်တွင် ကိုကိုးကျွန်းမြို့နယ်မှအပ ကျန်(၄၄)မြို့နယ်သည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ကြေညာချက်များအရ **Stay at Home အစီအစဉ်တွင်အကျုံးဝင်သောမြို့နယ်များ**တွင် ပါဝင်လျက်ရှိပါသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုမှာလည်း မြင့်တက်လျက်ရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအနေဖြင့် ရောဂါကူးစက်မှုထိန်းချုပ်နိုင်စေရေး ပြည်သူများအား နေအိမ်တွင်သာနေထိုင်စေရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်နှင့် အရေးကြီးကိစ္စရပ်များမှအပ အကြောင်းတစ်စုံတစ်ရာမရှိဘဲ နေအိမ်မှထွက်ခွာသွားလာမှုများအား တားမြစ်ကန့်သတ်ထားသည့်ကာလလည်း ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ အချိန်ကာလ/နေရာဒေသအလိုက် ထုတ်ပြန်သည့် ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များနှင့် အခြားအကြောင်းအမျိုးမျိုးကြောင့် အခက်အခဲရှိသော မဲဆန္ဒရှင်များအတွက် ၄-၉-၂၀၂၀ ရက်နေ့အထိပြုစုထားသော မဲဆန္ဒရှင်စာရင်းများကို ထည့်သွင်းထားသည့် Web Application ဖြစ်သော findyourpollingstation.uec.gov.mm တွင် မဲစာရင်းကို ဝင်ရောက်ကြည့်ရှုစစ်ဆေးနိုင်ကြောင်းနှင့် Mobile Application ဖြစ်သည့် findyourpollingstation.apk ကို Google Play Store တွင် Download ရယူပြီး မိမိတို့၏အမည် မဲစာရင်းတွင် ပါ/မပါ စစ်ဆေးနိုင်ရန်ကိုလည်း စီစဉ်ဆောင်ရွက်ပေးထားမည် ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာထားရှိပြီးဖြစ်ပါသည်။

၄။ သို့ရာတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မဲဆန္ဒရှင်ပြည်သူများ မဲဆန္ဒရှင်စာရင်းလာရောက်ကြည့်ရှုရာတွင် အခက်အခဲများရှိနိုင်သဖြင့် ၂၆-၉-၂၀၂၀ ရက်နေ့အထိပြုစုထားသော မဲဆန္ဒရှင်စာရင်းများကို ထည့်သွင်းထားသည့် Web Application ဖြစ်သော http://bit.ly/yangon-voters တွင် မဲစာရင်းကို ဝင်ရောက်ကြည့်ရှုစစ်ဆေးနိုင်ရန် ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက အထူးအစီအစဉ်တစ်ရပ်အဖြစ် စီစဉ်ဆောင်ရွက်ပေးထားမည်ဖြစ်ပါသည်။

၅။ ထို့အပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မဲဆန္ဒရှင်ပြည်သူများ အနေဖြင့် မဲဆန္ဒရှင်စာရင်းတွင် အမည် မပါဝင်ခြင်း၊ အချက်အလက်များ ပြင်ဆင်လိုခြင်းနှင့် ကန့်ကွက်လိုခြင်းများရှိပါက အောက်ပါနည်းလမ်းများဖြင့် ဆက်သွယ်လျှောက်ထား အကူအညီရယူနိုင်ကြမည် ဖြစ်ပါသည်-

(က) Web Application တွင် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု အလိုက် ဆက်သွယ်ဆောင်ရွက်ရမည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုများမှ တာဝန်ရှိသူ(၂)ဦး၏ တယ်လီဖုန်းအမှတ်များအား ဖော်ပြပေးထားမည်ဖြစ်ပြီး အဆိုပါ ပုဂ္ဂိုလ်များ၏ အကူအညီကိုရယူဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

(ခ) လူကိုယ်တိုင်သွားရောက် လျှောက်ထားရန်အခက်အခဲရှိသော မဲဆန္ဒရှင်များအတွက် လျှောက်ထားရမည့် ပုံစံများရယူနိုင်ရန် Web Application တွင် ဖော်ပြထားရှိပေးမည်ဖြစ်ပြီး ဓာတ်ပုံရိုက်ကူး၍ တင်ပြလျှောက်ထားနိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားမည် ဖြစ်ပါသည်။

(ဂ) သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများတွင်လည်း လူကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလွှဲအပ်ခံရသူ သို့မဟုတ် ရပ်ကွက်နေ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးဦး၏ အကူအညီဖြင့်သော်လည်းကောင်း လာရောက်လျှောက်ထားဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားမည်ဖြစ်ပါသည်။

၆။ Web Application အသုံးပြု၍ မဲစာရင်းရှာဖွေခြင်းနှင့် ပုံစံများ လျှောက်ထားရန် ဆက်သွယ်ဆောင်ရွက်ရမည့် ရှင်းလင်းချက်များအား Web Application နှင့် Facebook စာမျက်နှာတို့တွင် ရှင်းလင်းတင်ပြပေးထားမည် ဖြစ်ပါကြောင်း အသိပေးတင်ပြအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

✯ ပြည်ထောင်စုမှ

ဒီမိုကရေစီကျင့်သုံးသည့် နိုင်ငံများအနေဖြင့် ရွေးကောက်ပွဲသည် အဓိကဖြစ်ပါကြောင်း ၊ မဲဆန္ဒရှင်ပြည်သူများက ရွေးကောက်ပွဲမှတစ်ဆင့် နိုင်ငံ့အကျိုးကို သယ်ပိုးဆောင်ရွက်ကြမည့် လွှတ်တော်ကိုယ်စားလှယ်များကို ဆန္ဒမဲပေးရွေးချယ်ကြရမည်ဖြစ်ပါကြောင်း၊ ထိုသို့ရွေးချယ်ဆန္ဒမဲပေးနိုင်ရန် မိမိတို့ ဆန္ဒမဲပေးရွေးချယ်ရမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်၊ အရည်အချင်း၊ အတွေ့အကြုံ စသည့်အချက်အလက်များ၊ ၎င်းတို့ကိုယ်စားပြုသည့် နိုင်ငံရေးပါတီများ၏ မူဝါဒ၊ သဘောထားနှင့် လုပ်ငန်းစဉ်များကိုလည်း သိရှိရန်လိုအပ်ပါကြောင်း။

ရှာဖွေကြည့်ရှုနိုင်

ယနေ့ မြန်မာနိုင်ငံတွင် မိုဘိုင်းဖုန်းမှတစ်ဆင့် အင်တာနက်သုံးစွဲသူ ၂၂ သန်းခန့်ရှိပြီး မိုဘိုင်းဖုန်းသုံးစွဲသူ မဲဆန္ဒရှင်များအနေဖြင့် ယခု mVoter 2020 Application မှတစ်ဆင့် ရွေးကောက်ပွဲဆိုင်ရာ သိရှိလိုသည့်အချက်အလက်များကို ရှာဖွေကြည့်ရှုနိုင်မည်ဖြစ်ပါကြောင်း၊ mVoter 2020 Application ကို ရိုးရှင်းလွယ်ကူစွာအသုံးပြုနိုင်သည့် ပုံစံဖြစ်စေရန် တည်ဆောက်ထားသည်ကို တွေ့ရှိရပါကြောင်း၊ ယခု mVoter 2020 Application တွင် သက်ဆိုင်ရာမဲဆန္ဒနယ်မြေများအလိုက် ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းများနှင့် သက်ဆိုင်သည့် အချက်အလက်များ၊ နိုင်ငံရေးပါတီမူဝါဒများ၊ ရွေးကောက်ပွဲနှင့်စပ်လျဉ်းပြီး မဲဆန္ဒရှင်များ မေးလေ့မေးထရှိသည့် မေးမြန်းချက်များနှင့် ဖြေကြားချက်များ၊ မဲပေးပုံပေးနည်း၊ ခိုင်လုံမဲ၊ ပယ်မဲသတ်မှတ်ချက်များ၊ ကော်မရှင်၏ ဆောင်ရွက်ချက်များနှင့် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး သတင်းအချက်အလက်များ ပါဝင်ပါကြောင်း။

မဲဆန္ဒရှင်ပြည်သူလူထုအတွက် ဆန္ဒမဲပေးရာတွင် များစွာအထောက်အကူဖြစ်စေသည့် mVoter 2020 Application ကို ရေးဆွဲလွှင့်တင်နိုင်ရန် ပံ့ပိုးကူညီခဲ့ကြသည့် The Asia Foundation နှင့် International IDEA ၊ Application ကို အခမဲ့ကူညီရေးဆွဲပေးခဲ့သည့် PopStack အဖွဲ့တို့ကို အထူးကျေးဇူးတင်ရှိပါကြောင်း၊ လုပ်ငန်းတစ်ခု၏အစတွင် အားနည်းချက်၊ ချို့ယွင်းချက်များရှိနိုင်သည့်အတွက် ယခု mVoter 2020 Application ကို စတင်အသုံးပြုချိန်တွင် အားနည်းချက်၊ ချို့ယွင်းချက်များရှိခဲ့ပါလျှင်လည်း မဲဆန္ဒရှင်ပြည်သူများအနေဖြင့် သည်းခံခွင့်လွှတ်စိတ်ဖြင့် ကြည့်ရှုပေးကြရန် မေတ္တာရပ်ခံလိုပါကြောင်း ပြောကြားသည်။

ပြန်လည်ရှင်းလင်းဖြေကြား

ယင်းနောက် The Asia Foundation အဖွဲ့ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Mark McDowell ၊ ဥရောပသမဂ္ဂသံရုံး၊ သံရုံးယာယီတာဝန်ခံ Mr. Johann Hesse နှင့် မြန်မာနိုင်ငံဆိုင်ရာ International IDEA ရုံးအကြီးအကဲ Mr. Marcus Brand တို့က ကျေးဇူးတင်စကားပြောကြားခဲ့ကြပြီး PopStack အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက mVoter 2020 Application အသုံးပြုပုံကို အသေးစိတ်ရှင်းလင်းပြောကြားသည်။ ယင်းနောက် တက်ရောက်လာကြသူများ၏ သိရှိလိုသည့် မေးမြန်းချက်များကို The Asia Foundation အဖွဲ့က ပြန်လည်ရှင်းလင်းဖြေကြားသည်။

mVoter 2020 Application ကို www.maepaysoh.org တွင် တိုက်ရိုက် download ရယူနိုင်ကြောင်းနှင့် အသုံးပြုပုံအဆင့်ဆင့်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ Website www.uec.gov.mm နှင့် UEC Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

သတင်းစဉ်

❍ ရှေ့ဖုံးမှ

(c) နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် တာဝန်ထမ်းဆောင်နေသော စည်ပင်သာယာရေးဝန်ထမ်းများထဲမှ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ရရှိထားပြီး (၁-၁၀-၂၀၂၀) ရက်နေ့တွင် အသက်(၅၇)နှစ်နှင့်အထက်ရှိသည့် ပင်စင်ယူရန် (၃)နှစ်အလိုဖြစ်သော တာဝန်ထမ်းဆောင်ဆဲ ဝန်ထမ်းများ (သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့်ခံစားနေသည့် ဝန်ထမ်းများအပါ) အမြဲတမ်းအတွင်းဝန်ရာထူးမှ ဒုတိယညွှန်ကြားရေးမှူးရာထူးအထိ ဝန်ထမ်းများအား ပြည်ပမှ မော်တော်ယာဉ်တင်သွင်းခွင့် သို့မဟုတ် ပြည်တွင်း အရောင်းပြခန်းများမှ ဝယ်ယူခွင့်ပြုပါမည်။ လက်ထောက်ညွှန်ကြားရေးမှူးနှင့် အောက်အဆင့် ဝန်ထမ်းများအား ပြည်တွင်းမှ SKD စနစ်ဖြင့် ထုတ်လုပ်သော မော်တော်ယာဉ်များကို ဝယ်ယူခွင့်ပြုပါမည်။

ရှင်းလင်းချက်။ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ရရှိထားပြီး ပင်စင်ယူရန် (၃)နှစ်အလို နိုင်ငံ့ဝန်ထမ်းအရေအတွက်မှာ တာဝန်ထမ်းဆောင်ဆဲ နိုင်ငံ့ဝန်ထမ်းအင်အား (၁၁)သိန်း၏ ၁% ကျော်သာရှိသည့်အတွက် တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကိုလည်း နိုင်ငံ့ဝန်ထမ်းများနည်းတူ ယင်းတို့အင်အား၏ ၁% ကျော်အား မော်တော်ယာဉ်တင်သွင်းခွင့်/ဝယ်ယူခွင့် ခွင့်ပြုထားခြင်း ဖြစ်ပါသည်။

၂။ ပြည်သူ့ဝန်ထမ်းနှင့် နိုင်ငံ့ဝန်ထမ်းများအတွက် မော်တော်ယာဉ်ဝယ်ယူခွင့်ပြုရာတွင် ခွင့်ပြုမည့် ငွေပမာဏအား ရာထူးအဆင့်အလိုက် အောက်ပါအတိုင်း ခွင့်ပြုသွားမည်ဖြစ်ပါသည်-

	ရာထူး	**တန်ဖိုး**
(က)	အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်	သိန်း ၅၀၀ နှင့်ညီမျှသော CIF တန်ဖိုး
(ခ)	ဒုတိယညွှန်ကြားရေးမှူးချုပ်	သိန်း ၃၀၀ နှင့်ညီမျှသော CIF တန်ဖိုး
(ဂ)	ညွှန်ကြားရေးမှူး	သိန်း ၃၀၀ နှင့်ညီမျှသော CIF တန်ဖိုး
(ဃ)	ဒုတိယညွှန်ကြားရေးမှူး	သိန်း ၃၀၀ နှင့်ညီမျှသော CIF တန်ဖိုး
(c)	လက်ထောက်ညွှန်ကြားရေးမှူး	သိန်း ၃၀၀ နှင့်ညီမျှသော
	နှင့်အောက်အဆင့်	စက်ရုံထုတ်ရောင်းဈေး

၃။ နောင်နှစ်များတွင်လည်း အောက်တိုဘာလ(၁)ရက်နေ့၌ အသက် (၅၇)နှစ်နှင့်အထက်ရှိလာမည့် ပင်စင်ယူရန် (၃)နှစ်အလိုဖြစ်သော ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ရရှိထားပြီး တာဝန်ထမ်းဆောင်ဆဲ ပြည်သူ့ဝန်ထမ်းနှင့် နိုင်ငံ့ဝန်ထမ်းများအား မော်တော်ယာဉ်တင်သွင်း/ဝယ်ယူခွင့်ကို ထုတ်ပြန်ကြေညာခွင့်ပြုသွားမည်ဖြစ်ပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်းပေါင်း ၅၀၀၀ နီးပါး ဖန်တီးပေးနိုင်မည့် လုပ်ငန်းများ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အစည်းအဝေးက ခွင့်ပြု

နေပြည်တော် စက်တင်ဘာ ၂၉

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၃/၂၀၂၀) ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဆောင်ရွက်ဆဲလုပ်ငန်း လေးခုမှ မတည်ငွေရင်း တိုးမြှင့်ခြင်းအပါအဝင် ကုန်ထုတ်လုပ်မှုကဏ္ဍ၊ အိမ်ရာအဆောက်အအုံကဏ္ဍ၊ ဟိုတယ်နှင့် ခရီးသွားကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍတို့မှ လုပ်ငန်းအသစ် ခုနစ်ခုကို ခွင့်ပြုခဲ့သည်။ အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၃၄၇ ဒသမ ၈၅ သန်းနှင့် ငွေကျပ် ၂၃၄၁၁ ဒသမ ၂၅၅ သန်းရှိပြီး ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၄၉၁၅ နေရာကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

၂၀၂၀ ပြည့်နှစ် သြဂုတ်လကုန်အထိ ရင်းနှီးမြှုပ်နှံမှု အများဆုံးပြုလုပ်သောနိုင်ငံများမှာ စင်ကာပူနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဖြစ်သည်။ နိုင်ငံ/ဒေသပေါင်း ၅၁ ခုမှ စီးပွားရေးကဏ္ဍ ၁၂ ခုတွင် အများဆုံး ရင်းနှီးမြှုပ်နှံထားရှိမှုမှာ လျှပ်စစ်ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၆ ဒသမ ၃၂ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၆ ဒသမ ၂၃ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၃၁ ရာခိုင်နှုန်းဖြင့်လည်းကောင်း ရင်းနှီးမြှုပ်နှံထားကြောင်း သိရသည်။

သတင်းစဉ်

ကိုဗစ် – ၁၉ ကာလအတွင်း စာပေ၊ သတင်းမီဒီယာ၊ ရုပ်ရှင်၊ သဘင်၊ ဂီတနယ်ပယ်တို့မှ အနုပညာရှင်များအတွက် ငွေကျပ်သန်း ၁၅၀ ထောက်ပံ့လျှုဒါန်းမည့်ကိစ္စနှင့်ပတ်သက်၍ အွန်လိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၉

ကိုဗစ် – ၁၉ ကာလအတွင်း စာပေ၊ သတင်းမီဒီယာ၊ ရုပ်ရှင်၊ သဘင်၊ ဂီတနယ်ပယ်တို့မှ အနုပညာရှင်များအတွက် နယ်ပယ်တစ်ခုလျှင် ငွေကျပ်သန်း ၃၀ ဖြင့် နယ်ပယ်ငါးခုအတွက် စုစုပေါင်း ငွေကျပ်သန်း ၁၅၀ ထောက်ပံ့လျှုဒါန်းမည့်ကိစ္စနှင့်ပတ်သက်၍ အွန်လိုင်းအစည်းအဝေးကို ယနေ့ ညနေပိုင်းတွင် ကျင်းပသည်။

တက်ရောက်ဆွေးနွေး

အွန်လိုင်းအစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ စာပေနယ်ပယ်မှ ကိုယ်စားလှယ် ဦးထင်လင်းဦး၊ သတင်းမီဒီယာနယ်ပယ်မှ ဦးကျော်စွာမင်း၊ ဦးမြတ်ခိုင်၊ ဦးချစ်ဝင်းမောင်၊ ဦးဝဏ္ဏ (မာဂျေ)၊ ဦးမြင့်ကျော်၊ ဦးနိုင်မင်းဝေ၊ ဒေါ်နန်းဖော့ဂေ၊ ဒေါ်မေရီဦမ်းချမ်း၊ ဒေါ်တင်ဇာ၊ ဦးဌေးအောင်၊ ဦးခွန်စိုင်းအောင်၊ ရုပ်ရှင်နယ်ပယ်မှ ဦးညီညီထွန်းလွင်၊ ဦးအေးကြူလေး၊ သဘင်နယ်ပယ်မှ မင်းသား ဦးဖိုးချစ်၊ ဦးနေဝင်း၊ ဂီတနယ်ပယ်မှ ဦးဇော်ထူးအောင်၊ ဦးမြင့်မိုးအောင်၊ ဒေါ်ဟေမာနေဝင်း၊ ဦးနိုင်ဇော်၊ ဦးကိုကိုလွင်၊ ဦးကြည်မင်းသိန်း၊ စန္ဒရားသိန်းမြင့်သန်းတို့က နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့ရှိ သက်ဆိုင်ရာနေရာအသီးသီးမှ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ဆွေးနွေးကြသည်။

အစည်းအဝေးတွင် COVID – 19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့်ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် ပြန်ကြားရေးဝန်ကြီးဌာနက ငွေကျပ်သန်း ၁၅၀ ကို ကိုဗစ်ကာလအတွင်း စာပေ၊ သတင်းမီဒီယာ၊ ရုပ်ရှင်၊ သဘင်၊ ဂီတနယ်ပယ်တို့မှ အနုပညာရှင်များအတွက် နယ်ပယ်တစ်ခုလျှင် ငွေကျပ်သန်း ၃၀ ဖြင့် နယ်ပယ်ငါးခုအတွက် စုစုပေါင်း ကျပ်သန်း ၁၅၀ ကို ထောက်ပံ့လျှုဒါန်းရေးနှင့်ပတ်သက်ပြီး ဆောင်ရွက်မည့်အစီအစဉ်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

စာပေနယ်ပယ်တွင် မြန်မာနိုင်ငံ စာရေးဆရာအသင်း၊ မြန်မာနိုင်ငံ စာရေးဆရာများသမဂ္ဂ၊ ကဗျာဆရာသမဂ္ဂ၊ မြန်မာစာရေးဆရာကလပ်၊ အထက်မြန်မာနိုင်ငံ စာရေး ဆရာအသင်း၊ မြန်မာနိုင်ငံ ကာတွန်းဆရာများအသင်း၊ မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းနှင့် မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူ လုပ်ငန်းရှင်များအသင်း၊ သတင်းမီဒီယာနယ်ပယ်တွင် မြန်မာနိုင်ငံ သတင်းမီဒီယာ ကောင်စီ၊ မြန်မာနိုင်ငံ သတင်းစာဆရာအသင်း၊ မြန်မာဂျာနယ်လစ်သမဂ္ဂ၊ မြန်မာဂျာနယ်လစ်ကွန်ရက်၊ BNI၊ အမျိုးသမီးသတင်းစာဆရာများအသင်း၊ အထက်မြန်မာနိုင်ငံ သတင်းစာဆရာအသင်း၊ ရုပ်ရှင်နယ်ပယ်တွင် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ သဘင်နယ်ပယ်တွင် မြန်မာနိုင်ငံ သဘင်အစည်းအရုံး၊ ဂီတနယ်ပယ်တွင် မြန်မာနိုင်ငံ ဂီတအစည်းအရုံး၊ မြန်မာနိုင်ငံ တေးသံရှင်များအသင်း၊ မြန်မာနိုင်ငံ တေးသီချင်းမူပိုင်ရှင်များအသင်း၊ မြန်မာနိုင်ငံ တေးသီချင်းမူပိုင်ထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံ ဂီတပညာရှင်များအသင်း၊ မြန်မာနိုင်ငံအသံပညာရှင်များအသင်း၊ မြန်မာ့ဂီတ အကျိုးစီးပွားကာကွယ်စောင့်ရှောက်ရေးအဖွဲ့တို့မှ အနုပညာရှင်များပါဝင်ကြောင်း သိရသည်။

သန်း ၃၀ စီ ပေးအပ်မည်

ဆွေးနွေးညှိနှိုင်းချက်များအရ စက်တင်ဘာ ၃၀ ရက်တွင် သက်ဆိုင်ရာ နယ်ပယ်အသီးသီးမှ ကိုယ်စားလှယ်များထံ ငွေကျပ် သန်း ၃၀ စီကို လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် ကိုယ်စားလှယ်များမှတစ်ဆင့် စာပေ၊ သတင်းမီဒီယာ၊ ရုပ်ရှင်၊ သဘင်၊ ဂီတနယ်ပယ်တို့မှ စားဝတ်နေရေး အခက်အခဲကြုံတွေ့နေရသော အနုပညာသမားများအား ဆက်လက်ထောက်ပံ့ပေးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ကိုဗစ်-၁၉ ရောဂါအကြောင်း သိကောင်းစရာ အမေး/အဖြေအစီအစဉ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ထုတ်လွှင့်လျက်ရှိ

နေပြည်တော် စက်တင်ဘာ ၂၉

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါအကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်ကို ယနေ့မှစတင်၍ အပတ်စဉ် အင်္ဂါ၊ ဗုဒ္ဓဟူးနှင့် ကြာသပတေးနေ့များတွင် ညနေ ၆ နာရီခွဲမှ ည ၇ နာရီအထိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသလျက်ရှိသည်။

စက်တင်ဘာ ၃၀ ရက်တွင် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်စပ်လျဉ်း၍ နည်းပညာပိုင်းဆိုင်ရာ ကူညီပံ့ပိုး အကြံပြုအားဖြည့်ဆောင်ရွက်နိုင်ရေးအဖွဲ့ဝင် ကျန်းမာရေးပညာရှင်ကြီးများနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူ ကျန်းမာရေးပညာရှင်များဖြစ်သည့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာလှ၊ သွေးရည်ကြည်ကုထုံးကော်မတီဥက္ကဋ္ဌ၊ သွေးရောဂါ အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာရဲမြ၊ ကူးစက်ရောဂါဗေဒအကြံပေးပညာရှင် ပါမောက္ခ ဒေါက်တာစိုးလွင်ငြိမ်း ညွှန်ကြားရေးမှူးချုပ်(အငြိမ်းစား)တို့က ပြည်သူများ သိရှိမေးမြန်းလိုသည့် ကိုဗစ် -၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်စပ်လျဉ်းသည့် မေးခွန်းများ ပြန်လည်ဖြေကြားချက်ကို ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

✻ တောင်ဥက္ကလာပမှ

"အရင်က တိုင်းကျန်းမာရေးက ကားတွေနဲ့လာယူတယ်။ အခုက သင်တန်းတက်ပြီး မြို့နယ်တိုင်းမှာ ယူခွင့်ပေးလိုက်တာပါ။ မြို့နယ်ကျန်းမာရေး ဆရာမနှစ်ယောက် တက်ရပါတယ်။ သူတို့တွေက ယူမှာပါ။ ပြီးတော့မှ NHL ကို ပို့ပေးရမှာ၊ positive တွေ့ရင် လာခေါ်မှာပါ"ဟု တောင်ဥက္ကလာပ မြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဧယျာဝင်းက ပြောသည်။

၁၄ ရက်ထားရှိ

လက်ရှိတွင် တောင်ဥက္ကလာပမြို့နယ်ရှိ စောင့်ကြည့်စခန်းများ၌ စောင့်ကြည့်လူနာဦးရေ ၁၄၀ ကျော်ရှိပြီး ယနေ့တွင် ၆၇ ဦးကို မြို့နယ်အစီအစဉ်ဖြင့် နာခေါင်း၊ အာခေါင်တို့ဖတ်ယူခဲ့ကြောင်း၊ ထိုသူများထဲမှာ Positive အဖြေထွက်သူများကို ဆေးရုံသို့ ပို့ဆောင်မည်ဖြစ်ပြီး Negative အဖြေထွက်သူများကို ကန့်သတ်စောင့်ကြည့်စခန်းများ၌ ၁၄ ရက်ထားရှိကာ သတ်မှတ်ရက်ပြည့်ပါက အိမ်သို့ ပြန်လွှတ်မည်ဖြစ်ကြောင်း ၎င်းကပြောသည်။

မြန်မြန်ခွဲထုတ်နိုင်

"အခုလိုဆောင်ရွက်တာက ပိုးရှိတဲ့သူနဲ့ မရှိတဲ့သူကို မြန်မြန်ခွဲထုတ်နိုင်တယ် လို့ထင်တယ်။ အရင်က ကန့်သတ်စောင့်ကြည့်ပြီး ငါးရက်လောက်ကြာမှ Swab လာယူရတယ်။ အခုက နောက်နေ့ဆို ယူလို့ရပြီ၊ ပို့လိုက်ရုံပဲ။ အဖြေမြန်မြန်ထွက်တော့ ခွဲထားလို့ရတာပေါ့။ မဟုတ်ရင် ကွာရန်တင်းစင်တာထဲမှာ ကူးနေတဲ့ ပုံစံဖြစ်နေမယ်။ အယောက် ၅၀ မှာ နှစ်ယောက်က ပိုးရှိတယ်ဆိုရင် ကျန်တဲ့သူတွေလည်း ကူးသွားနိုင်တယ်။ မြန်မြန်သိတော့ မြန်မြန်ခွဲထုတ်နိုင်တာပေါ့"ဟု ၎င်းကဆက်လက်ပြောသည်။

လူနာအသစ် ထပ်တိုးမရှိ

တောင်ဥက္ကလာပမြို့နယ်အတွင်း ယနေ့အထိ ကိုဗစ်-၁၉ အတည်ပြုလူနာများနှင့် ထိတွေ့သူစောင့်ကြည့်လူနာအသစ် ထပ်တိုးမရှိသေးကြောင်း သိရသည်။

အေးမင်းသူ

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ၏ အကြိမ်(၃၀)မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၉

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ၏ အကြိမ်(၃၀)မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

တက်ရောက်

အစည်းအဝေးသို့ ဗဟိုကော်မတီဥက္ကဋ္ဌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးဦးလှကျော်၊ ဗဟိုကော်မတီဝင် အမြတမ်းအတွင်းဝန်ဦးကျော်မင်းဦးနှင့် အတွင်းရေးမှူး ဦးသက်နိုင်ဦးတို့က နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမမှလည်းကောင်း၊ ကျန်ကော်မတီဝင်များက Zoom Application အသုံးပြု၍ အွန်လိုင်းမှလည်းကောင်း တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက အဖွင့်အမှာစကား ပြောကြားပြီး အတွင်းရေးမှူး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးက အစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ရန် အကြောင်းအရာများအလိုက် ဖတ်ကြားတင်ပြရာ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ဗဟိုကော်မတီဝင်များက သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများအလိုက် ဆွေးနွေးဆောင်ရွက်ကြသည်။

ယနေ့ကျင်းပသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ၏ အကြိမ်(၃၀)မြောက် အစည်းအဝေးတွင် မြေပြင်ကွင်းဆင်းလုပ်ငန်းများ နောင့်နှေးကြန့်ကြာမှုမရှိစေရေးအတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများတွင် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားခြင်းအပေါ် ကန့်ကွက်လွှာတင်သွင်းခြင်းအား စိစစ်ရန် သီးခြားအဖွဲ့ ဖွဲ့စည်းခြင်းဆိုင်ရာကိစ္စ၊ ယခင်ဗဟိုအဖွဲ့က ခွင့်ပြုထားသည့် မြေလွတ်၊ မြေရိုင်းများအား ပြန်လည်အပ်နှံခွင့်ပြုပါရန် လျှောက်ထားလာခြင်းကိစ္စ၊ သတ်မှတ်ထားသော မြေယာဖော်ထုတ်လုပ်ငန်း ဆောင်ရွက်ခွင့်ကာလ လေးနှစ်အား သက်တမ်းတိုးခွင့်ပြုပေးပါရန် ပြန်လည်တင်ပြလာသည့် ကိစ္စရပ်များကိုလည်းကောင်း၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေပုဒ်မ ၂၂ (က) (၃)ပါ ပြဋ္ဌာန်းချက်အရ သတ်မှတ်ကာလ လေးနှစ်ပြည့်မြောက်ခဲ့ပြီးဖြစ်သော မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်ပုံစံ(၂)ဖြင့် လျှောက်ထားမှုကို ခွင့်ပြုပေးထားသည့် မွေးမြူရေးလုပ်ငန်း အသုံးပြုခွင့်ရရှိသူများနှင့် ပုံစံ(၃)ဖြင့် လျှောက်ထား၍ ခွင့်ပြုပေးထားသည့် ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်း အသုံးပြုခွင့် ရရှိထားသူများအပေါ် အမှန်တကယ် ဖော်ထုတ်လုပ်ကိုင်မှု အခြေအနေများကို

ကွင်းဆင်းစစ်ဆေးရန်ကိစ္စ၊ ခွင့်ပြုမိန့်ပျောက်ဆုံးသွားပါ၍ ဒုတိယမိတ္တူ ပြန်လည်လျှောက်ထားခွင့်ပြုပါရန် ကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေးကြသည်။

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ ပုဒ်မ ၂၂ (က) (၃)ပါ ပြဋ္ဌာန်းချက်အရ သတ်မှတ် လေးနှစ်ကာလကျော်လွန်သည်အထိ လုပ်ကိုင်ဆောင်ရွက်နိုင်မှုမရှိပါက အဆိုပါမြေဧရိယာများကို လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ပေးအပ်ထားသည့်စာရင်းမှ နုတ်ပယ်ပြီး အဆိုပါ ဧရိယာများအလိုက် ပေးသွင်းထားသည့် အာမခံကြေးငွေကိုလည်း နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းသွားမည်ဖြစ်ကြောင်း၊ အမှန်တကယ် ဖော်ထုတ်လုပ်ကိုင်ထားသည့် ဧရိယာများအတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ ပုဒ်မ(၁၄)ပါ ပြဋ္ဌာန်းချက်အတိုင်း လုပ်ငန်းအမျိုးအစားအလိုက် သင့်တင့်သည့် မြေခွန်တော်ကင်းလွတ်ခွင့်ပြုထားသည့် ကာလသတ်မှတ်ခြင်း၊ ထိုက်သင့်သော မြေခွန်တော်နှုန်းထားတစ်ရပ် သတ်မှတ်ကောက်ခံခြင်းများဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ရန်ကုန်တိုင်းဒေသကြီး၏ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ကူညီဖြည့်ဆည်း ထောက်ပံ့ပေးနိုင်ရေး ညှိနှိုင်းဆွေးနွေးပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၉

ရန်ကုန်တိုင်းဒေသကြီး၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ကူညီဖြည့်ဆည်း ထောက်ပံ့ပေးနိုင်ရေးကိစ္စများနှင့်စပ်လျဉ်း၍ ယမန်နေ့ နံနက်ပိုင်းတွင် အွန်လိုင်းစနစ်ဖြင့် ညှိနှိုင်းဆွေးနွေးသည်။

အစည်းအဝေးတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အစိုးရ၏ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသ၊ တုံ့ပြန်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေမှုများနှင့် ဆက်လက်၍ အထူးဆောင်ရွက်ပေးနိုင်မည့်ကိစ္စများကို ညှိနှိုင်းဆွေးနွေးမည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ စတင်ဖြစ်ပွားစဉ်ကတည်းက မိမိတို့ဝန်ကြီးဌာနရှိ ဦးစီးဌာနအားလုံးသည် နေပြည်တော်ကောင်စီ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံးတွင် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသ၊ တုံ့ပြန်ရေးလုပ်ငန်းစဉ်များတွင် အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခု ကိုဗစ်-၁၉ ဒုတိယလှိုင်းဖြစ်ပွားချိန်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် ကျယ်ကျယ်ပြန့်ပြန့် ကူးစက်ပြန့်ပွားလျက်ရှိရာ မိမိတို့ဝန်ကြီးဌာနအနေဖြင့် မိမိတို့၏ မူလတာဝန်များနှင့် ဆက်စပ်၍ မည်ကဲ့သို့ ပိုမိုကူညီဆောင်ရွက်ပေးနိုင်မည်ကို ဆွေးနွေးလိုပါကြောင်း၊ ကိုဗစ်-၁၉ အရေးသည် အဓိက ကျန်းမာရေး ကပ်ရောဂါဘေးပြဿနာဟု ဆိုသော်လည်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ထိခိုက်သည်ကို အားလုံး သိရှိပြီးဖြစ်ကြောင်း။

ထို့ကြောင့် လူမှုကာကွယ်စောင့်ရှောက်ရေးနှင့်

ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကိစ္စများနှင့် အထူးဆက်စပ်လျက်ရှိကြောင်း၊ ကြီးမားသောကပ်ဘေးအန္တရာယ် ကျရောက်နေခြင်းဖြစ်သည့်အတွက် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအနေဖြင့် ကမ္ဘာနိုင်ငံများတွင် ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များကို လေ့လာပြီး မိမိတို့ ပုံမှန်ဆောင်ရွက်နေကျ လုပ်ငန်းများအပြင် ထပ်မံအားဖြည့်ဆောင်ရွက်ရမည့် နည်းလမ်းများကို ဆွေးနွေးညှိနှိုင်းဆုံးဖြတ်ကြရန် ဖြစ်ပါကြောင်း၊ ရရှိလာသည့် နည်းလမ်းများကို အကောင်အထည်ဖော်ရန် လုပ်ငန်းစဉ်များ ချမှတ်နိုင်ရေးဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ကာလအတွင်း ကူးစက်ပျံ့နှံ့မှုနှင့်ပတ်သက်၍ တစ်ဦးချင်း ကျန်းမာရေးအသိရရှိစေရန်အတွက် အကြိမ်ကြိမ် အသိပညာပေးခြင်း၊ လိုအပ်သော ရောဂါကာကွယ်ရေးပစ္စည်းများ ပံ့ပိုးခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ထိန်းချုပ်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်း ကန့်သတ်မှုများ တင်းကျပ်စွာ ဆောင်ရွက်နေပြီဖြစ်ရာ ပါဝင်ကူညီကြသည့် စေတနာ့ဝန်ထမ်းများအား သင်တန်းများပေးခြင်း၊ ပံ့ပိုးကူညီခြင်း၊ စိတ်ဓာတ်မြင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ကုသရေးနှင့်ပတ်သက်၍ ယခင်က ရောဂါကူးစက်ခံရသူများအား တိုင်းဒေသကြီးဆေးရုံကြီးများတွင် ကုသပေးရာမှ ယခုအခါ ခရိုင်၊ မြို့နယ်ဆေးရုံးများပါ ကုသမှုပေးရန် ပြောင်းလဲဆောင်ရွက်နေကြပြီဖြစ်ကြောင်း။

ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအနေဖြင့် ဆေးရုံများတွင် ကုသမှုခံယူနေကြသည့် ပြည်သူများကို သဘာဝဘေးအန္တရာယ်ကြောင့် ကယ်ဆယ်ရေးစခန်းများ၌ ရောက်ရှိနေသကဲ့သို့ သဘောထားပြီး ပံ့ပိုးကူညီမှုများ ပေးနိုင်ရေး စဉ်းစားပေးရမည်ဖြစ်ကြောင်း၊ တုံ့ပြန်ရေးလုပ်ငန်းများမှာ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေဖြင့် ဆောင်ရွက်နေသည်များ ရှိပါကြောင်း၊ ထို့ကြောင့် ကိုဗစ်-၁၉ စိန်ခေါ်မှုကို ကျော်လွှားနိုင်ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ပြောင်းလဲဆောင်ရွက်မှုများအရ မိမိတို့ဝန်ကြီးဌာနကလည်း မည်သည့်နည်းလမ်းဖြင့် ပါဝင်အားဖြည့်ဆောင်ရွက်နိုင်မည်ကို ဆွေးနွေးပေးကြရန် ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးက ကိုဗစ်-၁၉ ကာလ အတွင်း ဦးစီးဌာနများအနေဖြင့် မိမိတို့၏ ချမှတ်ထားသော မဟာဗျူဟာများအရ လုပ်ငန်းများဆောင်ရွက်ရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော စည်းကမ်းများ၊ ညွှန်ကြားချက်များကို အသိနှင့်သတိမလွတ်စေဘဲ လိုက်နာဆောင်ရွက်ကြရန် အရေးကြီးကြောင်း၊ လက်ရှိလုပ်ငန်းများအပြင် ကိုဗစ်-၁၉ လုပ်ငန်းစဉ်များ၌ မည်သည့်ကဏ္ဍများတွင် ပိုမိုပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများကို ညှိနှိုင်းဆွေးနွေးကြရန် ပြောကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်များက လူမှုကာကွယ်စောင့်ရှောက်ရေး အထောက်အပံ့များ၊ ဘေးအန္တရာယ်ဆိုင်ရာ ကူညီထောက်ပံ့မှုများ၊ ပြန်လည်ထူထောင်ရေး ထောက်ပံ့မှုများ စသည့် ကဏ္ဍအလိုက်ထောက်ပံ့မှုများ၌ ကိုဗစ်-၁၉ လုပ်ငန်းစဉ်များတွင် ပါဝင်ကူညီနိုင်မည့်ကိစ္စများ၊ လက်ရှိပါဝင်ဆောင်ရွက်မှုနှင့် ထောက်ပံ့မှုများကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးရှိ ဦးစီးဌာန ညွှန်ကြားရေးမှူးများ၊ ခရိုင်ဦးစီးမှူးများ၊ သင်တန်းကျောင်းများ၊ ဂေဟာများရှိ တာဝန်ရှိသူများက ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ ဌာနအလိုက်၊ သင်တန်းကျောင်းများအလိုက် ဆောင်ရွက်ထားရှိမှုများ၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်နိုင်မည့်ကိစ္စများကို တင်ပြကြရာ ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များက ပြန်လည်ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနှင့် ကုသရေး တာဝန်ထမ်းဆောင်နေသော ကျန်းမာရေးဝန်ထမ်းများအတွက် ကမ္ဘောဇာဏ်က အလှူငွေများ လှူဒါန်း

တောင်ကြီး စက်တင်ဘာ ၂၉

ကမ္ဘောဇာဏ်က ရန်ကုန်တိုင်းဒေသကြီးသို့ ကိုဗစ်-၁၉ ရောဂါ ကုသရေးလုပ်ငန်းများ အားဖြည့်ဆောင်ရွက်ရန် သွားရောက်ကြမည့် ကျန်းမာရေးဝန်ထမ်းများအတွက် အလှူငွေများနှင့် စင်စစ်ထွန်းဆေးရုံကြီးသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ယနေ့တွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ ရှမ်းပြည်နယ် ပြည်သူလူထု စားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီရုံး၌ ကျင်းပသည်။

ရှေးဦးစွာ ကမ္ဘောဇအုပ်စု အကြီးတန်းအုပ်ချုပ်မှူးဒါရိုက်တာ ဦးညိုမြင့်က လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး ကျန်းမာရေးဝန်ထမ်းများအတွက် ကိုဗစ်-၁၉ ကာလ အထွေထွေ အသုံးပြုနိုင်ရန် အလှူငွေကျပ်သိန်း ၂၀၀ နှင့် ကိုဗစ်ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများကို ပေးအပ်လှူဒါန်းရာ လူမှုရေးဝန်ကြီး၊ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးနှင့် စင်စစ်ထွန်းဆေးရုံအုပ်ကြီးတို့က လက်ခံရယူကြသည်။

ယနေ့ ကမ္ဘောဇာဏ်၏ လှူဒါန်းမှုများမှာ ရန်ကုန်တိုင်းဒေသကြီးတွင် ကိုဗစ်-၁၉ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် သွားရောက်အားဖြည့်ကြသည့် ရှမ်းပြည်နယ်မှ ကျန်းမာရေးဝန်ထမ်း ၇၀ အတွက် အလှူငွေကျပ် သိန်း ၁၅၀ ၊ စင်စစ်ထွန်းဆေးရုံကြီး ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲရှာဖွေရေးဌာနမှ ကျန်းမာရေးဝန်ထမ်း ၁၅ ဦးအတွက် အလှူငွေကျပ်သိန်း ၅၀၊ စင်စစ်ထွန်းပြည်သူ့ဆေးရုံကြီးသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများဖြစ်သည့် နှာခေါင်းစည်း တစ်သိန်း၊ ခေါင်းစွပ် ၅၀၀၀၊ မျက်နှာအကာ ၂၀၀၀၊ လက်အိတ်အစုံ ၁၀၀၀၀၊ လက်သန့်ဆေးရည် ဘူးကြီး ၅၀၀၊ မျက်မှန် ၁၀၀ နှင့် တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၂၀၀ တို့ဖြစ်ကြောင်း သိရသည်။

ကမ္ဘောဇာဏ်သည် ကိုဗစ်-၁၉ ရောဂါ မဖြစ်ပွားခင်အချိန် ဖေဖော်ဝါရီ ၂၆ ရက်မှစတင်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ငွေကျပ် ၇၃၄၆၆ သိန်း လှူဒါန်းထားကြောင်း သိရသည်။

ကိုကျော်

Coronavirus Disease 2019 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

နေပြည်တော် စက်တင်ဘာ ၂၉

Coronavirus Disease 2019(COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် အလှူငွေများ ပေးအပ်လှူဒါန်းပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနခွဲ ကျင်းပသည်။

ရှေးဦးစွာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းတို့က လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ယခုကဲ့သို့ လှူဒါန်းမှုများသည် ယခု ကိုဗစ်–၁၉ ဖြစ်စဉ်တွင် လူနာများအတွက် အသုံးပြုနိုင်မည်သာမက ရေရှည်တွင် ကျန်းမာရေးစနစ် ပိုမိုခိုင်မာတောင့်တင်းစေမည့် အရင်းအနှီး အထောက်အပံ့များဖြစ်သဖြင့် အကြိမ်ကြိမ် အကျိုးရှိနေမည်ဖြစ်ကြောင်း၊ ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဘဏ္ဍာငွေအရင်းအမြစ်များ မြန်ဆန်စွာ ထုတ်ယူသုံးစွဲနိုင်ရေး ဆောင်ရွက်ပေးနေသည့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနနှင့် ပြည်ပမှ ပံ့ပိုးမှုများကို ချိတ်ဆက်ရယူဆောင်ရွက်ပေးနေသည့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနတို့ကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ထမ်းမိသားစုများကိုယ်စား ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက လှူဒါန်းငွေကျပ် ၈၇၅ သိန်းကို လည်းကောင်း၊သိပ္ပံချန်မိသားစု လူမှုရေးအသင်းကိုယ်စား ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က လှူဒါန်းငွေကျပ် ၈၅ သိန်းကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း – ဒေါ်မာမာဆွေ၊ သား ဦးအောင်ခိုင် – ဒေါ်နှင်းနှင်းရီ၊ ဦးစိုးထွန်း – ဒေါ်မြကြေးမုံ၊ ဒေါက်တာမင်းထင် – ဒေါက်တာသဇင်ဝင်း၊ ဦးအေးချို – ပြည့် မိသားစုက လှူဒါန်းငွေကျပ် သိန်း ၃၀ ကို လည်းကောင်း ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် တိုင်းဒေသကြီး / ပြည်နယ် ညွှန်ကြားရေးမှူးများနှင့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဗီဒီယိုကွန်ဖရင့်ဖြင့် ချိတ်ဆက်ကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၉

လမ်း၊ တံတားများ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် လုပ်ငန်းများ အရှိန်အဟုန်မပြတ် ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီး/ပြည်နယ် ညွှန်ကြားရေးမှူးများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်မှ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

အရှိန်အဟုန်မပျက်ဆောင်ရွက်

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် လမ်း၊ တံတားများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထား ဆောင်ရွက်နေပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် မိမိတို့တာဝန်ယူဆောင်ရွက်နေသော လုပ်ငန်းများ အရှိန်အဟုန်မပြတ် ဆောင်ရွက်ရန်လိုပါကြောင်း၊ ယခုအခါ တစ်နိုင်ငံလုံးကိုဗစ်–၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုများ ဖြစ်ပေါ်နေပါသဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် Coronavirus Disease 2019(COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ ညွှန်ကြားချက်များ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတို့မှ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များကို အထူးအလေးထား လိုက်နာရန် လိုပါကြောင်း၊ သဘာဝဘေးဒဏ်ကြောင့် ပျက်စီးသွားသော လမ်း၊ တံတားများ အမြန်ပြန်လည်ပြုပြင်ပေးရန် လိုပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေးမပြတ်တောက်စေရန် တာဝန်ရှိသူများက အမြဲမပြတ်စစ်ဆေးပေးရန်လိုပါကြောင်း၊ ဘဏ္ဍာရေးနှစ်အလိုက် လုပ်ငန်းဆောင်ရွက်မှု၊ လုပ်ငန်းတိုးတက်မှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြပေးစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းက တိုင်းဒေသကြီး/ပြည်နယ်အတွင်း မိမိတို့ တာဝန်ယူဆောင်ရွက်သောလုပ်ငန်းများ သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ အချိန်မီပြီးစီးရန်အတွက် အထူးအလေးထား ဆောင်ရွက်ရန်လိုပါကြောင်း၊ ရန်ပုံငွေများကို လည်း ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနှင့်အညီ လိုက်နာဆောင်ရွက်ရန်လိုပါကြောင်း၊ လမ်း၊ တံတားများ တည်ဆောက်ရေးလုပ်ငန်းများကို တိုင်းဒေသကြီး/ပြည်နယ်အစိုးအရအဖွဲ့၏ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် ကချင်ပြည်နယ် လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး၊ ချင်းပြည်နယ် လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး၊ စစ်ကိုင်းတိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး၊ မကွေးတိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး၊ ကယားပြည်နယ် လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး၊ ရခိုင်ပြည်နယ် လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးတို့က လုပ်ငန်းဆောင်ရွက်ထားရှိမှု၊ လုပ်ငန်းတိုးတက်မှုနှင့် လုပ်ငန်းပြီးစီးမှုတို့ကို လည်းကောင်း၊ လုပ်ငန်းခွင်များတွင် ကိုဗစ်–၁၉ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကိုလည်းကောင်း Power Point ဖြင့် ရှင်းလင်းတင်ပြပြီး လုပ်ငန်းဆောင်ရွက်မှုနှင့် လုပ်ငန်းပြီးစီးမှုတို့ကို Video Clip ဖြင့် ပြသသည်။

ထို့နောက် တိုင်းဒေသကြီး/ပြည်နယ် ညွှန်ကြားရေးမှူးများ၏ ရှင်းလင်းတင်ပြချက်များအပေါ် အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်တို့က လုပ်ငန်းလိုအပ်ချက်များ အကြံပြု ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က အဆောက်အအုံ၊ လမ်း၊ တံတား၊ မြို့ပြအိမ်ရာကဏ္ဍနှင့် ကျေးလက်လမ်း၊ တံတားများ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာပါကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများ အချိန်မီပြီးစီးရန် လိုအပ်သလို စံချိန်စံညွှန်း အရည်အသွေးကောင်းမွန်ရန်လိုပါကြောင်း၊ လမ်း ၊ တံတားများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့် အညီ ကုန်စည်စီးဆင်းမှုများ သွက်လက် မြန်ဆန်လာမည်ဖြစ်ပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေး မပြတ်တောက်စေရေး တာဝန်ရှိသူအဆင့်ဆင့်က အမြဲမပြတ် ကြီးကြပ်ဆောင်ရွက်ပေးစေလိုကြောင်း၊ အခါအားလျော်စွာ ရုံးချုပ်မှ ညွှန်ကြားချက်များကိုလည်း လိုက်နာရန်လိုပါကြောင်း၊ ပြည်သူများအတွက် ဒေသဖွံ့ဖြိုးရေးနှင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန် ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ မမျှော်လင့်သော ဘေးအန္တရာယ်အမျိုးမျိုး ကြုံတွေ့လာနိုင်သည်ကိုလည်း အထူးဂရုပြု ဆောင်ရွက်ရန်လိုပါကြောင်း၊ ယခုအချိန်အခါသည် ကိုဗစ်–၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုနှုန်း မြင့်မားနေသည့်အတွက် Coronavirus Disease 2019 (COVID – 19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟို ကော်မတီနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတို့မှ ထုတ်ပြန်ထားသည့် အမိန့်၊ ညွှန်ကြားချက်၊ စည်းမျဉ်းစည်းကမ်းများကို တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့တို့၏ လမ်းညွှန်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်တို့ကို မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ကလေးပြုစုရေးဌာနများနှင့် ဝန်ကြီးဌာနအသီးအမှတ်ပြု ဘိုးဘွားရိပ်သာများ၌ အသုံးပြုရန် ငွေကျပ် သိန်း ၁၀၀ တန်ဖိုးရှိ ကျန်းမာရေးအကာအကွယ်သုံးပစ္စည်းများ လှူဒါန်း

နေပြည်တော် စက်တင်ဘာ ၂၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနရှိ ကလေးပြုစုရေးဌာနများနှင့် ဝန်ကြီးဌာနအသီးအမှတ်ပြု ဘိုးဘွားရိပ်သာများတွင် အသုံးပြုရန် ငွေကျပ် သိန်း ၁၀၀ တန်ဖိုးရှိ ကျန်းမာရေးအကာအကွယ်သုံးပစ္စည်းများကို ဗိုလ်ချုပ်မောင်မောင်ဆွေ (ငြိမ်း)နှင့် ဇနီး ဗိုလ်ကြီး ဒေါ်တင်တင်ရွှဲ (ငြိမ်း) မိသားစုတို့က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန သို့ယနေ့နံနက်ပိုင်းတွင် လာရောက်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး လက်ခံရယူသည်။

အလှူရှင် ဗိုလ်ချုပ် မောင်မောင်ဆွေ(ငြိမ်း)က ကိုယ်ခံအားနည်းပါးကြသည့် သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များနှင့် ပြုစုစောင့်ရှောက်နေကြသူများအတွက် ကိုဗစ်–၁၉ ကာလအတွင်း အရည်အသွေးပြည့်ဝသော ကျန်းမာရေးသုံးအကာအကွယ်ပစ္စည်းများ အလုံအလောက် ရရှိရန် ရည်ရွယ်လှူဒါန်းခြင်းဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ယခုကဲ့သို့ ကိုဗစ်–၁၉ ပျံ့နှံ့ ဖြစ်ပွားနေချိန်၌ ဤဌာနများတွင် ပြုစုစောင့်ရှောက်ခံရသူများနှင့် ပြုစုစောင့်ရှောက်သူများအားလုံး တစ်ဦးချင်းအတွက် လုံခြုံစိတ်ချရရေးသည် အရေးကြီးပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအပါအဝင် တစ်နိုင်ငံလုံးအတိုင်းအတာအတွက် အသိ၊ သတိဖြင့် တာဝန်ယူ ဆောင်ရွက်နေကြရာ လိုအပ်ချက်များစွာရှိပါကြောင်း၊ ယခုကဲ့သို့ လိုအပ်မှုများပြားချိန်တွင် ပြည်သူများက ပူးပေါင်းကူညီ ဆောင်ရွက်ခြင်းကို တာဝန်ရှိဝန်ကြီးဌာနအနေဖြင့် အကောင်းဆုံးအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ကျေးဇူးတင်ရှိပါကြောင်း ပြန်လည်ပြောကြားပြီး လှူဒါန်းမှုအတွက် ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

✪ ကျောဖုံးမှ

ပြီးခဲ့သည့်ပွဲတွင် ဟံသာဝတီကို အနိုင်ကစားခဲ့သည့် မကွေးအသင်းသည် ပွဲစကတည်းက တိုက်စစ်မြှင့်ကစားခဲ့ပြီး ၂၁ မိနစ်တွင် အဖွင့်ဂိုးရခဲ့သည်။ မကွေးအသင်းအတွက် အဖွင့်ဂိုးကို အသင်းခေါင်းဆောင် နိုင်နိုင်ကျော်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ငါးမိနစ်အကြာတွင် မကွေးအသင်း ပင်နယ်တီကန်ခွင့်ရခဲ့ပြီး ပြည်မိုးက အမှားအယွင်းမရှိ ကန်သွင်းခဲ့သောကြောင့် ဒုတိယဂိုး ထပ်မံရရှိခဲ့သည်။ စစ်ကိုင်းအသင်းသည် ကွင်းလယ်နှင့် တိုက်စစ်ချိတ်ဆက်ရာတွင် အားနည်းချက်များရှိသောကြောင့် တိုက်စစ်ကစားပုံ အားနည်းခဲ့ပြီး ၃၈ မိနစ်မှ ချေပဂိုးတစ်ဂိုး ပြန်ရကာ ပက်ထရစ်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင်လည်း မကွေးအသင်းကသာ ဆက်လက်ဖိကစားနိုင်ခဲ့ပြီး ဂိုးသွင်းခွင့်များစွာရရှိခဲ့သည်။ တိုက်စစ်မှူးပြည်မိုးက ၄၈၊ ၇၅ မိနစ်တွင် နှစ်ဂိုးထပ်မံသွင်းယူကာ ဟက်ထရစ်ရခဲ့သည်။ စစ်ကိုင်းအသင်းသည် ကစားသမားများ ပြောင်းလဲကာ တိုက်စစ်မြှင့်သော်လည်း ချေပဂိုးထပ်မရဘဲ ရှုံးပွဲနှင့် ရင်ဆိုင်ခဲ့ရသည်။

ဒုတိယနေ့ကို စက်တင်ဘာ ၃၀ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး YUSC ကွင်း၌ အား/ကာသိပ္ပံအသင်းနှင့် ရန်ကုန်အသင်း၊ သုဝဏ္ဏကွင်း၌ Southern အသင်းနှင့် ရခိုင်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း – ရွှိုင်းထက်ဇော်
ဓာတ်ပုံ – ဘုန်းသော်

စောစောစီးစီး ကုသမှုခံယူ

တတ်နိုင်သမျှ ရောဂါရှိတာကို စောစောစီးစီးတွေ့နိုင်အောင် လုပ်လို့ရှိရင် ပိုပြီးတော့ ကုသမှုမှာ ထိရောက်နိုင်ပါတယ်။ အခု ဘာတွေ့ရသလဲဆိုတော့ တချို့တွေက ရောဂါဖြစ်တယ်လို့ထင်ရင် အိမ်မှာကိုယ့်ဘာသာကိုယ် ကုဖို့ကြိုးစားကြတဲ့သူတွေရှိတယ်ဆိုတာ ကျွန်မတို့ တွေ့ရပါတယ်။ အိမ်မှာ ဆေးမြီးတိုလေးနဲ့ ကုလို့မရတဲ့အခါကျမှ ဆေးရုံကို သွားတာမျိုးတွေရှိပါတယ်။ အဲဒါဆိုရင် သိပ်ပြီးတော့နောက်ကျသွားပါတယ်။ ထိထိရောက်ရောက် ကုသပေးဖို့ဟာ နောက်ကျသွားပါတယ်။ ဒါကြောင့်မို့ အရေးကြီးတာက စောစောစီးစီး ကုသမှုခံယူဖို့ပဲ ဖြစ်ပါတယ်။

(Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စက်တင်ဘာလ ၂၅ ရက်နေ့တွင် ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့် စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

COVID–19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၉–၉–၂၀၂၀) ရက်နေ့၊ နေ့လယ် (၃:၀၀)နာရီ

၁။ (၂၇–၉–၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၈–၉–၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း တွေ့ရှိခဲ့သည့် ဓာတ်ခွဲအတည်ပြုလူနာ (၈၉၆) ဦး၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် –

စဉ်	တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော်	မြို့နယ်	အတည်ပြု လူနာ (ဦးရေ)
၁	ရန်ကုန်တိုင်းဒေသကြီး	မင်္ဂလာဒုံမြို့နယ်	၇၈
		ကမာရွတ်မြို့နယ်	၅၁
		ဒေါပုံမြို့နယ်	၃၉
		လှိုင်မြို့နယ်	၃၈
		မြောက်ဥက္ကလာပမြို့နယ်	၃၅
		ပန်းဘဲတန်းမြို့နယ်	၃၄
		လမ်းမတော်မြို့နယ်	၃၀
		ရွှေပြည်သာမြို့နယ်	၃၀
		စမ်းချောင်းမြို့နယ်	၃၀
		သန်လျင်မြို့နယ်	၂၈
		လှိုင်သာယာမြို့နယ်	၂၇
		ဒဂုံမြို့နယ်	၂၆
		ကြည့်မြင်တိုင်မြို့နယ်	၂၅
		တာမွေမြို့နယ်	၂၅
		ရန်ကင်းမြို့နယ်	၂၀
		တောင်ဥက္ကလာပမြို့နယ်	၁၈
		မရမ်းကုန်းမြို့နယ်	၁၆
		မင်္ဂလာတောင်ညွှန့်မြို့နယ်	၁၃
		မှော်ဘီမြို့နယ်	၁၃
		သဃန်းကျွန်းမြို့နယ်	၁၂
		အလုံမြို့နယ်	၁၁
		ဒဂုံဆိပ်ကမ်းမြို့နယ်	၁၁
		အင်းစိန်မြို့နယ်	၉
		ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်	၉
		ပုဇွန်တောင်မြို့နယ်	၈
		သာကေတမြို့နယ်	၈
		ဒဂုံမြို့နယ်	၈
		ဝိုလ်တထောင်မြို့နယ်	၈
		ဗဟန်းမြို့နယ်	၇
		ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်	၇
		လသာမြို့နယ်	၆
		ခရမ်းမြို့နယ်	၆
		ထန်းတပင်မြို့နယ်	၅
		ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်	၄
		ဆိပ်ကြီးခရေတိုမြို့နယ်	၃
		သုံးဂွမြို့နယ်	၃
		ကျောက်တံတားမြို့နယ်	၂
		တွံတေးမြို့နယ်	၁
		စုစုပေါင်း	**၇၀၄**
၂	ရခိုင်ပြည်နယ်	စစ်တွေမြို့နယ်	၁၄
		ကျောက်ဖြူမြို့နယ်	၁၁
		ကျောက်တော်မြို့နယ်	၁၁
		မောင်တောမြို့နယ်	၃
		ပေါက်တောမြို့နယ်*	၃
		မြောက်ဦးမြို့နယ်	၂
		ဘူးသီးတောင်မြို့နယ်	၂
		စုစုပေါင်း	**၄၆**
၃	ဧရာဝတီတိုင်းဒေသကြီး	ဖျာပုံမြို့နယ်	၁၃
		ပန်းတနေ့်မြို့နယ်	၄
		ဒေးဒရဲမြို့နယ်	၄
		မဒူပင်မြို့နယ်	၃
		အိမ်မဲမြို့နယ်	၂
		ဓနုဖြူမြို့နယ်	၂
		ကျုံပျော်မြို့နယ်**	၁
		စုစုပေါင်း	**၂၉**
၄	မန္တလေးတိုင်းဒေသကြီး	မလှိုင်မြို့နယ်	၆
		ရမည်းသင်းမြို့နယ်	၄
		အမရပူရမြို့နယ်	၂
		ပြည်ကြီးတံခွန်မြို့နယ်	၂
		မဟာအောင်မြေမြို့နယ်	၁
		အောင်မြေသာဇံမြို့နယ်	၁
		ပြင်ဦးလွင်မြို့နယ်	၁
		စုစုပေါင်း	**၁၇**
၅	ပဲခူးတိုင်းဒေသကြီး	ပဲခူးမြို့နယ်	၂၄
		မင်းလှမြို့နယ်	၇
		ဒိုက်ဦးမြို့နယ်	၅
		သဲကုန်းမြို့နယ်	၄
		နတ်တလင်းမြို့နယ်	၃
		ဖြူးမြို့နယ်	၃
		ဒီးကုန်းမြို့နယ်	၃
		ကဝမြို့နယ်	၂
		ကျောက်တံခါး	၂
		သာယာဝတီမြို့နယ်	၂
		ပြည်မြို့နယ်	၂
		အုတ်ဖိုမြို့နယ်	၁
		တောင်ငူမြို့နယ်	၁
		သနပ်ပင်မြို့နယ်	၁
		စုစုပေါင်း	**၆၀**
၆	မွန်ပြည်နယ်	မော်လမြိုင်မြို့နယ်	၆
		ကျိုက်ထီးမြို့နယ်	၂
		မုဒုံမြို့နယ်	၂
		ရေးမြို့နယ်	၁
		စုစုပေါင်း	**၁၁**
၇	ပြည်ထောင်စုနယ်မြေ နေပြည်တော်	ဇမ္ဗူသီရိမြို့နယ်	၆
		ပျဉ်းမနားမြို့နယ်	၁
		ဒက္ခိဏာသီရိမြို့နယ်	၁
		စုစုပေါင်း	**၈**
၈	ကရင်ပြည်နယ်	မြဝတီမြို့နယ်	၂
		စုစုပေါင်း	**၂**
၉	မကွေးတိုင်းဒေသကြီး	မင်းလှမြို့နယ်	၁
		မြို့သစ်မြို့နယ်	၁
		ရေနံချောင်းမြို့နယ်	၁
		စုစုပေါင်း	**၃**
၁၀	ချင်းပြည်နယ်	မင်းတပ်မြို့နယ်	၁၆
		စုစုပေါင်း	**၁၆**
		(၂၇–၉–၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း	**၈၉၆**

* ပေါက်တောမြို့နယ်မှ (၂)ဦးသည် ရန်ကုန်မြို့တွင် ဆေးကုသမှုခံယူလျက်ရှိသူများ ဖြစ်ပါသည်။

** ကျုံပျော်မြို့နယ်မှ (၁) ဦးသည် ရန်ကုန်မြို့တွင် အသွားအလာကန့်သတ်ထားရှိသူဖြစ်ပါသည်။

မှတ်ချက်။ (၂၈–၉–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအချိန်တွင် ထုတ်ပြန်ကြေညာခဲ့သော (၂၈–၉–၂၀၂၀) ရက်နေ့တွင် တွေ့ရှိခဲ့သည့် ဓာတ်ခွဲအတည်ပြုလူနာသစ်စုစုပေါင်း (၈၉၇) ဦး၏ ဓာတ်ခွဲနမူနာများအနက် တစ်ခုသည် ဒုတိယအကြိမ် ထပ်မံစစ်ဆေးသည့် ဓာတ်ခွဲနမူနာ ဖြစ်သဖြင့် (၂၈–၉–၂၀၂၀) ရက်နေ့၏ ဓာတ်ခွဲအတည်ပြုလူနာသစ်မှာ (၈၉၆) ဦးသာ ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၂၈–၉–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၁,၁၆၃၀) ဦးရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

COVID–19 ရောဂါ ကာကွယ်ဖို့ မိမိမှစ၍ စည်းကမ်းများကို လိုက်နာစို့

ကိုဗစ်-၁၉ အကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ စက်တင်ဘာ ၂၉ ရက် ညနေ ၆ နာရီခွဲတွင် ထုတ်လွှင့်ပြသခဲ့သည့် ကိုဗစ်-၁၉ အကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်ကို ပြည်သူများသိရှိနိုင်ရန်အတွက် ပြန်လည်ဖော်ပြလိုက်ပါသည် -

ကိုဗစ်-၁၉ ရောဂါအကြောင်း သိကောင်းစရာနှင့်စပ်လျဉ်း၍ ပါမောက္ခ ဒေါက်တာကျော်မြင့်၊ ပါမောက္ခ ဒေါက်တာညွှန့်သိန်း၊ ဒေါက်တာသန္တာလွင်နှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတို့ အွန်လိုင်းဆွေးနွေးပွဲကျင်းပစဉ်။

အစီအစဉ်မှူး။ ။ ၂၀၁၉ ခုနှစ် နှစ်ကုန်ပိုင်းကစလို့ ကမ္ဘာတစ်ဝန်းမှာ စတင်ဖြစ်ပွားခဲ့တဲ့ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါဟာ မြန်မာနိုင်ငံမှာလည်း လွန်ခဲ့တဲ့ ၂၀၂၀ ပြည့်နှစ် မတ်လ ၂၃ ရက်မှာ စတင်တွေ့ရှိပျံ့နှံ့လာခဲ့ပြီး ဖြစ်ပါတယ်။

ယခုလက်ရှိမှာလည်း ရန်ကုန်တိုင်းဒေသကြီးမှာ ကူးစက်ပြန့်ပွားမှု များပြားလာတဲ့အတွက် ကျွန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက တင်းတင်းကျပ်ကျပ် စည်းကမ်းတွေ သတ်မှတ်ဆောင်ရွက်နေခဲ့တာကို ပြည်သူတွေအားလုံးလည်း သိရှိကြပြီး ဖြစ်ပါတယ်။

ဒါနဲ့ပတ်သက်လို့ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ ဥက္ကဋ္ဌဖြစ်တဲ့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က "နိုင်ငံတော်အစိုးရအနေနဲ့ လေးလေးနက်နက်ထားပြီး ပြည်သူတွေရဲ့ ကျန်းမာရေးအတွက်၊ ပြည်သူတွေရဲ့ လုံခြုံရေးအတွက် အတတ်နိုင်ဆုံး လုပ်ဆောင်ပေးနေပါတယ်။ ကိုဗစ်-၁၉ ရောဂါနဲ့ပတ်သက်လို့ ကျန်းမာရေးဝန်ကြီးဌာနက ဝန်ထမ်းတွေရော၊ စေတနာ့ဝန်ထမ်းတွေရော အတတ်နိုင်ဆုံး ကြိုးစားပြီးလုပ်ဆောင်နေကြပါတယ်။ အတည်ပြုလူနာအရေအတွက်က များလာတဲ့အခါမှာ မပြည့်စုံတာတွေ ရှိခဲ့ရင်လည်း သည်းခံပေးကြစေချင်ပါတယ်။ ယခုလည်း နည်းပညာပိုင်းဆိုင်ရာ ကူညီပံ့ပိုး အားဖြည့်ပေးရေးအဖွဲ့ဆိုပြီး ကျန်းမာရေးဝန်ကြီး(အငြိမ်းစား) ပါမောက္ခ ဒေါက်တာကျော်မြင့် ဦးဆောင်တဲ့အဖွဲ့ကို ဖွဲ့လိုက်ပါတယ်။ ပါမောက္ခကြီးတွေ၊ အငြိမ်းစား ပါမောက္ခကြီးတွေ၊ သမားတော်ကြီးတွေ ဝင်လာပြီး လုပ်ပေးတယ်ဆိုတာ အင်မတန်မှ အားရစရာ ကောင်းပါတယ်။" ဆိုပြီးတော့ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလ ၂၀ ရက်နေ့က နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုနောက်ဆုံးအခြေအနေနဲ့စပ်လျဉ်းပြီး ပြည်သူတွေကို အစီရင်ခံတင်ပြတဲ့ မိန့်ခွန်းမှာ ပြောကြားခဲ့တာကို မိဘပြည်သူများလည်း ကြားသိခဲ့ရပြီး ဖြစ်ပါတယ်။ ယခုဆိုရင် ဆရာကြီး ပါမောက္ခဒေါက်တာကျော်မြင့် ဦးဆောင်တဲ့ နည်းပညာကူညီပံ့ပိုးအားဖြည့်ပေးရေးအဖွဲ့ဟာလည်း အွန်လိုင်းကနေ တစ်ဆင့် စတူဒီယိုထဲမှာ ရောက်ရှိနေကြပြီ ဖြစ်ပါတယ်။

ဒီနေ့ဆွေးနွေးမှုမှာ ဦးဆောင်ဆွေးနွေးသူအဖြစ် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနိမ်နင်းရေး) ဒေါက်တာသန္တာလွင်က ဆောင်ရွက်ပေးမှာဖြစ်ပြီး နည်းပညာကူညီပံ့ပိုးအားဖြည့်ပေးရေးအဖွဲ့ အဖွဲ့ခေါင်းဆောင်ဖြစ်တဲ့ ဆရာကြီး ပါမောက္ခဒေါက်တာကျော်မြင့်နဲ့အတူ ဆရာကြီး ဂုဏ်ထူးဆောင်ပါမောက္ခ ဒေါက်တာညွှန့်သိန်းတို့ကလည်း ပါဝင်ဆွေးနွေးပေးသွားကြမှာ ဖြစ်ပါတယ်။

ဆရာကြီး/ဆရာမကြီးတို့ အားလုံး မဂ်လာပါ။ ဒီနေ့ဆွေးနွေးမှုမှာပါဝင်ပြီး ဆွေးနွေးပေးတဲ့အတွက် ဆရာကြီး/ဆရာမကြီးတို့အားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားချင်ပါတယ်။ ဆွေးနွေးမှုတွေစတင်ဖို့အတွက် ဆရာမကြီးကနေ စတင်ပြီး ဆွေးနွေးပေးဖို့အတွက် ဖိတ်ခေါ်ပါတယ်။

ဒေါက်တာသန္တာလွင်။ ။ မဂ်လာပါ ရှင်။ ဒီကနေ့ MRTV မှ ထုတ်လွှင့်တဲ့ အစီအစဉ်အသစ်တစ်ခုဖြစ်တဲ့ ကမ္ဘာ့ကပ်ရောဂါအသွင် ဖြစ်ပွားနေတဲ့ ကိုဗစ်-၁၉ ရောဂါနဲ့ပတ်သက်ပြီး ကျွန်မတို့အနေနဲ့ ဆောင်ရွက်ထားမှုတွေကိုလည်း ဆွေးနွေးနိုင်တယ်၊ မေးမြန်းတဲ့ ပြည်သူတွေက သိရှိလိုလို့ မေးမြန်းတာတွေကိုလည်း ဖြေကြားပေးဖို့အတွက် အစီအစဉ်တစ်ရပ်ကို ပါဝင်ခွင့်ရတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဦးဆောင်ဆွေးနွေးသူအဖြစ်နဲ့ ကျွန်မနဲ့အတူ ဆရာကြီးနှစ်ယောက်ရှိပါတယ်။ ယခုစက်တင်ဘာလ ၂၀ ရက်ကစတင်ပြီး ဗဟိုကော်မတီက အဖွဲ့ဖွဲ့စည်းပေးခဲ့တဲ့ နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးအကြံပြု အားဖြည့်ဆောင်ရွက်ရေးအဖွဲ့ရဲ့ ခေါင်းဆောင်ဖြစ်တဲ့ ကျန်းမာရေးဝန်ကြီးဌာန အငြိမ်းစားဝန်ကြီး ပါမောက္ခဒေါက်တာကျော်မြင့်နဲ့ အဖွဲ့ဝင်ဖြစ်တဲ့ ဆရာကြီး ဂုဏ်ထူးဆောင်ပါမောက္ခ ဒေါက်တာညွှန့်သိန်းတို့ရှိပါတယ်။ ဆရာကြီး ဒေါက်တာကျော်မြင့်ကို ကျွန်မစတင်ပြီး မေးမြန်းချင်ပါတယ်။ ဆရာကြီးတို့အဖွဲ့အနေနဲ့ စက်တင်ဘာလ ၂၀ ရက်နေ့ကစတင်ပြီး ဖွဲ့စည်းပြီးတဲ့ နောက်မှာ စတင်ဆောင်ရွက်ထားတဲ့ ကိစ္စလေးတွေကို ဆရာကြီးအနေနဲ့ တင်ပြဆွေးနွေးပေးစေချင်ပါတယ်။

ပါမောက္ခဒေါက်တာကျော်မြင့်။ ။ ကျေးဇူးတင် ပါတယ်ခင်ဗျာ။ ယခုကဲ့သို့ ကျွန်တော်တို့ ပြည်သူလူထုကို ကိုဗစ်ရောဂါနဲ့စပ်လျဉ်းပြီး ပြောပြခွင့်ရတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်။ ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဖြစ်ပွားသော ကိုဗစ်-၁၉ ကူးစက်ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနဲ့ စပ်လျဉ်း၍ လိုအပ်သည်များ အကြံပြုနိုင်ရန်အတွက် နည်းပညာပိုင်းဆိုင်ရာ ကူညီပံ့ပိုး အကြံပြုအားဖြည့်ဆောင်ရွက်နိုင်ရေးအဖွဲ့ကို ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီက စက်တင်ဘာလ ၂၀ ရက်နေ့မှာ ထုတ်ပြန်ခဲ့ပါတယ်။

ဒီအဖွဲ့မှာ ခေါင်းဆောင်အဖြစ် ကျွန်တော် ပါဝင်ပါတယ်။ ကျွန်တော်က ကျန်းမာရေးဝန်ကြီးဌာန အငြိမ်းစားဝန်ကြီး ဖြစ်ပါတယ်။ အဲဒီနောက် ဂုဏ်ထူးဆောင် ပါမောက္ခ ဒေါက်တာညွှန့်သိန်း(အငြိမ်းစား) ဆေးပညာဌာနဖြစ်ပါတယ်။ ဒေါက်တာဝင်းခြင့် ဒုတိယဝန်ကြီး (အငြိမ်းစား) ကျန်းမာရေးဝန်ကြီးဌာနဖြစ်ပါတယ်။ နောက် ပါမောက္ခဒေါက်တာမြင့်ဟန် ညွှန်ကြားရေးမှူးချုပ်(အငြိမ်းစား) ဖြစ်ပါတယ်။ နောက်တစ်ယောက်က ပါမောက္ခ ဒေါက်တာ ဦးစိုးလွင်ငြိမ်း ညွှန်ကြားရေးမှူးချုပ်(အငြိမ်းစား) ဖြစ်ပါတယ်။ နောက်တစ်ယောက်က ဒေါက်တာဦးသန်းဝင်း ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ကုသရေးဦးစီးဌာန(အငြိမ်းစား)ဖြစ်ပါတယ်။ နောက်တစ်ဦးက ပါမောက္ခ ဒေါက်တာဦးရဲမြ သွေးရောဂါကုဌာနမှာ ပါမောက္ခ/ဌာနမှူးအပြင် လက်ရှိကိုဗစ်ရောဂါ ကုသရေးမှာ ပါဝင်လုပ်ရှားနေတဲ့ ပုဂ္ဂိုလ်တစ်ဦး ဖြစ်ပါတယ်။ နောက်ဆုံးတစ်ယောက်က ပါမောက္ခ ဒေါက်တာထင်အောင်စော ဖြစ်ပါတယ်။ သူက မြန်မာနိုင်ငံ ဆရာဝန်အသင်း ဗဟိုဥက္ကဋ္ဌ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပဏာမအားဖြင့် ဒီလောက်နဲ့ ရပ်နားပါမယ်။

ဒေါက်တာသန္တာလွင်။ ။ ဆက်လက်ပြီးတော့ ကျွန်မတို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကို ပေးပို့ထားတဲ့ မေးခွန်းတွေထဲကနေပြီး တူရာ၊ တူရာ မေးခွန်းအချို့ကို စုစည်းပြီး ကျွန်မတို့ ယခုရတဲ့ အချိန်လေးအတွင်းမှာ ဖြေကြားသွားဖို့ ဖြစ်ပါတယ်။

ပထမဆုံး အလွန်အမေးများတဲ့ မေးခွန်းတစ်ခုကတော့ ကျွန်မတို့နိုင်ငံမှာ ကိုဗစ်-၁၉ ရောဂါကို မတ်လ/ဧပြီလတွေတုန်းက စတင်ပြီး မတ်လမှာ စတင်ခံစားခဲ့ရပြီး မတ်လ/ဧပြီလတုန်းက အဲဒီလောက် လူနာတွေ မများဘဲနဲ့ ကောင်းကောင်းထိန်းသိမ်းနိုင်ခဲ့တယ်။ ယခု သြဂုတ်လ အလယ်ကစပြီးတော့ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု များပြားလာတယ်ဆိုတာကို တွေ့ရပါတယ်။ ထိန်းသိမ်းရတာလည်း ခက်ခဲနေတယ်လို့ ယူဆရပါတယ်။ အဲဒီဟာ ဘာကြောင့်ပါလဲ ဆိုတဲ့ မေးခွန်းကို မေးထားပါတယ်ရှင့်။

အဲဒီမေးခွန်းကိုတော့ ကျွန်မကပဲ ဖြေကြားပေးပါမယ်။ ကျွန်မတို့ နိုင်ငံအနေနဲ့ တရုတ်နိုင်ငံ ဝူဟန်မြို့မှာ ကိုဗစ်ရောဂါ စတင်ဖြစ်ပွားစဉ်ကတည်းက ကြိုတင်ပြင်ဆင်မှုတွေကို ဇန်နဝါရီလ ၅ ရက်နေ့တည်းက စတင်ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ အဲဒီနောက်မှာ ၂၀၂၀ ပြည့်နှစ် မတ်လ ၂၃ ရက်မှာ ပထမဦးဆုံးသော လူနာကို ကျွန်မတို့နိုင်ငံမှာ စတင်တွေ့ရှိခဲ့ပါတယ်။ ဒီလိုဆောင်ရွက်မှုတွေ အတွက် ကျွန်မတို့ နိုင်ငံအနေနဲ့ ဦးဆောင်ပြီး လမ်းညွှန်ဆောင်ရွက်နိုင်ဖို့အတွက် လိုအပ်တဲ့ မူဝါဒတွေ၊ နည်းဗျူဟာတွေ၊ ချမှတ်ပြီးတော့ ပံ့ပိုးဆောင်ရွက်မှုတွေကို ဦးဆောင်လမ်းညွှန်နိုင်ဖို့အတွက် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီကိုလည်း ၁၃-၃- ၂၀၂၀ ရက်မှာ ဖွဲ့စည်းခဲ့တာ ဖြစ်ပါတယ်။

ထို့နောက်မှာ ကျွန်မတို့အနေနဲ့ မူဝါဒတွေ ချမှတ်ပြီး၊ နည်းဗျူဟာတွေချမှတ်ပြီး ဆောင်ရွက်ခဲ့တာဖြစ်တဲ့အတွက် ကျွန်မတို့အနေနဲ့ ရှာဖွေတွေ့ရှိလာတဲ့ လူနာတွေကို ကုသနိုင်ဖို့အတွက် ခွဲခြားပြီးတော့မှ ကုသနိုင်သလို ဒီလူနာတွေရဲ့ အတူနေ မိသားစုတွေ၊ ထိတွေ့ဖူးတဲ့သူတွေ ဒီလူတွေအကုန်လုံးကိုလည်း ရှာဖွေပြီး သူတို့ရဲ့ ခရီးသွားလာမှုကို ကန့်သတ်ထိန်းချုပ်တဲ့ Quarantine စင်တာတွေမှာ ထားရှိနိုင်ပြီးတော့ ထိန်းချုပ်နိုင်ဖို့အတွက် ကြိုးစားခဲ့ပါတယ်။ တကယ့်နည်းဗျူဟာက ထိန်းချုပ်နိုင်တဲ့ နည်းဗျူဟာကို ကျွန်မတို့ စတင်ကျင့်သုံးခဲ့တဲ့နေရာမှာ အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်းနဲ့ ဝင်ရောက်တာ တွေကအစ ထိန်းချုပ်ဆောင်ရွက်နိုင်ခဲ့ပါတယ်။

နယ်စပ်ဖြတ်ကျော်၊ နယ်စပ်ဒေသတွေမှာ အဝင်အထွက် ဖြတ်ကျော်တာတွေကို ကျွန်မတို့ရဲ့ ကျန်းမာရေးစစ်ဆေးချက်နဲ့ သူတို့ရဲ့ ခရီးသွားရာဇဝင်ယူပြီးတော့ ထိန်းချုပ်ခြင်း လုပ်ငန်းတွေကို ဆောင်ရွက်နိုင်တယ်။ ပြီးတော့ Stay at Home အမိန့်၊ မိမိအိမ်မှာပဲ နေနိုင်ဖို့အတွက် ကျွန်မတို့ ဒီလမ်းညွှန်မှုတွေကို ဆောင်ရွက်တဲ့အခါမှာ ပြည်သူလူထုတွေက လိုက်နာခဲ့ကြပါတယ်။ ကျွန်မတို့ သင်္ကြန်ကာလမှာလည်း အိမ်မှာနေပါဆိုတဲ့ မေတ္တာရပ်ခံချက်ကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ကိုယ်တိုင် ပြည်သူတွေကို ပြောကြားပြီး မေတ္တာရပ်ခံခဲ့တဲ့အတွက် အလွန်ထိရောက်ခဲ့ပြီး ပြည်သူတွေက အိမ်မှာနေခဲ့ကြတာကို ကျွန်မတို့ တွေ့ရှိရပါတယ်။

ဒဲ့အပြင် ကျွန်မတို့ရဲ့ အထိရောက်ဆုံး ကာကွယ်ခြင်း နည်းဗျူဟာတွေဖြစ်တဲ့ ထက်လျှံ

နှာခေါင်းစည်းတပ်ဆင်ဖို့ရယ်၊ ခဏခဏ လက်ကို ဆပ်ပြာနဲ့စက္ကန့် ၂၀ ကြာ ဆေးဖို့ရယ်၊ Social Distancing တစ်ဦးနဲ့တစ်ဦး ထိတွေ့မှု မရှိဘဲနဲ့ ခပ်ခွာခွာ ၆ ပေအကွာ နေဖို့ရယ်ဆိုတာတွေကို လမ်းညွှန်ခဲ့တဲ့နေရာမှာ ပြည်သူလူထုရဲ့ ပူးပေါင်းပါဝင်မှုက သိသာပါတယ်။ ဒါကြောင့်မို့ ပြည်သူလူထုက သေသေချာချာ လိုက်နာခဲ့တဲ့အတွက် ပထမလှိုင်းလို့ ပြောလို့ရတဲ့ ပထမအကြိမ် မတ်လနဲ့ ဧပြီလမှာဖြစ်တဲ့ ကိုဗစ်-၁၉ ကို ကျွန်မတို့က ထိန်းချုပ်နိုင်ခဲ့တာ ဖြစ်ပါတယ်။ အဲဒီအချိန်မှာ ကျွန်မတို့ဒေသအတွင်းမှာ တပ်လှန့်မှုရှိလာပါတယ်။ ပထမကတော့ နိုင်ငံအပြင်က ဝင်လာတဲ့သူတွေထံက ရောဂါပိုးကပါလာတယ်။ ဒါပေမယ့် ကျွန်မတို့ရဲ့ ထိန်းချုပ်ရေးနည်းဗျူဟာကို တိကျစွာ လိုက်နာကျင့်သုံးခဲ့တဲ့အခါမှာ ကျွန်မတို့ ကောင်းမွန်စွာ ထိန်းချုပ်နိုင်ခဲ့ပါတယ်။

ယခု သြဂုတ်လ ၁၆ ရက်ကစပြီး လူနာတွေ ပြန်ဖြစ်လာပါတယ်။ ပြန်ဖြစ်လာတဲ့ဟာက အခုရန်ကုန်တိုင်းမှာဆိုရင်တော်တော်လေး အဖြစ်များနေတာဖြစ်တဲ့အတွက် ကျွန်မတို့ အနေနဲ့ ဒီနည်းဗျူဟာတွေအရ ဆက်လက် ထိန်းချုပ်နိုင်ဖို့အတွက် ကြိုးစားပြီးဆောင်ရွက်နေပါတယ်။ Quarantine စင်တာမှာ ထားပါတယ်။ လူနာတွေတွေ့ရင် လူနာတွေမှာ ဒီရောဂါလက္ခဏာတွေ ပေါ်လာရင် ဆေးရုံမှာ ထားပြီး စစ်ဆေးကုသပါတယ်။ ဓာတ်ခွဲစစ်ဆေးလို့ တွေ့ရှိရင် လူနာတွေကို ဆေးရုံတင်ပြီး ကုသပေးပါတယ်။

ထို့အတူ Contact Tracing ခေါ်တဲ့ ထိတွေ့ထားတဲ့သူတွေကိုလည်း ရှာဖွေပြီးတော့ မှ Quarantine စင်တာထဲမှာ ထားပါတယ်။ ဒီတစ်ခါမှာတော့ ကျွန်မတို့ရဲ့ ကိုဗစ်-၁၉ ပိုးဟာ မျိုးရိုးဗီဇပြောင်းလဲမှုရှိနေတယ်ဆိုတာကို ကမ္ဘာ့နိုင်ငံများရဲ့ အတွေ့အကြုံအရ သိထားရပါတယ်။ D614 ကနေ G614 အသွင်ပြောင်းထားတာဖြစ်တဲ့အတွက် ကူးစက်ပြန့်ပွားမှုနှုန်း မြန်ဆန်တဲ့ပိုး ဖြစ်ပွားနေတာကို တွေ့ရှိရပါတယ်။ ပြီးတော့ ပထမလှိုင်းတုန်းက ကျွန်မတို့အနေနဲ့ သိပ်ပြီးမသိသာတဲ့ လက္ခဏာတစ်ခုက ယခုဆိုရင် အနုံ့ပျောက်သွားတဲ့ လက္ခဏာကို ပြည်သူလူထုကြားမှာ ထင်ထင်ရှားရှား ပေါ်ထွက်လာတယ်။ ဒါက နောက်ပြီး ဒေသအတွင်း ပျံ့နှံ့မှုရှိတဲ့အတွက် လူတွေအကြား ကူးစက်မှုက အလွန်မြန်ဆန်နေတဲ့ပိုးကို ကျွန်မတို့ ယခု ရင်ဆိုင်နေရတာ ဖြစ်ပါတယ်။

ဒါကြောင့်မို့ ကျွန်မတို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ လမ်းညွှန်ချက်နဲ့ အညီ အိမ်မှာနေပါ။ အိမ်မှာနေပါဆိုတဲ့ မေတ္တာရပ်ခံချက်တွေ၊ ပြီးတော့ ကျွန်မတို့ Stay at Home အမိန့်တွေ ချပြီးထားသလို၊ ကျွန်မတို့ ညွှန်ကြားထားတဲ့ လမ်းညွှန်ချက်တွေအတိုင်း နှာခေါင်းစည်းတပ်ပါ။ လိုအပ်တဲ့ အကာအကွယ်တွေသုံးပါ။ ဆပ်ပြာနဲ့ ရေနဲ့ စက္ကန့် ၂၀ ကြာ လက်ဆေးပါ။ ၆ ပေအကွာ နေပါလို့ပြောကြားနေရခြင်း ဖြစ်ပါတယ်။ ဒီကနေ့ ကျွန်မတို့ ဆွေးနွေးနေတဲ့ ဆရာကြီးနှစ်ပါးက Mask မတပ်ထားပါဘူး။ ကျွန်မက Mask တပ်ထားပါတယ်။ ကျွန်မအနားမှာ ၆ ပေအကွာမှာ တခြားသူတွေ ရှိနေတဲ့အတွက် Mask ကို တပ်ထားတာ ဖြစ်ပါတယ်။ ဒီလိုပဲ ၆ ပေအကွာ ဆက်ပြီးနေပါ။ မိမိကိုယ်ကနေ ကာကွယ်ဖို့အတွက် ဒီ Mask ကို တပ်ထားမယ်ဆိုရင် ကျွန်မတို့ ဒီရောဂါကို ကာကွယ်နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒုတိယလှိုင်းမှာ ခက်ခက်ခဲခဲ ထိန်းသိမ်းနေရတယ်ဆိုပေမယ့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့

စာမျက်နှာ ၉ သို့ »»

ကိုဗစ်-၁၉ ပိုးဟာ မျိုးရိုးဗီဇပြောင်းလဲမှုရှိနေတယ်ဆိုတာကို ကမ္ဘာ့နိုင်ငံများရဲ့ အတွေ့အကြုံအရ သိထားရပါတယ်။ D614 ကနေ G614 အသွင်ပြောင်းထားတာဖြစ်တဲ့အတွက် ကူးစက်ပြန့်ပွားမှုနှုန်း မြန်ဆန်တဲ့ပိုးဖြစ်ပွားနေတာကို တွေ့ရှိရပါတယ်။ ပြီးတော့ ပထမလှိုင်းတုန်းက ကျွန်မတို့အနေနဲ့ သိပ်ပြီးမသိသာတဲ့ လက္ခဏာတစ်ခုက ယခုဆိုရင် အနုံ့ပျောက်သွားတဲ့ လက္ခဏာကို ပြည်သူလူထုကြားမှာ ထင်ထင်ရှားရှား ပေါ်ထွက်လာတယ်။ ဒါက နောက်ပြီး ဒေသအတွင်း ပျံ့နှံ့မှုရှိတဲ့အတွက် လူတွေအကြား ကူးစက်မှုက အလွန်မြန်ဆန်နေတဲ့ပိုးကို ကျွန်မတို့ ယခုရင်ဆိုင်နေရတာ ဖြစ်ပါတယ်။

ကိုဗစ်-၁၉ အမေး/အဖြေ

»» စာမျက်နှာ ၈ မှ

လမ်းညွှန်ချက်များကို အပြည့်အဝ လိုက်နာဖို့ လိုအပ်ပါတယ်ဆိုတာ ကျွန်မ အနေနဲ့ ပြန်လည်ဖြေကြားပါရစေရှင့်။

ဆက်လက်ပြီး ဒုတိယမေးခွန်းကို ဆက်လက်မေးမြန်းခွင့်ပြုပါ။ ဒီမေးခွန်းက တော့ ပိုးမျိုးကွဲတွေရှိလာပြီဖြစ်တဲ့အတွက် ကူးစက်မှုများစေပြီး ရောဂါသိပ်မပြင်းထန်ဘူးဆိုပြီး ပြောကြတာ မှန်ပါသလားဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။ အဲဒီမေးခွန်းလေးကို တော့ ဆရာကြီးပါမောက္ခဒေါက်တာ ညွှန့်သိန်းက ဖြေကြားပေးစေလိုပါတယ်ရှင့်။

ပါမောက္ခဒေါက်တာညွှန့်သိန်း။ ။ ဟုတ်ကဲ့ အဲဒီ မေးခွန်းက အင်မတန်အရေးကြီးတဲ့ မေးခွန်းပါ။ တကယ်လည်း မေးထိုက်တဲ့ မေးခွန်းပါ။ အဲဒါစပြီးတော့ မျိုးကွဲတာ စပြီးပေါ်ကတည်းက ဒီမေးခွန်းနဲ့ပတ်သက်လို့ငြင်းကြခုံကြရင်းနဲ့ပဲ ကျွန်တော်တို့ မြန်မာနိုင်ငံအပါအဝင် နေရာအနှံ့အပြားမှာ လူနာတွေ တော်တော်များသွားတာပါ။ အဲဒီတော့ ခုနတုန်းက ဒေါက်တာဒေါ်သန္တာလွင်ပြောသလိုပဲ D614 ကနေ G614 ကို ပြောင်းသွားပါတယ်။ ကျွန်တော်တို့ဆီမှာလည်း ဆေးသုတေသနဦးစီးဌာနက ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဦးဇော်သန်းထွန်းတို့ အုပ်စုတွေ့ထားတဲ့ဟာမှာ G614 တွေ တွေ့နေပြီဖြစ်ပါတယ်။ နိုင်ငံအနှံ့အပြားမှာလည်း G614 တွေ ဖြစ်နေပြီ၊ အဲဒီလို ဓာတ်ခွဲစမ်းသပ်တာတွေ၊ သုတေသနတွေ တွေ့ရှိချက်အရ G614 ရဲ့ ထူးခြားချက်က အားလုံးသေချာတာတစ်ခုက နံပါတ်(၁) သူသည် အကူးသိပ်မြန်တယ်။ ကူးတာမှ တချို့ ၁၀ ဆ၊ အဆ ၂၀ ပိုများပါတယ်။ ဒါက နံပါတ်(၁) သိပ်သေချာပါတယ်။

D ကနေ G ပြောင်းသွားတဲ့အခါ

နံပါတ် (၂) သူက နဂိုတုန်းက D ထက်စာရင် G ကတွယ်ကပ်မှုပိုဖြစ်တယ်။ သူက အသက်ရှူလမ်းကြောင်းထဝင်သွားရင် ပိုပြီးတွယ်ကပ်မှုများပါတယ်။ တွယ်ကပ်မှုများတယ်ဆိုကတည်းက တော်တော်နဲ့ သူက ပြန်မထွက်တဲ့ သဘောပါ။ နံပါတ်(၃)က ဝင်သွားတဲ့ ပိုးအကောင်ရေ Viral load လို့ခေါ်ပါတယ်။ Viral load လည်း ပိုများတယ်။ ဒါပေမယ့် အဲဒီ G614 ဖြစ်ခါစမှာ နိုင်ငံအနှံ့အပြားမှာ ကျွန်တော်တို့ မြန်မာနိုင်ငံ အပါအဝင် နိုင်ငံအနှံ့အပြားမှာ လူနာတွေက သိပ်မတက်လာပါဘူး။ ဘာလို့ မတက်လာလဲဆိုတော့ ပထမလိုင်းတုန်းက အားလုံးက ဆင်ခြင်ထားတဲ့အတွက် ကြောင့်မို့လို့ ပြောကြစတမ်းဆိုရင် အသက်ကြီးတဲ့သူတွေ၊ ခုနက ရောဂါအခံရှိတဲ့သူတွေ တော်တော်များများက အိမ်ထဲမှာ နေနေတယ်။ နောက်ပြီးတော့ ခုနက ပြောခဲ့တဲ့ Mask တပ်တာတို့၊ လက်ဆေးတာတို့၊ Social Distancing ကို လိုက်နာနေတဲ့ အချိန်မှာ ဖြစ်တဲ့အတွက်ကြောင့် လူနာက ရောဂါ မတက်လာဘူး။ ဒါပေမယ့် ခုနတုန်းက လူတွေက အထင်မှားသွားတယ်။ D ကနေ G ပြောင်းသွားတဲ့အခါမှာ မပြင်းဘူးလို့ထင်တဲ့ Concept ပေါ့။

အမှန်က မပြင်းဘူး / ပြင်းတယ်ဆိုတာကို ဘယ်သူကမှ မပြောနိုင်သေးပါဘူး။ အခုဆိုရင်တော့ ပြင်းတယ်ဆိုတာ လူတိုင်းသိသွားပါပြီ။ အဲဒီအချိန်မှာ မပြင်းတာတောင်မှ မပျောဘူးဆိုတဲ့ Concept ကို မသိကြတော့ ဩော် ပျော့သွားပါပြီဆိုပြီးတော့ လူတွေက အရမ်းပေါ့သွားကြတယ်။ အရမ်းပေါ့တာမှ အားလုံးဘယ်နိုင်ငံမှာ မဆိုပါ။ မြန်မာနိုင်ငံ အပါအဝင် Holiday လေးရက်မှာ သွားလိုက်ကြတာ အများကြီးပဲ။ အဲဒီတော့ နိုင်ငံအနှံ့အပြားမှာ Mask မတပ်ကြတော့ဘူး၊ လက်မဆေးကြတော့ဘူး၊ Social Distancing မရှိကြတော့ဘူး အဲဒါတွေကြောင့်မို့ပါ။ ဆိုလိုတာက D ကနေ G ပြောင်းသွားတာက ယခုတော့ ပြောလို့ရပါပြီ၊ ပြင်းတယ်လို့ ပြောလို့ရပါပြီ။

ဒေါက်တာသန္တာလွင်။ ။ ယခုလို ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် ဆရာကြီးရှင့်။ နောက်ထပ်မေးခွန်းတစ်ခုကို မေးမြန်းခွင့်ပြုပါရှင်။ နောက်ထပ် မေးခွန်းတစ်ခုကတော့ "ကိုဗစ် - ၁၉ ရောဂါအတွက် ယခုပြောနေကြတဲ့ ပြည်သူတွေက ကြားထဲမှာ သတင်းတစ်ခုရှိပါတယ်။ ဆေး လေးမျိုးစပ်ကို သောက်ရင် ကာကွယ်နိုင်မလားဆိုတာ ဖြစ်ပါတယ်။ အခြားဘာနည်းတွေနဲ့ ကာကွယ်ရမလဲ၊ Vitamin C သို့မဟုတ် Vitamin D အဲဒီဆေးတွေကို မဖြစ်မနေ သောက်သုံးရမှာလား၊ Zinc Tablets တွေ သောက်ဖို့ လိုအပ်မလား"ဆိုတဲ့ မေးခွန်းတွေ ဖြစ်ပါတယ်။ အဲဒီမေးခွန်းလေးတွေကိုတော့ ဆရာကြီး ပါမောက္ခ ဒေါက်တာကျော်မြင့်က ဖြေကြားပေးပါရှင်။

ပါမောက္ခဒေါက်တာကျော်မြင့်။ ။ ကျေးဇူးအများကြီးတင်ပါတယ်ခင်ဗျာ။ ဒီကိစ္စကလည်း ကျွန်တော်ထင်တယ် အရေးကြီးပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီဆေးတွေ သွင်းလာတာတွေ များတယ်။ လူတွေလည်း ပိုက်ဆံကုန်တယ်ပေါ့။ အဲဒီတော့ မလိုအပ်ရင် မသောက်ကြဖို့၊ ဒါမျိုးတွေရှိပါတယ်။ ခုနက ဒေါက်တာသန္တာလွင်ပြောတဲ့ ဆေးလေးမျိုးတို့ အပါအဝင် အစရှိသဖြင့်ပေါ့၊ ဒါတွေက ကျွန်တော်တို့ အနောက်တိုင်းနိုင်ငံတွေမှာ သူတို့မှာ သုတေသနလုပ်ကြတဲ့ သူ့ဌာနနဲ့သူ၊ သူ့မှာ ကျွန်တော်တစ်ခုပြောချင်တာက တော်တော်များများ တွေ့ရတာက Mask မတပ်ဘူးလားဆိုတော့ တပ်တယ်။

ဒါပေမယ့် Mask ကို လည်ပင်းအောက်မှာချိတ်ထားပြီး လျှောက်သွားနေတယ်။ အဲဒါမျိုးတွေလည်း တော်တော်များများ တွေ့ရပါတယ်။ နောက်ပြီး ဒီနေ့မနက်ပဲ ကျွန်တော် အစည်းအဝေးလုပ်တဲ့အခါမှာ ကျွန်တော် တို့ထဲက တစ်ယောက်က တင်ပြပါတယ်။ ရပ်ကွက်တွေ၊ လမ်းတွေမှာတော့ တအားတင်းကျပ်ပြီး ပိတ်ဆို့ထားတယ်။ ရပ်ကွက်တွေထဲမှာတော့ ခြင်းလုံးတွေခတ်၊ ကြိုက်တာလုပ် အဲဒီလို လုပ်နေတာမျိုးတွေ တွေ့ရပါတယ်။ Mask တွေလည်း မတပ်ကြဘဲနဲ့။ အဲဒါမျိုးတွေက တဖြည်းဖြည်းနဲ့ ကျန်းမာရေး ပညာပေးပြီးတော့ သူတို့နားလည်အောင် ရှင်းပြရမှာ ဖြစ်ပါတယ်။ အခု ကျွန်တော်တို့ နိုင်ငံတော်အနေနဲ့ပေါ့လေ အသွားအလာတွေ ကန့်သတ်တာတွေ၊ ရောဂါကို တစ်မြို့နယ်ကနေ တစ်မြို့နယ်၊ တစ်ပြည်နယ်ကနေ တစ်ပြည်နယ် မကူးအောင်လုပ်တာ အဲဒါက တစ်ပိုင်းပေါ့လေ။

ခုနက ဆရာမကြီး ဒေါ်သန္တာလွင် ပြောသလို Stay at Home အိမ်မှာပဲနေပါ။ အဲဒါ စိတ်အချရဆုံးပဲ။ အပြင်မသွားရင် ရောဂါမဖြစ်တော့ဘူး။ ကိုယ့်အိမ်ကိုလည်း ဧည့်သည်အလာမခံပါနဲ့။ ဧည့်သည်လာရင် ဧည့်သည်က ရောဂါ ပါလာ၊ မလာဆိုတာ ပြောလို့မရဘူး။ ဧည့်သည်လာရင်လည်း ဧည့်သည်ကို Mask တပ်ခိုင်းထားပါ။ ကိုယ်ကလည်း Mask တပ်ပြီး စကားပြောပါ။

မိမိကိုယ်ကိုမိမိ ကျန်းမာအောင်နေဖို့၊ ထမင်း အချိန်မှန်မှန်စားဖို့၊ မှန်မှန်အိပ်ဖို့၊ အရေးအကြီးဆုံးက မှန်မှန်အိပ်ဖို့ပဲ။ အဲဒါလေးတွေ နေဖို့ထိုင်ဖို့ အရေးကြီးပါတယ်။ နောက် အဓိကက အပြင်တွေကို သိပ်မထွက်ဖို့၊ လိုအပ်မှထွက်ဖို့၊ ထွက်ရင်လည်း Mask သေချာတပ်သွားမယ်။ ကိုယ်သွားမယ့် ဈေးသော်လည်းကောင်း၊ ဆေးဆိုင်သော်လည်းကောင်း သွားမယ်ဆိုရင်လည်း ကိုယ်နဲ့နီးစပ်တဲ့သူနဲ့ အနည်းဆုံး ခြောက်ပေအကွာ နေထိုင်မယ်။ အဲဒီလိုတွေ စည်းကမ်းလိုက်နာမယ်ဆိုရင် ဒီရောဂါက မကူးစက်နိုင်ပါဘူး။

အခု ဒီလိုပြောနေတာတွေဆိုရင် အချို့လူတွေက သိပ်ပြီးသဘောမပေါက်ဘူး။ သဘောပေါက်လည်း အချို့လူတွေက သိပ်ဂရုစိုက်စရာမလိုပါဘူး၊ ကိစ္စမရှိပါဘူး။ အဲဒီလိုပဲ ပေါ့ပေါ့ဆဆတွေးကြပါတယ်။ မဟုတ်ပါဘူး။ ဒီရောဂါက သိပ်ပြီး ကြောက်စရာကောင်းပါတယ်။ သက်ကြီးပိုင်းဆိုရင် ဒီရောဂါနဲ့ သေဆုံးနှုန်းက များပါတယ်။ သက်ကြီးပိုင်း ၇၀ / ၆၀ အခြားရောဂါပါရှိမယ်။ ဥပမာ-နှလုံးရောဂါ၊ ဆီးချိုရောဂါတို့ပါရှိမယ်ဆိုရင်ရောဂါရဲ့ ဒဏ်က ပိုပြီးခံရပါတယ်။

အသက်ဆုံးရှုံးသွားတဲ့အထိကို ခံရပါတယ်။ ဒါလေးတွေကို ကျွန်တော်တို့လည်း ဂရုတစိုက် သေချာကို လိုက်နာပြီးလုပ်မယ်ဆိုရင် တစ်အချက်က Transmission တစ်ယောက်နဲ့တစ်ယောက် ကူးစက်တာ ပြန့်ပွားတာပိတ်သွားမယ်ဆိုရင် ဒီရောဂါက သူ့ဟာသူအလိုလို ကင်းငြိမ်းသွားမှာ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့အနေနဲ့ အခုလို ရှုပ်မြင်သံကြားက ဟောပြောမယ်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အနေနဲ့ စေတနာရှိစွာနဲ့ ကျွန်တော်တို့ကို ပြည်သူလူထုကို ဒီလို ဟောပြောပွဲတွေ လုပ်ပေးမယ်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင်လည်း တစ်လ တစ်ခါလောက် အစီရင်ခံ တင်ပြပေးတယ်။ နောက်ပြီး ရှုပ်မြင်သံကြားတွေကလည်း ထုတ်လွှင့်ပေးတယ်။ ဒါလေးတွေကို ပေါ့ပေါ့ဆဆမဟုတ်ဘဲနဲ့ သေချာလိုက်နာမယ်ဆိုရင် ဒီရောဂါက တစ်နေ့နေ့ကျရင် ပျောက်ကွယ်သွားမှာဖြစ်တယ်လို့ ကျွန်တော့်အနေနဲ့ ယူဆပါတယ်။ ကျွန်တော့်အနေနဲ့တော့ ကျေးဇူးတင်ပါတယ် ဆရာကြီးရှင့်။ နောက်ထပ် မေးခွန်းတစ်ခုကတော့ ယခုလုပ်နေတဲ့ လူနာတွေနဲ့ ထိတွေ့တဲ့သူတွေကို ရှာဖွေတားဆီး ထိန်းသိမ်းတဲ့ လုပ်ငန်းစဉ်ကို ဘယ်လောက် ကြာကြာဆက်လုပ်ရမှာလဲလို့ မေးထားတဲ့ မေးခွန်းဖြစ်ပါတယ်။ အဲဒီမေးခွန်းကို ကျွန်မ ဖြေကြားပေးပါမယ်ရှင်။

ကျွန်မတို့အနေနဲ့က ကိုဗစ် - ၁၉ ပိုးဖြစ်စေတဲ့ ပိုးရှိတဲ့လူနာတွေနဲ့ ထိတွေ့ထားတဲ့ လူတွေကို ရှာဖွေဖော်ထုတ်ပြီး အသွားအလာ ကန့်သတ်ပြီးထားရှိတဲ့ လုပ်ငန်းစဉ်ကို ထိန်းချုပ်ရေးလုပ်ငန်းစဉ် တစ်ခုအနေနဲ့ နည်းဗျူဟာထဲမှာ ပါဝင်ပြီး ဆောင်ရွက်လျက်ရှိပါတယ်။ တင်းတင်းကျပ်ကျပ်ကို ဆောင်ရွက်ပါတယ်။ ကျွန်မတို့ ခွဲခြားထားမှုအရ ထိတွေ့မှု သတ်မှတ်ထားတဲ့၊ အဓိပ္ပာယ်ဖော်ထားတဲ့ Defination တွေအရ Primary Contact ၊ Secondary Contact ဆိုပြီး Contact တွေကို ထိတွေ့မှုအခြေအနေအပေါ်မှာ မူတည်ပြီး ခွဲခြားထားပြီး Primary Contact ဆိုတာ ထိတွေ့မှု ပိုပြီးတော့ နီးစပ်တယ်ဆိုရင် ကျွန်မတို့ သူတို့ကို ကွာရန်တင်းစင်တာတွေမှာ ထားပြီး ရောဂါရှိ/မရှိ စစ်ဆေးပေးပါတယ်။

ဒီလုပ်ငန်းကို လုပ်ခြင်းအားဖြင့် ကျွန်မတို့အနေနဲ့ လျင်လျင်မြန်မြန် လွယ်လွယ်ကူကူ ပိုးတွေ့ထားတဲ့လူနာနဲ့ ထိစပ်ပြီး ချိတ်ဆက်ပြီး တခြားသောကူးစက်နိုင်စွမ်းရှိနေတဲ့၊ ပြည်သူတွေထဲမှာရှိနေတဲ့ လူတွေကို ရှာဖွေဖော်ထုတ်နိုင်တာဖြစ်ပါတယ်။ ဆင့်ပွားဆင့်ပွား တစ်ယောက်ကနေတစ်ယောက် ရောဂါကူးစက်သွားတာ ဖြစ်တဲ့အတွက် တစ်ယောက်ကနေ အချိန်နောက်ကျတာနဲ့အမျှ ကြာလေကြာလေ ထိတွေ့တဲ့သူကို ရှာမတွေ့ရင် သူကနေ ထပ်ဆင့် ထပ်ဆင့် ကူးသွားနိုင်တဲ့ အခွင့်အလမ်းအရမ်းများပါတယ်။ ထပ်ဆင့်ကူးသွားတဲ့အတွက် တစ်ဆကနေ နှစ်ဆ ရှတ်တရက် အမြန်ဖြစ်သွားနိုင်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မတို့ အတွက် အချိန်နဲ့အမျှ အရေးကြီးတာသည် ပိုးတွေ့လူနာနဲ့ ထိစပ်နေတဲ့သူတွေကို၊ ထိတွေ့ဖူးတဲ့သူတွေကို Contact တွေကို ကျွန်မတို့က ကွာရန်တင်းအချိန်မီ ရှာဖွေ ထိန်းသိမ်းထားဖို့သည် ကျွန်မတို့အတွက် အလွန်အရေးကြီးတဲ့ ထိန်းချုပ်ရေးလုပ်ငန်းစဉ် ဖြစ်ပါတယ်။

၁၀၀ မှာ ၁၈ ယောက် ကူးစက်

အဲဒီလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်နေတဲ့အခါမှာ ဘယ်လောက်ကြာကြာ ဆက်လုပ်ရဦးမှာလဲဆိုတော့ လူနာတွေ ရှိနေသရွေ့ ထိတွေ့တဲ့သူတွေလည်း ရှိနေဦးမှာဖြစ်တဲ့အတွက် ကျွန်မတို့အနေနဲ့ အခုအခြေအနေအထိ တွေ့ရှိထားတဲ့ တွေ့ရှိချက်အရ အဲဒီ Contact တွေကြားထဲက ဓာတ်ခွဲစမ်းသပ်မှု ၁၀၀ မှာ ၁၈ ယောက်က ကိုဗစ် - ၁၉ ရောဂါပိုး ကူးစက်ခံထားရတယ်လို့ ကျွန်မတို့ တွေ့ရှိထားရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မတို့ဟာ လူနာတွေ ရှိရင် ဆက်လုပ်နေရဦးမှာဖြစ်တယ်။

ဒီကိုဗစ်-၁၉ ရောဂါဟာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က မတ်လ ၁၁ ရက်မှာ ကမ္ဘာ့ကပ်ရောဂါလို့ ကြေညာခဲ့တာဖြစ်တဲ့အတွက် ဆက်လုပ်ရမယ့်အချိန်ကတော့ ကပ်ရောဂါ မဟုတ်တော့ဘူးလို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြန်လည်ကြေညာတဲ့အချိန်အထိ တော့ ကျွန်မတို့ ဆက်လုပ်ရဦးမယ့် အနေအထားရှိပါတယ်။ ကျွန်မတို့ တော်တော်ကြီးကို ဆက်လုပ်ရဦးမှာပါ။ ရောဂါရဲ့ ထိန်းချုပ်မှုအနေအထားက လူတိုင်းအားလုံး၊ ပြည်သူအားလုံးက ဝန်ကြီးဌာနရဲ့ လမ်းညွှန်ချက်တွေကို အားလုံး လိုက်နာမှသာ ဖြေလျှော့မှုတွေဟာ နောက်ပိုင်းမှာရှိလာနိုင်မှာ ဖြစ်ပါတယ်။

ဆက်လက်ပြီးတော့ နောက်ဆုံး မေးခွန်းလေးတစ်ခုကို ကျွန်မ ဆက်လက်ပြီးတော့ မေးမြန်းပါရစေရှင်။ ကျွန်မတို့ရဲ့ ရရှိထားတဲ့အချိန်အတွင်းမှာ နောက်ဆုံး မေးခွန်းဖြစ်ပါတယ်။ ကိုဗစ်-၁၉ ရောဂါ အတွက် ကာကွယ်ဆေးနဲ့ကုသဆေးတွေကို အခြေအနေအရ မည်မျှရှာဖွေတွေ့ရှိပြီးတော့ မည်သည့်အတိုင်းအတာအထိ ရောက်ရှိနေပြီလဲ။ ဒီရောဂါကာကွယ်တိုက်ဖျက်ဖို့၊ ကုသဖို့ ကာကွယ်ဆေးတွေ ပေါ်လာပြီလား။ ပေါ်လာပြီဆိုရင်လည်း ကျွန်မတို့နိုင်ငံအနေနဲ့ ရရှိနိုင်ပါ့မလား။ သုံးစွဲနိုင်ပါ့မလားဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။ ဒီမေးခွန်းကိုတော့ ဆရာကြီး ဂုဏ်ထူးဆောင်ပါမောက္ခ ဒေါက်တာ ညွှန့်သိန်းက ဖြေကြားပေးပါရှင်။

ပါမောက္ခဒေါက်တာညွှန့်သိန်း။ ။ ဟုတ်ကဲ့ ခင်ဗျ၊ ဒီမေးခွန်းကလည်း ကျွန်တော်တို့ ပြည်သူလူထုအားလုံး စိတ်ဝင်စားနေတဲ့ မေးခွန်းဖြစ်ပါတယ်။ ဒီရောဂါကြီး စပေါ်ကတည်းက ကမ္ဘာပေါ်မှာရှိတဲ့ နိုင်ငံအားလုံးက သိပ္ပံပညာရှင်အားလုံးက တစ်ဖက်မှာ ဒီလိုထိန်းချုပ်နေသလို တစ်ဖက်မှာလည်း ရောဂါနဲ့ ပတ်သက်လို့ ရှာဖွေနေကြတယ်။ ကိုဗစ် ရောဂါပိုးရဲ့ ပြဿနာကလည်း တစ်နေ့တစ်နေ့ကို တစ်မျိုးတစ်မျိုး တွေ့တွေ့နေပါတယ်။

စာမျက်နှာ ၁၀ သို့ »»

စက်တင်ဘာ ၂၉ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၇၉၇ ဦး တွေ့ရှိ

COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၉-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

(၂၈-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၉-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ အတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၆၁၃၅ ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၇၉၇ ဦး တွေ့ရှိရပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

မြန်မာနိုင်ငံတွင် COVID-19 လူနာဖြစ်ပွား၊ သေဆုံးမှုအခြေအနေ (၂၉-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအထိ

	အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း)	ယခုအထိ စုစုပေါင်း
စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း	(၆,၁၃၅) ဦး	(၂၈၉,၇၅၉) ဦး
COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း	(၇၉၇) ဦး	(၁၂,၄၂၃) ဦး
ဆေးရုံဆင်းခွင့် ရရှိသူ	(၃၁၈) ဦး	(၃,၃၉၁) ဦး
သေဆုံးလူနာ	(၂၈) ဦး	(၂၈၄) ဦး

ကိုဗစ်-၁၉ ရောဂါပိုးရှိသူ ၇၉၇ ဦး ထပ်မံတွေ့ရှိ ရောဂါပိုးရှိသူ စုစုပေါင်း ၁၂၄၂၇ ဦး ရှိသွားပြီ

နေပြည်တော် စက်တင်ဘာ ၂၉

စက်တင်ဘာ ၂၈ ရက် ည ၈နာရီမှ စက်တင်ဘာ ၂၉ ရက် ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ ၆၁၃၅ ခုအား စစ်ဆေးခဲ့ရာ ကိုဗစ်-၁၉ ရောဂါပိုးရှိသူ ၇၉၇ ဦး ထပ်မံတွေ့ရှိသဖြင့် ယနေ့အထိ ရောဂါပိုးရှိသူ စုစုပေါင်း ၁၂၄၂၇ ဦးရှိသွားပြီဖြစ်ကြောင်း၊ ရောဂါပိုးတွေ့ရှိသူ ၁၂၄၂၇ ဦးအနက် သေဆုံးသူ ၂၈၄ ဦးနှင့် ဆေးရုံမှဆင်းခွင့်ပြုခဲ့သူ ၃၃၉၁ ဦးရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ သတင်းရရှိသည်။

သတင်းစဉ်

ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

စဉ်	နိုင်ငံအမည်	ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ	ရောဂါပိုး ကင်းစင်သွားသူ	ပိုးတွေ့ သေဆုံးလူနာ
၁။	အမေရိကန်	၇၃၆၁၈၉	၄၆၁၀၆၃၉	၂၀၉၈၁၅
၂။	အိန္ဒိယ	၆၁၄၈၆၄၀	၅၁၀၁၃၉၇	၉၆၃၇၈
၃။	ဘရာဇီး	၄၇၄၈၃၂၇	၄၀၈၄၁၈၂	၁၄၂၁၆၁
၄။	ရုရှား	၁၁၆၇၈၀၅	၉၅၂၃၉	၂၀၅၄၅
၅။	ကိုလံဘီယာ	၈၁၈၂၀၃	၇၂၂၅၃၆	၂၅၆၄၁
၆။	ပီရူး	၈၀၈၇၁၄	၆၇၀၉၈၉	၃၂၃၂၄
၇။	စပိန်	၇၄၈၂၆	၈၈၈ဆ	၃၁၄၁
၈။	မက္ကဆီကို	၇၃၃၇၁၇	၅၂၇၂၇	၇၆၆၀၃
၉။	အာဂျင်တီးနား	၇၂၃၁၂	၅၇၆၇၁၅	၁၆၁၁၃
၁၀။	တောင်အာဖရိက	၆၇၁၆၆၉	၆၀၄၄၇၈	၁၆၅၈၆

အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

စဉ်	နိုင်ငံအမည်	ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ	ရောဂါပိုး ကင်းစင်သွားသူ	ပိုးတွေ့ သေဆုံးလူနာ
၁။	ဖိလစ်ပိုင်	၃၀၉၃၀၃	၂၅၂၉၃၀	၅၄၄၈
၂။	အင်ဒိုနီးရှား	၂၈၂၇၂၄	၂၁၀၄၃၇	၁၀၆၀၁
၃။	စင်ကာပူ	၅၇၇၄၂	၅၇၃၉၃	၂၇
၄။	မြန်မာ	၁၂၄၂၇	၃၃၉၁	၂၈၄
၅။	မလေးရှား	၁၁၁၃၅	၉၉၃၉	၁၃၄
၆။	ထိုင်း	၃၅၅၉	၃၃၇၀	၅၉
၇။	ဗီယက်နမ်	၁၀၇၇	၉၉၉	၃၅
၈။	ကမ္ဘောဒီးယား	၂၇၇	၂၇၅	၀
၉။	ဘရူနိုင်း	၁၄၆	၁၄၂	၃
၁၀။	လာအို	၂၃	၂၂	၀

»» **စာမျက်နှာ ၉ မှ**

ဒီကပ်ရောဂါကြီး ပျောက်သွားဖို့က အဓိက အချက်က သုံးချက်ပါ။ တစ်ချက်က သူ့ကို နိုင်နိုင်နင်းနင်းကုသနိုင်မယ့် ဆေးပေါ်လာရင်၊ ဒုတိယအချက်က သူ့ကို လုံးဝကာကွယ်နိုင်မယ့် ကာကွယ်ဆေးပေါ်လာရင်၊ တတိယအချက်က ကြောက်ဖို့ကောင်းပါတယ်။ စခါစမှာ တချို့နိုင်ငံကြီးတွေက အဲဒါလုပ်လိုက်ပြီးတော့ ဒုက္ခရောက်သွားတာ။ Herd Immunity ခေါ်ပါတယ်။ ရောဂါကို ပေးဖျက်လိုက်ပြီးတော့ လူရဲ့ ၇၀ ရာခိုင်နှုန်း၊ ၈၀ ရာခိုင်နှုန်းဖြစ်သွားပြီး လူတွေက ရောဂါပြီးသွားတယ်ပေါ့။ အဲဒါကို Herd Immunity ကို အားကိုးပြီး ပထမပိုင်းတုန်းက ဒါကြီးကတော့ သိပ်မဖြစ်လောက်ပါဘူးဆိုပြီးတော့ လုပ်ခဲ့တဲ့ USA နဲ့ UK မှာ အားလုံးသိတဲ့အတိုင်းပါပဲ။ ယူအက်စ်အေဆိုရင် ထိပ်ဆုံးကို ဖြစ်သွားတယ်။ သိန်းနဲ့ သန်းနဲ့ချီ ဖြစ်ကုန်ကြပါတယ်။ အဲဒီတော့ Herd Immunity ကို မှေ့ထားရတော့မယ်။

အခုမေးတဲ့ မေးခွန်းအရ နံပါတ်(၁)က ကာကွယ်ဆေး၊ နံပါတ်(၂)က ကုသဆေးဖြစ်ပါတယ်။ အဲဒီကာကွယ်ဆေးကို ကမ္ဘာပေါ်မှာ လုပ်နေတာ အမျိုး ၂၀၀ ကျော်ပြီ။ ကာကွယ်ဆေးတစ်ခုဆိုတာ ဒီအတိုင်းကာကွယ်တယ်ဆိုပြီး လုပ်လို့မရဘူး။ တစ်ဖက်က ကာကွယ်နိုင်သလို နောက်တစ်ဖက်ကလည်း အန္တရာယ်မရှိဘူးဖြစ်ရမယ်။ နောက်တစ်ခုက ကာကွယ်တယ်ဆိုတာလည်း ဘယ်လောက်ကာကွယ်နိုင်မလဲ၊ တစ်လ ကာကွယ်မလား၊ နှစ်လ ကာကွယ်မလား၊ တစ်နှစ် ကာကွယ်မလား၊ နောက်ပိုင်း လူတိုင်းလူတိုင်း ထိုးလို့ရနိုင်မလား အဲဒါတွေကို အခုလောလောဆယ် ကျွန်တော်တို့ သိပ်ပညာစကားနဲ့ ပြောမယ်ဆိုရင်တော့ Phase တွေရှိပါတယ်။ Phase 3 ကျော်သွားတာ ကမ္ဘာပေါ်မှာ သတ်မှတ်ထားတာ ၆ ခု၊ ၇ ခုလောက်ပဲ ရှိပါသေးတယ်။ ဒါပေမယ့် လူတွေမှာ သုံးလို့မရသေးပါဘူး။ တစ်လောက အားလုံးသိကြပါတယ်။ ရုရှားမှာ စပေါ်လာတယ် လို့ပြောတယ်။ သူတို့နိုင်ငံမှာလည်း သုံးနေတယ်။ ဒါပေမယ့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကရော၊ US CDC ကရော ရာနှုန်းပြည့်တော့ သူတို့က အားမပေးသေးဘူး။ ပြန်စမ်းပါဦးလို့ ပြောနေတယ်။

အဲဒီတော့ ကာကွယ်ဆေးအခြေအနေက ဒီနှစ်ကုန်ပိုင်းလောက်မှ၊ ဒါမှမဟုတ် နောင်နှစ်ဆန်းလောက်မှ စိတ်ချလက်ချသုံးရမယ်ဆိုတာ တစ်ကမ္ဘာလုံးက လက်ခံထားပါတယ်။ အဲဒီတော့ ကာကွယ်ဆေးကတော့ ရာနှုန်းပြည့် အားကိုးလို့ မရသေးပါဘူး။

ကုသတဲ့ဆေးဆိုတာလည်း ရှင်းရှင်းပြောရရင် စပေါ်ရင် မတ်လကတည်းက စပြီးတော့ ဆေးတွေပေါင်းစုံရှာကြတယ်။ ဒီနေ့အထိတော့ ဘယ်ဆေးကတော့ ကိုဗစ်ကို ရာနှုန်းပြည့်နိုင်တယ် ပြောလို့ရတဲ့ ဆေးတစ်ခုမှ မရှိသေးပါဘူး။ ဒါပေမယ့် မျှော်လင့်ချက်ရှိတဲ့ ဆေးလေးတွေ ရှိတယ်။ အားလုံးပြောပြောနေတယ်။ အခုလည်းမေးမယ့်အထဲမှာ ပါလာမယ်ထင်ပါတယ်။ Remdesivir ဆိုတဲ့ဆေး၊ Gilead ကုမ္ပဏီက ထုတ်တဲ့ဆေး အဲဒီဆေးဆိုလည်း အခုဆေးတစ်ခုသုံးတော့မယ်ဆိုရင် FDA လို့ခေါ်တဲ့ အစားအစာနှင့် ဆေးဝါးကွပ်ကဲရေးအဖွဲ့ဆိုတာရှိပါတယ်။ အဲဒီအဖွဲ့ကလည်း ခုနပြောသလို အဆင့်တွေ လုပ်ပြီးတော့မှ လူတွေအားလုံးကို အန္တရာယ်မရှိဘူး၊ အာနိသင်လည်း ရှိတယ်ဆိုမှ ထုတ်ပေးရတာ။ အဲဒီ အခု Remdesivir ဆိုတဲ့ ဆေးလို အခု USA မှ FDA က ရာနှုန်းပြည့်ပေးတာ မဟုတ်ပေမယ့် EUA ခေါ်တဲ့ အရေးပေါ် အသက်ကယ်ရမယ့် လူတွေအတွက်ဆိုပြီး ထုတ်ပေးနေတာတွေ ရှိပါတယ်။ သူကနေ အခြားနိုင်ငံတွေမှာ ခွဲလုပ်ပေးနေတာတွေလည်း ရှိပါတယ်။

ထပ်ပြီးတော့လည်း လူတွေကို သောင်းနဲ့ချီပြီး စစ်နေတာတွေရှိပါတယ်။ ကျွန်တော် သိသလောက်ကတော့ ခုနအချိန်အတိုင်း အတာအရ ဆရာမခေါ်သန္တာလွင် ပြောသလိုပေါ့။ အတိအကျ ဆေးဝါးနဲ့ပတ်သက်လို့ကတော့ နောက်ရက်တွေမှာ နောက်ထပ်ပညာရှင်တစ်ယောက်က အစအဆုံး ဖြေပါလိမ့်မယ်။ အတိုချုပ်ဖြေရရင် ကာကွယ်ဆေးရော၊ ကုသဆေးရော ရာနှုန်းပြည့်ပြောလို့ရတဲ့ ဆေးမရှိသေးပါဘူး။ ကာကွယ်ဆေးက ရနိုင်ပါ့မလားဆိုတဲ့ စကားလုံးကတော့ တစ်နေ့ကလည်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ပြောသွားပါပြီ။ မှန်ပါတယ်။ နိုင်ငံကြီးတွေကထုတ်တော့ နိုင်ငံကြီးတွေက စျေးကြီးမယ်။ ဒါပေမယ့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးစီးပြီး ကျွန်တော်တို့ နိုင်ငံကနေ သတ်မှတ်ထားတဲ့ အဖွဲ့အစည်းတွေ ရှိပါတယ်။ အဲဒီအဖွဲ့အစည်းတွေနဲ့ ချိတ်ထားပါတယ်။ တကယ်တမ်းဖြစ်လာရင် ကျွန်တော်တို့ ရအောင်ယူနိုင်မယ့် အဆက်အသွယ်တွေ၊ အစီအစဉ်တွေ အားလုံးလုပ်ထားပါတယ်။ အများထိုးပြီဆိုရင်တော့ မြန်မာနိုင်ငံမှာလည်း ထိုးရမယ့်သဘောရှိပါတယ်။

ကုသဆေးကလည်း ကုသတဲ့နည်းတွေ ရှိပါတယ်။ ရောဂါပျော့ပျော့မှာတော့ ရောဂါကို ထိန်းတဲ့ သဘောပေါ့။ ရောဂါပြင်းလာတယ်။ ကျွန်တော်တို့ ဆေးလောကစကားနဲ့ ပြောရင်တော့ Cytokine တုံ့ပြန်မှုမုန်တိုင်းလို့ ခေါ်ပါတော့၊ Cytokine တုံ့ပြန်မှုမုန်တိုင်းမှာတော့ နိုင်ငံတကာမှာပေးနေတဲ့ ဆေးမျိုးတွေ ကျွန်တော်တို့ နိုင်ငံမှာလည်း ပေးနေကြပါတယ်။ နောက်တစ်ခုက ပြောတယ်။ ကုသဖို့ကို EUA နဲ့ ပေးထားတဲ့ဆေးတွေ ကျွန်တော်တို့ ဒီမှာ စမ်းသုံးနေတာလည်း ရှိတယ်လို့ ကျွန်တော်တို့ သိပါတယ်။ အဲဒီဆေးအတိအကျကို နောက်ရက်တွေမှာ ပညာရှင်တွေက ဆက်ဖြေပါလိမ့်မယ်။

ဒေါက်တာသန္တာလွင်။ ။ကျေးဇူးတင်ပါတယ် ဆရာကြီးများရှင်။

သမ္မတဒေါနယ်ထရမ့်နှင့် ဂျိုးဘိုင်ডင်တို့၏ ပထမဆုံးအကြိမ် နိုင်ငံရေးစကားစစ်ထိုးပွဲ စက်တင်ဘာ ၃၀ ရက်တွင် စတင်မည်

ဝါရှင်တန် စက်တင်ဘာ ၂၉

အမေရိကန်ရွေးကောက်ပွဲတွင် အကြိတ်အနယ်ဝင်ရောက်ယှဉ်ပြိုင်မည့် လက်ရှိသမ္မတဒေါနယ်ထရမ့်နှင့် ဂျိုးဘိုင်ডင်တို့၏ ပထမဆုံးအကြိမ် နိုင်ငံရေးစကားစစ်ထိုးပွဲကို စက်တင်ဘာ ၃၀ ရက်တွင် စတင်မည်ဖြစ်ကြောင်း သိရသည်။

ရီပတ်ပလီကန်ပါတီဝင် သမ္မတထရမ့်အနေဖြင့် ကနေဒီး ဆန္ဒခံယူရာတွင် ထောက်ခံမဲအသာစီးရရှိထားသည့် ဒုတိယသမ္မတဟောင်း ဂျိုးဘိုင်ডင်အား ယှဉ်ပြိုင်နိုင်မည်လားဆိုသည်ကို ဆက်လက်စောင့်ကြည့်ရမည်ဖြစ်သည်။ အဆိုပါ နိုင်ငံရေးစကားစစ်ထိုးပွဲကို စက်တင်ဘာ ၃၀ ရက် ညပိုင်းတွင် အိုဟိုင်းအိုးပြည်နယ်၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သမ္မတထရမ့်နှင့် ဂျိုးဘိုင်ডင်တို့သည် ကမ္ဘာတစ်ဝန်းကူးစက်ပျံ့နှံ့လျက်ရှိသည့် ကိုဗစ်-၁၉ ရောဂါ ကိုင်တွယ်ထိန်းချုပ်ခြင်းအပါအဝင် လူမျိုးရေးခွဲခြားဆက်ဆံမှု၊ တရားရုံးချုပ်တရားသူကြီးခန့်အပ်မှု စသည့် ဖြေရှင်းရခက်ခဲသော ခေါင်းစဉ်များနှင့်ပတ်သက်ပြီး ဆွေးနွေးပြောကြားရမည်ဖြစ်သည်။

သမ္မတထရမ့်က ၎င်းတာဝန်ထမ်းဆောင်ခဲ့သည့် လေးနှစ်တာကာလအတွင်း နိုင်ငံနှင့် လူမျိုးအကျိုးကို ရှေ့တန်းတင်ပြီး လုပ်ဆောင်ခဲ့သမျှအရာများကို ထုတ်ဖော်ပြောကြားကာ ဂျိုးဘိုင်ডင်ကို အနိုင်ယူရန်ကြိုးပမ်းရမည်ဖြစ်သလို ဂျိုးဘိုင်ডင်အနေဖြင့်လည်း နိုင်ငံအတွင်း၌ ကူးစက်ပျံ့နှံ့လျက်ရှိသည့် ကိုဗစ်-၁၉ ရောဂါကြောင့် ပြည်သူ့နှစ်သိန်းကျော်သေဆုံးခဲ့သည့်အတွက် သမ္မတထရမ့်၏ ရောဂါထိန်းချုပ်မှုလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် အားနည်းချက်များရှိနေသည်ကို ထောက်ပြကာ သမ္မတထရမ့်ကို အနိုင်ယူရန် ကြိုးပမ်းသွားရမည်ဖြစ်သည်။

ထို့ပြင် သမ္မတထရမ့်က ဂျိုးဘိုင်ডင်အနေဖြင့် သူ၏ နိုင်ငံရေးလုပ်သက်သည် နှစ်ပေါင်း ၅၀ နီးပါးရှိလာပြီဖြစ်သော်လည်း ထူးခြားကောင်းမွန်သော လုပ်ဆောင်ချက်များ ထွက်ပေါ်လာခြင်းမရှိသေးကြောင်းနှင့် ယခုအချိန်တွင် ဂျိုးဘိုင်ডင်၏ အသက်သည် ၇၇ နှစ်အရွယ်အတွင်း ရောက်ရှိနေပြီဖြစ်သည့်အတွက် နိုင်ငံနှင့် လူမျိုးအကျိုးကို မည်သို့ ထမ်းဆောင်သွားမည်လဲဆိုသည့် အချက်များဖြင့် သမ္မတထရမ့်က ဂျိုးဘိုင်ডင်အား မကြာသေးမီက ဝေဖန်ပြောကြားခဲ့သည်။

အလားတူ သမ္မတထရမ့်၏ လူမျိုးရေးကိစ္စရပ်များ အပေါ် ထင်မြင်ချက်ရေးသားမှုများနှင့် ကိုင်တွယ်ဖြေရှင်းမှုများသည် အမေရိကန်ပြည်ထောင်စုကို ပြိုကွဲသွားစေရန် ရည်ရွယ်လုပ်ဆောင်လျက်ရှိကြောင်းနှင့် ၎င်း၏အခွန်ရှောင်မှုတို့နှင့်ပတ်သက်ပြီး သမ္မတထရမ့်အား ဂျိုးဘိုင်ডင်က ဝေဖန်ပြောကြားခဲ့သည်။

သမ္မတထရမ့်သည် သမ္မတရာထူးတာဝန်များ မထမ်းရွက်မီ ၁၀ နှစ်တိုင်တိုင် ဝင်ငွေခွန်ပေးဆောင်ခြင်းမရှိခဲ့ကြောင်း၊ ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်တို့တွင် ဝင်ငွေခွန် ကန်ဒေါ်လာ ၇၅၀ ခန့်သာ ပေးဆောင်ခဲ့သည်ဟု သည်နယူးစ်ယောက်တိုင်းမ်သတင်းစာက သတင်းဖော်ပြခဲ့သည်။

သမ္မတထရမ့်နှင့် ဂျိုးဘိုင်ডင်တို့သည် ရွေးကောက်ပွဲကျင်းပမည့် နိုဝင်ဘာ ၃ ရက် မတိုင်မီ စကားစစ်ထိုးပွဲ သုံးကြိမ်တိုင်တိုင် ယှဉ်ပြိုင်သွားရမည်ဖြစ်သည်။

ကိုးကား - အင်နန်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

ဂျပန်နိုင်ငံ၌ ကျင်းပမည့် လေးနိုင်ငံအစည်းအဝေးသို့ အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယို တက်ရောက်မည်

တိုကျို စက်တင်ဘာ ၂၉

အမေရိကန်၊ အိန္ဒိယ၊ ဩစတြေးလျှနှင့် ဂျပန်နိုင်ငံတို့မှ ထိပ်တန်းသံတမန်များက ကိုရိုနာဗိုင်းရပ်စ်အရေး ဖြေရှင်းရန်နှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး မျက်နှာချင်းဆိုင်ဆွေးနွေးမှုများပြုလုပ်ရန် လာမည့်ရက်သတ္တပတ်တွင် တိုကျိုမြို့၌ တွေ့ဆုံကြမည်ဟု ဂျပန်နိုင်ငံက ယနေ့ ပြောကြားခဲ့သည်။

အဆိုပါလေးနိုင်ငံက လွတ်လပ်ပွင့်လင်းသော အင်ဒို-ပစိဖိတ် မျှော်မှန်းချက်တစ်ရပ် တိုးမြှင့်ဆောင်ရွက်ရန် "Quad" ခေါ် မဟာဗျူဟာမြောက် အဖွဲ့တစ်ခုကို မကြာသေးမီက ဖွဲ့စည်းခဲ့သည်။ အောက်တိုဘာ ၆ ရက်တွင် ကျင်းပမည့်အစည်းအဝေးသို့ အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယို၊ ဩစတြေးလျှ နိုင်ငံခြားရေးဝန်ကြီး မာရိုက်စ်ပေးနီ၊ အိန္ဒိယ ပြည်ပရေးရာဝန်ကြီး ဆူဘာရာမန် ရမ်ဂျိုင်ချန်ကာတို့လည်း တက်ရောက်မည်ဖြစ်သည်။ ပြီးခဲ့သည့်နှစ်က နယူးယောက်မြို့တွင် လေးပွင့်ဆိုင်အစည်းအဝေး ပထမအကြိမ် ကျင်းပပြီးနောက် ဒုတိယအကြိမ်အစည်းအဝေး လက်ခံကျင်းပမည်ဟု ဂျပန်နိုင်ငံခြားရေးဝန်ကြီး တိုရီမက်ဆုမိုတီဂိုက ကြေညာခဲ့သည်။

"ဒေသတွင်းရေးရာ ကိစ္စရပ်တွေနဲ့အတူ ကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့မှု ပြဿနာတွေကို ဘယ်လိုကိုင်တွယ်မလဲဆိုတာ အမြင်ချင်းဖလှယ်ဆွေးနွေးဖို့ မျက်နှာချင်းဆိုင်အစည်းအဝေးကျင်းပရမယ့် အချိန်ကောင်းဖြစ်ပါတယ်" ဟု ၎င်းက ပုံမှန်ရှင်းလင်းပွဲ၌ သတင်းထောက်များသို့ ပြောကြားခဲ့သည်။ ယခုအစည်းအဝေးသည် ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါစတင်ဖြစ်ပွားပြီး ဝန်ကြီးချုပ် ယိုရှိဟိုင်းဒဲဆူဂါ အာဏာရရှိလာပြီးနောက်ပိုင်း ဂျပန်နိုင်ငံက ဝန်ကြီးအဆင့် နိုင်ငံတကာ အစည်းအဝေး ပထမဆုံးအကြိမ် လက်ခံကျင်းပမှုဖြစ်လာမည်ဖြစ်သည်။

လာမည့်နွေရာသီတွင် ရွှေ့ဆိုင်းထားသော အိုလံပစ်ပြိုင်ပွဲကျင်းပရန် ပြင်ဆင်နေသည့် ဂျပန်နိုင်ငံက နိုင်ငံခြားသားများ အထူးသဖြင့် စီးပွားရေးကိစ္စဖြင့်လာရောက်သည့် ခရီးသွားများ အတွက်နယ်စပ်ဂိတ်များ တဖြည်းဖြည်းဖွင့်လှစ်ပေးလျက်ရှိသည်။ **ကိုးကား - အေအက်ဖ်ပီ**
ဘာသာပြန် - ကျော်ထိုက်စိုး

စွမ်းအင်ဖူလုံရေး၊ စျေးကွက်တည်ငြိမ်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုများတိုးမြှင့်ရန် G-20 နိုင်ငံများ သဘောတူ

တိုကျို စက်တင်ဘာ ၂၉

ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကြောင့် ထိခိုက်ခဲ့ရသော စီးပွားရေးလုပ်ငန်းများ ပြန်လည်ကောင်းမွန်လာစေရေး စွမ်းအင်ဖူလုံမှု အားပေးရန်နှင့် စျေးကွက်တည်ငြိမ်မှု မြှင့်တင်ရန်နည်းပညာနှင့် အခြေခံအဆောက်အအုံများ၌ ငွေကြေးရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန် G-20 နိုင်ငံများမှ စွမ်းအင်ဝန်ကြီးများက ယနေ့ တောင်းဆိုလိုက်သည်။

ကိုဗစ်-၁၉ ရောဂါ အကျပ်အတည်း၏ အကျိုးသက်ရောက်မှုကို မိမိတို့ဖြေရှင်းလျက်ရှိသည့်အပြင် စွမ်းအင်ဖူလုံမှုကလည်း စီးပွားရေးလုပ်ငန်းများ၊ စွမ်းအင်ရရှိမှုနှင့် စွမ်းအင်စျေးကွက်တည်ငြိမ်ရေးအတွက် အရေးပါသော လိုအပ်ချက်တစ်ခုဖြစ်သည်ကို အသိအမှတ်ပြုပါကြောင်း ဆော်ဒီအာရေဗျ နိုင်ငံက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် ဗီဒီယိုကွန်ဖရင့် အစည်းအဝေး ကျင်းပပြီးနောက် ဝန်ကြီးများက ပူးတွဲထုတ်ပြန်ချက် တစ်ခုအတွင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

အစည်းအဝေးတွင် စီးပွားရေး ပြန်လည်နာလန်ထူရန် အထောက်အပံ့ပေးသည့် စွမ်းအင်ကဏ္ဍ တည်ငြိမ်ရေးအတွက် မကြာသေးမီက ရင်းနှီးမြှုပ်နှံမှု လျော့နည်းလာခဲ့ကြောင်း ဝန်ကြီးများက ပြောကြားခဲ့ပြီး နယ်ပယ်အသီးသီးတွင် ပြည်သူနှင့် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရေး ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီခဲ့ကြသည်။

စွမ်းအင်စျေးကွက် တည်ငြိမ်ရေးနှင့် ဖူလုံရေးအတွက် စီးပွားရေးလုပ်ငန်းများသို့ ငွေကြေးထောက်ပံ့မှုပြုလုပ်ရေး၏ အရေးပါမှုကိုလည်း ၎င်းတို့က အလေးထား ဆွေးနွေးခဲ့ကြသည်။ အစည်းအဝေးပထမနေ့တွင် စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဟီရိုရှီကာဂျီယာမာက ဂျပန်နိုင်ငံအား ကိုယ်စားပြု တက်ရောက်ခဲ့ပြီး ဒုတိယမြောက်နေ့တွင် ဒုတိယဝန်ကြီး ယာဆူမာဆာနာဂါဆာကာ တက်ရောက်ခဲ့သည်။

ကိုဗစ်-၁၉ ကပ်ဘေးအတွင်း ကမ္ဘာ့ဝယ်လိုအား ကျဆင်းလာမှုအပေါ် စိုးရိမ်မှုများရှိကာ ရေနံစျေးနှုန်းများ သိသိသာသာ ကျဆင်းလာမှုကြောင့် G-20 မှ စွမ်းအင်ဝန်ကြီးများသည် ဗြေလအတွင်း အွန်လိုင်းမှတစ်ဆင့် အရေးပေါ် အစည်းအဝေးတစ်ရပ် ကျင်းပခဲ့သေးသည်။ မေလအတွင်း ရုရှားကဲ့သို့သော ရေနံတင်ပို့သည့် နိုင်ငံများက ကမ္ဘာ့ရေနံထုတ်လုပ်မှုကို ၁၀ ရာခိုင်နှုန်းဝန်းကျင် သို့မဟုတ် တစ်ရက်လျှင် စည်ပေါင်း ၉ ဒသမ ၇ သန်း ထုတ်လုပ်မှုလျှော့ချရန် သဘောတူခဲ့ကြသည်။

G-20 အဖွဲ့ကို အာဂျင်တီးနား၊ ဩစတြေးလျ၊ ဘရာဇီး၊ ဗြိတိန်၊ ကနေဒါ၊ တရုတ်၊ ပြင်သစ်၊ ဂျာမနီ၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ အီတလီ၊ ဂျပန်၊ မက္ကဆီကို၊ ရုရှား၊ ဆော်ဒီအာရေဗျ၊ တောင်အာဖရိက၊ တောင်ကိုရီး ယား၊ တူရကီ၊ အမေရိကန်နှင့် ဥရောပသမဂ္ဂတို့ဖြင့် ဖွဲ့စည်းထားသည်။

ကိုးကား - ကျိုဒိုနယူးစ်
ဘာသာပြန် - ကျော်ထိုက်စိုး

တရုတ်နိုင်ငံ အလယ်ပိုင်းရှိ ဓာတုစက်ရုံ ပေါက်ကွဲမှုဖြစ်ပွား ငါးဦး သေဆုံးပြီး တစ်ဦး ဒဏ်ရာရ

ပေကျင်း စက်တင်ဘာ ၂၉

တရုတ်နိုင်ငံအလယ်ပိုင်း ဟူပေပြည်နယ် စက်မှုဥယျာဉ်အတွင်း ဓာတုစက်ရုံတစ်ခု၌ ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့ရာ ငါးဦး သေဆုံးပြီး တစ်ဦး ဒဏ်ရာရရှိခဲ့သည်။

ပေါက်ကွဲမှုမှာ ဟူပေပြည်နယ်၏မြို့တော် ဝူဟန်မြို့အနောက်ဘက် တီယန်မင်မြို့ရှိ ယွဲ့ကော်စက်မှုဥယျာဉ်မှ ဓာတုစက်ရုံတစ်ခု၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ပြည်နယ်အရေးပေါ်စီမံခန့်ခွဲရေးဌာနက ပြောသည်။ ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေပြီး ဒဏ်ရာရရှိသူအား ဆေးရုံသို့ပို့ဆောင်ပေးခဲ့ကြကြောင်း သိရသည်။ ပေါက်ကွဲမှုဖြစ်ပွားရာ စက်ရုံသည် ဆေးဝါးထုတ်လုပ်မှုဆိုင်ရာ ကုန်ပစ္စည်းများ ထုတ်လုပ်သည့် Tianmen Chutian Chemical Company ပိုင် စက်ရုံဖြစ်သည်။

တရုတ်ပြည်မကြီးရှိ မီဒီယာများ၏ အွန်လိုင်း၌ဖော်ပြခဲ့သည့် ရုပ်သံဖိုင်များ၌ စက်ရုံအထက်ရှိ လေထုထဲသို့ မီးခိုးများ ထွက်ပေါ်နေပြီး အဆောက်အအုံအတွင်းမှ လူတစ်ဦးအား သယ်ဆောင်နေပုံကို ပြသခဲ့သည်။ ထို့အပြင် ရုပ်သံဖိုင်အတွင်း ရဲကားတစ်စီး၊ လူနာတင်ကားနှင့် မီးသတ်သမားများကို မြင်တွေ့ခဲ့ရသည်။ ဩဂုတ်လအတွင်းက ဟူပေပြည်နယ် ကျင်တောင်မြို့၌ ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့ရာ လူခြောက်ဦး သေဆုံးခဲ့ပြီး လေးဦး ဒဏ်ရာရရှိခဲ့သည်။ ၂၀၁၉ ခုနှစ် မတ်လအတွင်းက ကျင်းစုပြည်နယ်ရှိ ဓာတုစက်ရုံ၌ ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ရာ ၇၈ ဦး သေဆုံးခဲ့သည်။

၂၀၁၅ ခုနှစ် ဩဂုတ်လအတွင်း တီယန်ကျင်းမြို့ရှိ ကုန်လှောင်ရုံတစ်ခု၌ မီးလောင်မှုကြောင့် ပေါက်ကွဲမှုကြီးတစ်ခုဖြစ်ပွားခဲ့ရာ ၁၇၃ ဦး သေဆုံးခဲ့ပြီး ၈၀၀ ခန့် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ကိုးကား - ဆော့ချိုင်းနားမောနင်းပို့စ်
ဘာသာပြန် - ကျော်ထိုက်စိုး

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က နိုင်ငံ ၁၃၃ နိုင်ငံသို့ ကိုဗစ်-၁၉ ရောဂါစစ်ဆေးရေးကိရိယာများ ဖြန့်ဝေပေးမည်

ကုလသမဂ္ဂ စက်တင်ဘာ ၂၉

ဝင်ငွေနည်းပါးသောနိုင်ငံများနှင့် ဝင်ငွေအလယ်အလတ်ရှိသော နိုင်ငံများအား ကိုဗစ်-၁၉ ရောဂါ လျင်မြန်စွာစစ်ဆေးနိုင်သည့် စစ်ဆေးရေးကိရိယာ သန်း ၁၂၀ အား ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ယမန်နေ့က ပြောကြားခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ၎င်း၏မဟာမိတ်အဖွဲ့များက ကိုဗစ်-၁၉ ရောဂါစစ်ဆေးရေးကိရိယာများ ဖြန့်ဝေပေးခြင်းနှင့်ပတ်သက်ပြီး သဘောတူညီမှုရရှိခဲ့ပြီးနောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အကြီးအကဲ တီဒရော့စ်အက်ဒါနွမ်ဂါဘရီယီဆက်စ်က ပြောကြားခဲ့ခြင်းဖြစ်သည်။

အမေရိကန်နှင့် တောင်ကိုရီးယားကုမ္ပဏီများက ကိုဗစ်-၁၉ ရောဂါစစ်ဆေးရေးကိရိယာနှစ်မျိုးကို အောင်မြင်စွာစမ်းသပ်ထုတ်လုပ်နိုင်ခဲ့သည်။ အဆိုပါစမ်းသပ်ကိရိယာတစ်ခုလျှင် အမေရိကန်ဒေါ်လာ ငါးဒေါ်လာ တန်ဖိုးရှိပြီး ၁၅ မိနစ်မှ မိနစ် ၃၀ အတွင်း ယုံကြည်စိတ်ချရသော ရလဒ်ထွက်ပေါ်နိုင်ကြောင်း သိရသည်။

ထို့ပြင် အဆိုပါစမ်းသပ်ကိရိယာများကို ကျန်းမာရေးဝန်ထမ်းများအနေဖြင့် အလွယ်တကူအသုံးပြုနိုင်မည်ဖြစ်သည်။

ဗိုင်းရပ်စ်ပိုးကူးစက်ခံထားရခြင်း ရှိ၊ မရှိ စောစောသိလေလေ ဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှု ထိန်းချုပ်ရေးလုပ်ငန်းစဉ်များကို မြန်မြန်ဆန်ဆန် ဆောင်ရွက်နိုင်လေလေဖြစ်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အကြီးအကဲ တီဒရော့စ်အက်ဒါနွမ်ဂါဘရီယီဆက်စ်က ဆိုသည်။

အဆိုပါဗိုင်းရပ်စ်ပိုး ရှိ၊ မရှိ စမ်းသပ်နိုင်သောကိရိယာများကို ရောဂါကူးစက်မှုမြင့်တက်လျက်ရှိပြီး စမ်းသပ်ကိရိယာများ အလုံအလောက်မရှိသည့် အာဖရိက၊ တောင်အာဖရိကနှင့် အခြားသောဒေသများ အပါအဝင် နိုင်ငံ ၁၃၃ နိုင်ငံသို့ မကြာမီ ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကိုးကား- အင်နန်အိတ်ချ်ကေ
ဘာသာပြန်-အောင်ကျော်ကျော်

ကန်ဒေါ်လာ ၂ ဒသမ ၂ ထရီလီယံတန်ကြေးရှိ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စီးပွားရေးပြန်လည်ကုစားရေး ရန်ပုံငွေထူထောင်ရေးအစီအစဉ် အမေရိကန်အောက်လွှတ်တော် အဆိုပြု

ဝါရှင်တန် စက်တင်ဘာ ၂၉

အမေရိကန်ဒေါ်လာ ၂ ဒသမ ၂ ထရီလီယံတန်ကြေးရှိသော ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စီးပွားရေးပြန်လည်ကုစားရေး ရန်ပုံငွေထူထောင်ရေးအစီအစဉ်ကို အမေရိကန်အောက်လွှတ်တော်က အဆိုပြုခဲ့ပြီး အဆိုပါအရေးအတွက် အိမ်ဖြူတော်နှင့် ရီပတ်ပလီကန်ကိုယ်စားလှယ်များသည် နိုဝင်ဘာလတွင် ကျင်းပမည့် ရွေးကောက်ပွဲမတိုင်မီ သဘောတူညီချက် ရရှိနိုင်ရန်ကြိုးစားခဲ့သည်။

ဒီမိုကရက်တစ် ကိုယ်စားလှယ်များထံ ပေးပို့သော အိတ်ဖွင့်ပေးစာတွင် အောက်လွှတ်တော်အကြီးအကဲ နန်စီပလိုစီက ကန်ဒေါ်လာ ၂ ဒသမ ၂ ထရီလီယံတန်ကြေးရှိသော အဆိုပါအစီအစဉ်သည် လာမည့်လများအတွင်း နိုင်ငံသားများ၏ အသက်ဘေးကို ကာကွယ်ရန်နှင့် ဒီမိုကရေစီ၏ရှင်သန်မှုကို ကာကွယ်ရန် အတွက် အရင်းအမြစ်များကို ပံ့ပိုးပေးရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ယမန်နေ့က ပြောကြားသည်။

အထက်ပါ ငွေကြေးထောက်ပံ့ရေး အစီအစဉ်သည် ကျောင်းများ၊ အသေးစား စီးပွားရေးလုပ်ငန်းများ၊ စားသောက်ဆိုင်များ၊ တေးဂီတဖျော်ဖြေရေးနေရာများ၊ လေကြောင်းလိုင်းမှ ဝန်ထမ်းများအား ငွေကြေးထောက်ပံ့ပေးရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ ဒီမိုကရက်တစ်ကိုယ်စားလှယ်များအနေဖြင့် အမေရိကန် အလုပ်သမားများ တွေ့ကြုံနေရသည့် ကျန်းမာရေးနှင့် စီးပွားရေးဆိုင်ရာ အကျပ်အတည်းများကို ပြေလည်စေရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

မေလအတွင်းက အောက်လွှတ်တော်မှ ဒီမိုကရက်တစ်ကိုယ်စားလှယ်များက ကန်ဒေါ်လာ ၃ ဒသမ ၄ ထရီလီယံတန်ကြေးရှိသော ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စီးပွားရေးပြန်လည်ကုစားရေး ရန်ပုံငွေထူထောင်ရေးအစီအစဉ်ကို အဆိုပြုခဲ့သော်လည်း ရီပတ်ပလီကန်ကိုယ်စားလှယ်များထံမှ ထောက်ခံမှုမရရှိခဲ့ကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ

တောရိုင်းတိရစ္ဆာန်များအား ဆပ်ကပ်ပြပွဲများတွင် ကပြတင်ဆက်စေခြင်းကို ပြင်သစ်နိုင်ငံက ပိတ်ပင်သွားမည်

ပါရီ စက်တင်ဘာ ၂၉

တောရိုင်းတိရစ္ဆာန်များအား ဆပ်ကပ်ပြပွဲများတွင် ကပြတင်ဆက်စေခြင်း၊ လင်းပိုင်နှင့် ငါးမန်းများကို ဖမ်းဆီးမွေးမြူခြင်းများကို ပြင်သစ်နိုင်ငံက တဖြည်းဖြည်းချင်း ပိတ်ပင်သွားမည်ဟု တာဝန်ရှိသူများက ယနေ့ ပြောကြားသည်။ တောရိုင်းတိရစ္ဆာန်များနဲ့ပတ်သက်တဲ့ ကျွန်မတို့ရဲ့ ခံယူချက်ဟာပြောင်းလဲခဲ့ပါပြီဟု သဘာဝပတ်ဝန်းကျင်ဝန်ကြီး ဘာဘရာပွန်ပါလီက ပြောကြားသည်။ ယခုဆုံးဖြတ်ချက်သည် တိရစ္ဆာန်အခွင့်အရေးအတွက် သမိုင်းဝင်အောင်ပွဲတစ်ရပ်ဖြစ်ကြောင်း တောရိုင်းတိရစ္ဆာန်အခွင့်အရေးဆိုင်ရာ အုပ်စုဖြစ်သည့် PETA က ပြောကြားသည်။

အစိုးရအနေဖြင့် နိုင်ငံသားများ၏ လိုလားချက်ဖြစ်သည့် တောရိုင်းတိရစ္ဆာန်စောင့်ရှောက်ရေးအတွက် အရေးတယူဆောင်ရွက်ခြင်းကို ကြိုဆိုကြောင်း အခြားတောရိုင်းတိရစ္ဆာန်အခွင့်အရေးဆိုင်ရာအဖွဲ့အစည်းတစ်ခုကလည်း ပြောကြားသည်။

ပြင်သစ်နိုင်ငံတွင် လင်းပိုင်မွေးမြူရေးစခန်းများကို ထပ်မံတည်ဆောက်ခွင့်ပြုသွားမည် မဟုတ်ကြောင်း ဘာဘရာပွန်ပါလီက ပြောကြားသည်။ လင်းပိုင်များနှင့် ငါးမန်းများအား စောင့်ရှောက်ရန် နေရာတစ်ခုကို တာဝန်ရှိသူများကစီစဉ်နေကြောင်း ၎င်းက ပြောကြားသည်။

ကိုးကား-အေအက်ဖ်ပီ
ဘာသာပြန်-စိုးသူရ

ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ	ဗိုင်းရပ်စ်ပိုး ကူးစက်ခံရသူ ၃၃၅၉၃၁၅ ဦး	သေဆုံးသူ ၁၀၀၇၂၆၉ ဦး	ပြန်လည် ကျန်းမာလာသူ ၂၄၉၀၄၃၆ ဦး

ယခုနှစ် ငြိမ်းချမ်းရေးနိုဘယ်လ်ဆု ကနဦးစာရင်းတွင် သတင်းမီဒီယာသမားများကို ကာကွယ်ပေးသည့်ကော်မတီ (စီပီဂျေ) အဆင့်(၁) နေရာတွင်ရှိ

အော်စလို စက်တင်ဘာ ၂၉

ယခုနှစ် ငြိမ်းချမ်းရေးနိုဘယ်လ်ဆုအတွက် ကနဦး ရွေးချယ်ထားသည့်စာရင်းတွင် သတင်းမီဒီယာသမားများကို ကာကွယ်ပေးသည့်ကော်မတီ (စီပီဂျေ)က အဆင့်(၁) နေရာတွင် ရှိနေကြောင်း ယနေ့သတင်းများအရ သိရသည်။

ငြိမ်းချမ်းရေးဆိုင်ရာ သုတေသနအင်စတီကျူအော်စလို (ပီအာအိုင်အို)က ယခုနှစ် ငြိမ်းချမ်းရေးနိုဘယ်လ်ဆုရရှိနိုင်သည့် လူပုဂ္ဂိုလ် (သို့မဟုတ်) အဖွဲ့အစည်းများအား စာရင်းသွင်းပြုစုခဲ့ရာ သတင်းမီဒီယာသမားများကို ကာကွယ်ပေးသည့်ကော်မတီ (စီပီဂျေ)က အဆင့်(၁) နေရာတွင် ရှိနေကြောင်း သိရသည်။

မီဒီယာလွတ်လပ်ခွင့်ရရှိရေး

သတင်းမီဒီယာသမားများကို ကာကွယ်ပေးသည့်ကော်မတီ (စီပီဂျေ)သည် အမေရိကန်နိုင်ငံအခြေစိုက် နိုင်ငံတကာအဖွဲ့အစည်းတစ်ခုဖြစ်ပြီး ကမ္ဘာတစ်ဝန်းမီဒီယာလွတ်လပ်ခွင့်ရရှိရေးအတွက် အစဉ်အမြဲကြိုးပမ်းလျက်ရှိသည့် မီဒီယာသမားများအား ကာကွယ်စောင့်ရှောက်ပေးသည့် အဖွဲ့အစည်းတစ်ခုဖြစ်သည်။

မီဒီယာလွတ်လပ်ခွင့်နှင့် လွတ်လပ်စွာပြောဆိုခွင့်တို့၏ အရေးပါပုံကို မီးမောင်းထိုးပြရန် ရည်ရွယ်ချက်ဖြင့် ငြိမ်းချမ်းရေးဆိုင်ရာ သုတေသနအင်စတီကျူအော်စလို (ပီအာအိုင်အို)က သတင်းမီဒီယာသမားများကို ကာကွယ်ပေးသည့်ကော်မတီ (စီပီဂျေ)အား ယခုနှစ် ငြိမ်းချမ်းရေးနိုဘယ်လ်ဆုစာရင်းတွင် ထည့်သွင်းရွေးချယ်ထားခြင်းဖြစ်ကြောင်း သိရသည်။

အလားတူ ယခုနှစ်ငြိမ်းချမ်းရေးနိုဘယ်လ်ဆု ကနဦးစာရင်းတွင် ဆူဒန်အစိုးရအား ဆန့်ကျင်ဆန္ဒထုတ်ဖော်မှုများကို ဦးဆောင်ခဲ့သည့် ဆူဒန်ကျောင်းသူ အာလာဆာလာ၎် နှင့် မကြာသေးမီက အဆိပ်သင့်ဝေဒနာခံစားခဲ့ရသော ရုရှားအတိုက်အခံခေါင်းဆောင် အဲလက်စ်နာဗာနီတို့လည်း ပါဝင်ကြောင်း သိရသည်။

ထို့ပြင် လွန်ခဲ့သောခြောက်နှစ်အတွင်းက ဟောင်ကောင်အတွင်း၌ အစိုးရဆန့်ကျင်ဆန္ဒထုတ်ဖော်မှု (Umbrella Movement) တွင် ဦးဆောင်လှုပ်ရှားခဲ့သည့် နာသန်လောလည်း ပါဝင်သည်။

ယခုနှစ် ငြိမ်းချမ်းရေးနိုဘယ်လ်ဆုရရှိသည့် လူပုဂ္ဂိုလ် (သို့မဟုတ်) အဖွဲ့အစည်းအား အောက်တိုဘာ ၉ ရက်တွင် ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

ကိုးကား- အင်နန်အိတ်ချ်ကေ
ဘာသာပြန်- အောင်ကျော်ကျော်

ပထမအကြိမ်အဖြစ် ဂျပန်ဝန်ကြီးချုပ် ဆူဂါနှင့် ရုရှားသမ္မတ ပူတင်တို့ ဖုန်းဖြင့် ဆက်သွယ်ဆွေးနွေး

တိုကျို စက်တင်ဘာ ၂၉

ဂျပန်ဝန်ကြီးချုပ် ဆူဂါနှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့သည် ဖုန်းဖြင့် ယနေ့ ဆက်သွယ်ဆွေးနွေးခဲ့ကြောင်း၊ အဆိုပါဆက်သွယ်ဆွေးနွေးမှုသည် ဆူဂါအနေဖြင့် ယခုလ အစောပိုင်းက ဝန်ကြီးချုပ်အဖြစ် တာဝန်စတင်ထမ်းဆောင်ခဲ့ပြီးနောက် နှစ်နိုင်ငံခေါင်းဆောင်တို့အကြား ပထမအကြိမ် ဆက်သွယ်ဆွေးနွေးမှုဖြစ်လာကြောင်း ဂျပန်အစိုးရတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

နှစ်နိုင်ငံခေါင်းဆောင်တို့သည် ဆက်သွယ်ဆွေးနွေးစဉ် စစ်ပြီးကာလ ငြိမ်းချမ်းရေးသဘောတူစာချုပ်တစ်ရပ် ရရှိရေးဆိုင်ရာ နှစ်နိုင်ငံအကြား ညှိနှိုင်းဆွေးနွေးမှုများအား ဆက်လက်လုပ်ဆောင်ရန် ၎င်းတို့၏ ကတိကဝတ်ပြုမှုကို ထပ်လောင်းအတည်ပြုလိမ့်မည်ဖြစ်သလို နှစ်နိုင်ငံအကြား စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန်လည်း သဘောတူကြလိမ့်မည်ဟု မျှော်လင့်ရကြောင်း ၎င်းက ထပ်မံပြောကြားသည်။

ဂျပန်နှင့် ရုရှားနိုင်ငံတို့သည် ရုရှားက သိမ်းပိုက်ထားသည့် ဟောကိုင်းဒိုးကမ်းလွန်ပင်လယ်ရှိ ကျွန်းစုများနှင့် ပတ်သက်၍ ပိုင်နက်မြေအငြင်းပွားမှုကို ကိုင်တွယ်ဖြေရှင်းရန် နှစ်ရှည်လကြာ ကြိုးပမ်းလုပ်ဆောင်လာခဲ့ကြောင်း သိရသည်။ အဆိုပါ ကျွန်းစုများကို ဂျပန်က မြောက်ဘက်ပိုင်နက်မြေများဟု ခေါ်ဆိုပြီး ရုရှားက တောင်ဘက်ကူရီးလ်ကျွန်းစုဟု ခေါ်ဆိုသည်။ ယင်းပိုင်နက်မြေ အငြင်းပွားမှုကြောင့် ဒုတိယကမ္ဘာစစ် ကုန်ဆုံးခဲ့ပြီးနောက် (၇၅) နှစ်ကြာသည့်အထိတိုင် နှစ်နိုင်ငံအကြား ငြိမ်းချမ်းရေးစာချုပ်တစ်ရပ် လက်မှတ်မရေးထိုးနိုင်ခဲ့ခြင်းဖြစ်သည်။

ဆိုဗီယက်ပြည်ထောင်စုသည် ၁၉၄၅ ခုနှစ် ဒုတိယကမ္ဘာစစ်ကာလက ဂျပန်လက်နက်ချခဲ့ပြီးနောက် အဆိုပါ ကျွန်းစုများကို သိမ်းပိုက်ခဲ့သည်။ ရုရှားအစိုးရသည် အဆိုပါ ကျွန်းစုများကို စစ်ပွဲ၏ တရားဝင်အကျိုးရလဒ်တစ်ခု အနေဖြင့် ရရှိခဲ့ခြင်းဖြစ်သည်ဟု ပြောကြားသည်။ သို့သော် ဂျပန်အစိုးရသည် ရုရှားက ယင်းကျွန်းစုများအား သိမ်းပိုက်မှုနှင့်ပတ်သက်၍ တရားမဝင်ကြောင်း ပြောဆိုလေ့ရှိသည်။

ကိုးကား-ကျိုဒိုနယူးစ်
ဘာသာပြန်-ဂျေတီ

ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် ဂျပန်ဝန်ကြီးချုပ် ဆူဂါ

အိန္ဒိယ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၇၀၅၉၈ ဦး တွေ့ရှိပြီး ၇၇၆ ဦး သေဆုံး

နယူးဒေလီ စက်တင်ဘာ ၂၉

အိန္ဒိယနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၇၀၅၉၈ ဦး စမ်းသပ်တွေ့ရှိခဲ့ပြီးနောက် ရောဂါကူးစက်ခံရသူပေါင်း ၆၁၄၅၂၉ ဦး ရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ယနေ့ ပြောကြားသည်။

ထို့အတူ အိန္ဒိယ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ၇၇၆ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၉၆၃၁၈ ဦး ရှိလာကြောင်း သိရသည်။

အိန္ဒိယအစိုးရသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၁၀၁၃၉၇ ဦးကို အောင်မြင်စွာ ဆေးဝါးကုသပေးခဲ့ပြီး ဆေးရုံများမှ ပြန်ဆင်းခဲ့ကြရာ လတ်တလောအချိန်၌ လူနာ ၉၄၇၅၇၆ ဦးသာ နိုင်ငံတစ်ဝန်းရှိ ဆေးရုံများတွင် ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

အိန္ဒိယအစိုးရသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ထိန်းချုပ်ရန် ရောဂါစမ်းသပ်စစ်ဆေးမှုကို ဦးစားပေးလုပ်ဆောင်လာသည့်အတွက် စက်တင်ဘာ ၂၈ ရက်က တစ်ရက်အတွင်း ၁၁၂၄၈၁၁ ဦးတို့၏ နမူနာကို စမ်းသပ်စစ်ဆေးနိုင်ခဲ့ခြင်းနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားခဲ့ချိန်မှစ၍ စက်တင်ဘာ ၂၈ ရက်အထိ ၇၃၁၀၀၄၁ ဦးကို စမ်းသပ်စစ်ဆေးနိုင်ခဲ့ကြောင်း အိန္ဒိယဆေးသုတေသနကောင်စီမှ ထုတ်ပြန်သည့်အချက်အလက်များအရ သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - ဂျေတီ

နိုင်ငံတွင်းသို့ ကမ္ဘာလှည့်ခရီးသည် အရေအတွက် ခုနစ်သန်း လာရောက်ရန် သီရိလင်္ကာ မျှော်မှန်းထား

ကိုလံဘို စက်တင်ဘာ ၂၉

သီရိလင်္ကာအစိုးရအနေဖြင့် ယခုအချိန်မှ ၂၀၂၅ ခုနှစ်အထိ နိုင်ငံတွင်းသို့ ကမ္ဘာလှည့်ခရီးသည် အရေအတွက် ခုနစ်သန်း ဝင်ရောက်ရန် မျှော်မှန်းထားပြီး ဝင်ငွေ ကန်ဒေါ်လာ ၁၀ ဘီလီယံရရှိရန် ရည်မှန်းထားကြောင်း ခရီးသွားလုပ်ငန်းဝန်ကြီး ပရာဆီရာနာတန်ခါက ယနေ့တွင် ပြောကြားသည်။

ကိုရိုနာဗိုင်းရပ်စ် ဖြစ်ပွားမှုကြောင့် နိုင်ငံ၏ ခရီးသွားလုပ်ငန်းကို ထိခိုက်မှုရှိသော်လည်း အစိုးရအနေဖြင့် ထိုရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ကြိုးစားနေကြောင်း ပရာဆီက ပြောကြားသည်။ နိုင်ငံ၏ခရီးသွားလုပ်ငန်းကို အကူအညီပေးမည့် အဆိုပါအစီအမံကို ဝန်ကြီးအဖွဲ့သို့ တင်သွင်းပြီး သဘောတူညီချက်ရယူပြီးဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကြောင့် နိုင်ငံအတွင်းရှိ အပြည်ပြည်ဆိုင်ရာလေဆိပ်များကို တာဝန်ရှိသူများက မတ်လကတည်းက ပိတ်ထားခဲ့သည်။

နိုင်ငံတွင်း ပြန်လည်ဝင်ရောက်လာမည့် နိုင်ငံသားများအား လက်ခံပြီးချိန်နှင့် ကိုဗစ်-၁၉ ရောဂါ နိုင်ငံတစ်ဝန်းထိန်းချုပ်ပြီးစီးသည့်အချိန်တွင် လေဆိပ်များကို ပြန်လည်ဖွင့်လှစ်သွားမည်ဟု တာဝန်ရှိသူများက ပြောကြားသည်။

ကိုးကား -ဆင်ဟွာ
ဘာသာပြန်-စိုးသူရ

ကျိုဒိုနယူးစ် သတင်းတင်ဆက်သူအား ဂျပန်ဝန်ကြီးချုပ်ဆူဂါ၏ အထူးအကြံပေးအဖြစ် ခန့်အပ်

တိုကျို စက်တင်ဘာ ၂၉

ရုပ်မြင်သံကြားမှ နိုင်ငံရေးသတင်းများအား မကြာခဏ တင်ဆက်သူအဖြစ် လူသိများသော ကျိုဒိုနယူးစ်သတင်းဌာနမှ သတင်းတင်ဆက်သူ မေဂျီကာကီဇာကီသည် ဂျပန်ဝန်ကြီးချုပ် ဆူဂါ၏ အထူးအကြံပေးအဖြစ် ယနေ့ ခန့်အပ်ခြင်းခံရသည်။

အသက် ၅၉ နှစ်အရွယ် ကာကီဇာကီသည် အုပ်ချုပ်ရေးနှင့် စည်းမျဉ်းဥပဒေပြုပြင်ပြောင်းလဲရေးအတွက် မူဝါဒပြန်လည်သုံးသပ်ခြင်းနှင့် ဖြစ်နိုင်ဖွယ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကြံဉာဏ်ပေးခြင်း တာဝန်များကို ပေးအပ်ခြင်းခံရမည်ဖြစ်ကြောင်း သိရသည်။

ကာကီဇာကီသည် ဥပဒေပြုလွှတ်တော်အမတ်တစ်ဦးအဖြစ် အတွေ့အကြုံမရှိဘဲ ဝန်ကြီးချုပ်၏ အထူးအကြံပေးအဖြစ် ခန့်အပ်ခြင်းခံရသည့် ပထမဦးဆုံး သတင်းစာဆရာတစ်ဦးဖြစ်ကြောင်း ဝန်ကြီးချုပ်ရုံးမှ ပြောကြားချက်အရ သိရသည်။

ကာကီဇာကီ၏ ကျယ်ပြန့်သော ဗဟုသုတနှင့် အတွေ့အကြုံအပေါ် မူတည်၍ ဝန်ကြီးချုပ်အနေဖြင့် ၎င်း၏ အထူးအကြံပေးအဖြစ် ကာကီဇာကီကို ခန့်အပ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ဂျပန်အစိုးရ၏ ထိပ်တန်းပြောရေးဆိုခွင့်ရှိသူ ကတ်ဆူနိုဘူကာတိုက သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ထည့်သွင်းပြောကြားခဲ့သည်။

မကြာသေးမီအထိ ကျိုဒိုနယူးစ်သတင်းဌာနတွင် တာဝန်ထမ်းဆောင်ခဲ့သည့် ကာကီဇာကီသည် စက်တင်ဘာ ၃၀ ရက်တွင် ၎င်း၏အဖွဲ့အစည်းမှ ထွက်ခွာပြီး အောက်တိုဘာ ၁ ရက်မှစ၍ ဝန်ကြီးချုပ်၏ အထူးအကြံပေးတာဝန်ကို စတင်ထမ်းဆောင်မည်ဖြစ်ကြောင်း သိရသည်။

ကာကီဇာကီ၏ ဇာတိမှာ ဝန်ကြီးချုပ်ဆူဂါနည်းတူ ဂျပန်နိုင်ငံ၏ မြောက်ဘက်အာကီတာစီရင်စုနယ်ဖြစ်ပြီး ဝါဆီဒါတက္ကသိုလ်မှ ဘွဲ့ရရှိခဲ့ပြီးနောက် ဂျပန်နိုင်ငံရှိ အဓိကသတင်းစာများအနက် တစ်ခုအပါအဝင်ဖြစ်သော မိုင်နိချီရှင်ဘွန်းသတင်းစာတွင် အလုပ်လုပ်ကိုင်ခဲ့ကာ ၁၉၈၈ ခုနှစ်တွင် ကျိုဒိုနယူးစ်သတင်းဌာနသို့ ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ခဲ့ကြောင်း သိရသည်။

ကိုးကား - ကျိုဒိုနယူးစ်၊ ဘာသာပြန် - ဂျေတီ

ညောင်ဦးမြို့ ရွှေစည်းခုံစေတီတော် တောင်ဘက်စောင်းတန်းရှိ ထုပ်တန်းပြိုကျမှု ဖြစ်ပွား

ညောင်ဦး စက်တင်ဘာ ၂၉

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်ရှိ ရွှေစည်းခုံစေတီတော်ကြီး၏ တောင်ဘက်စောင်းတန်း (ခေါ်) မေတ္တာစောင်းတန်းကြီး၏ ကွန်ကရစ်ထုပ်တန်းကျိုးကျမှု ယနေ့ နံနက် ၆ နာရီခွဲက ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ညောင်ဦးမြို့နယ် ရွှေစည်းခုံစေတီတော်ကြီး၏ တောင်ဘက်စောင်းတန်း (ခေါ်) မေတ္တာစောင်းတန်း မြောက်ဘက်အစွန်ဆုံးရှိ အုတ်တိုင်နှစ်တိုင်ကို ဆက်သွယ်ထားသည့် အရှည်ပေ ၂၀ ရှိ ကွန်ကရစ်ထုပ်တန်းမှာ ယနေ့ နံနက် ၅ နာရီက မိုးရွာသွန်းမှုကြောင့် ရေစိမ့်ဝင်သည့်နေရာမှ စတင်ကာ အုတ်များဖြည်းဖြည်းချင်း ပွဲ့ထွက်လာပြီး နံနက် ၆ နာရီခွဲတွင် ကျိုးကျခဲ့ကြောင်း သိရသည်။ ကျိုးကျခဲ့သည့် ကွန်ကရစ်ထုပ်တန်းသည် ၁၉၆၁ ခုနှစ်က ပြုလုပ်ခဲ့ခြင်းဖြစ်ကာ မိုးရေယိုစိမ့်မှုကြောင့် အန္တရာယ်ရှိနေရာအဖြစ် သတိပေးဗီနိုင်းများ ကပ်ထားခဲ့ကြောင်း၊ ကွန်ကရစ်ထုပ်တန်းပြိုကျမှုကြောင့် တစ်စုံတစ်ရာထိခိုက်မှုမရှိခဲ့ကြောင်း သိရသည်။

ကိုထိန်(ပြန်/ဆက်)

ဖားကန့်၊ မိုးညှင်း၊ ကျိုင်းတုံ မြို့နယ်တို့၌ စိတ်ကြွရှူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နော်ဆိုင်၊ မနီနီဝင်းတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွဆေးပြားများနှင့် အတူ တွေ့ရစဉ်။

နေပြည်တော် စက်တင်ဘာ ၂၉

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် ဖားကန့်မြို့နယ် ကျောက်စိမ်း(တောင်) ကျေးရွာနေ နော်ဆိုင်၏နေအိမ်ကို ရှာဖွေရာ ၎င်းနှင့်အတူ မနီနီဝင်းအား တွေ့ရှိရပြီး စိတ်ကြွဆေးပြား ၆၃၀၀၊ စိတ်ကြွဆေးမှုန့် သုည ဒသမ ၀၂ ကီလို၊ ငွေကျပ် လေးသိန်း၊ လက်ကိုင်ဖုန်း တစ်လုံးတို့ကို လည်းကောင်း၊ အလားတူ ယင်းနေ့ ညနေ ၆ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုးညှင်းမြို့နယ် နန့်မွန်းမြို့အနီး နန့်မွန်း-ဘီလူးသွားကားလမ်း၌ သန်းနိုင်ထူး မောင်းနှင်လာသော ဆိုင်ကယ်၊ မောင်မောင်သန်း မောင်းနှင်လာသော ဆိုင်ကယ်နှင့် ထွန်းကျော် မောင်းနှင်ပြီး မောင်၈၄ လိုက်ပါလာသော ဆိုင်ကယ်တို့အား ရပ်တန့် စစ်ဆေးရှာဖွေရာ စိတ်ကြွဆေးပြား ၁၆၀၂၀ တို့ကို လည်းကောင်း။

ထို့အတူ ယင်းနေ့မွန်းတည့် ၁၂ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ကျိုင်းတုံမြို့နယ် ယန်းခကျေးရွာအုပ်စု ဝိုင်းရွဲ့ကျေးရွာအနီးရှိ အာဘော်ညီး၏ နေအိမ်ယာတဲကိုရှာဖွေရာ ၎င်းမှာ တိမ်းရှောင်သွားခဲ့ပြီး လုကျီအား တွေ့ရှိထိန်းသိမ်း၍ ဘိန်းစိမ်း သုည ဒသမ ၉ ကီလို၊ စိတ်ကြွဆေးပြား ၁၈၀၀ တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်

ကျောက်မဲမြို့၌ ညွှန်ကြားချက်အား လိုက်နာမှုမရှိဘဲ ဖွင့်လှစ်နေသည့် ကေတီဗီဆိုင်တစ်ဆိုင်အား အရေးယူ

ကျောက်မဲ စက်တင်ဘာ ၂၉

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု မြင့်တက်နေသည့် ကာလအတွင်း ပိတ်သိမ်းထားရန် တာဝန်ရှိသူများ၏ ညွှန်ကြားချက်များကို လိုက်နာမှုမရှိဘဲ ဖွင့်လှစ်ခဲ့သည့် ကျောက်မဲမြို့ အမှတ် (၂) ရပ်ကွက် နယ်မြေ ၁၂ နမ့်တုံရပ်ရှိ လမင်းအိမ်ကေတီဗီဆိုင်ရှင်နှင့် အလုပ်သမားများအား ယမန်နေ့ညက အရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကော်မတီက ကိုဗစ်ရောဂါကာလအတွင်း ကေတီဗီဆိုင်များ ပိတ်သိမ်းထားရန် ထုတ်ပြန်ထားသည့် အမိန့်၊ ညွှန်ကြားချက်၊ တားမြစ်ချက်များကို ကျောက်မဲမြို့နယ်အတွင်းရှိ ကေတီဗီဆိုင်များ လိုက်နာမှု ရှိ၊ မရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးသောင်းထွဋ်လင်း ဦးဆောင်ပြီး နယ်ထိန်းအရာရှိ ဒုရဲအုပ် လှိုင်မင်းသန်းနှင့် ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းပါဝင်၍ ကွင်းဆင်းစစ်ဆေးလျက်ရှိရာ ယမန်နေ့ည ၉ နာရီခွဲခန့်က လမင်းအိမ်ကေတီဗီဆိုင်အား ဝင်ရောက်စစ်ဆေးစဉ် တားမြစ်ချက်များကို လိုက်နာမှုမရှိကြောင်း တွေ့ရှိခဲ့ရသည့် အတွက် ဆိုင်ရှင် အမျိုးသမီးနှင့် အလုပ်သမား လေးဦးတို့ကို ကျောက်မဲမြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

မိုင်းထွန်း(ပြန်/ဆက်)

ဟဲဟိုး၌ ချော်တူးအလုပ်သမားသုံးဦး အောက်ဆီဂျင်ပြတ်သေဆုံး

ဟဲဟိုး စက်တင်ဘာ ၂၉

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟဲဟိုးမြို့ ဘော်ဆိုင်းကျေးရွာအုပ်စု ကံသာရပ်ကွက်၌ အနက်ပေ ၁၀၀ ရှိ ခဲသတ္တုတွင်းတစ်ခုတွင် ချော်တူးအလုပ်သမား သုံးဦး အောက်ဆီဂျင်ပြတ်သေဆုံးမှု ယမန်နေ့ ညနေပိုင်းက ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ယမန်နေ့ညနေ ၅ နာရီခွဲခန့်က ဟဲဟိုးမြို့မြောက်ဘက် ၁၉ မိုင်ခန့်အကွာ ဘော်ဆိုင်းကျေးရွာအုပ်စု ကံသာရပ်ကွက် ဒေါ်နန်းဟောင်၏ မြေကွက်အတွင်းရှိ ချော်တွင်းတွင် ချော်တူးနေသူ သုံးဦး အောက်ဆီဂျင်ပြတ်၍ အသက်ရှူရပ်ကာ သေဆုံးသွားကြောင်း သတင်းအရ ခေတ္တဘော်ဆိုင်းရဲကင်းစခန်းမှူး ရဲအုပ်စိန်ဝင်းနှင့်အဖွဲ့က အခင်းဖြစ်ရာသို့ သွားရောက်စစ်ဆေးရာ သန်းစင်(ခ)စိုးပေ၊ ဖိုးကျော်(ခ)သန်းထွေး၊ ဇော်လင်းမောင်နှင့် ကျော်မျိုးဦးတို့ လေးဦးသည် ကျင်းအနက် ပေ ၁၀၀ ခန့်ရှိ ခဲသတ္တုတွင်းအတွင်း ချော်တူးရန် ဆင်းသွားရာမှ အောက်ဆီဂျင် ပြတ်လတ်သဖြင့် ကျော်မျိုးဦးမှာ တွင်းအပေါ်သို့ ပြန်လည်တက်ရောက်ခဲ့ကြောင်း၊ ကျန်သုံးဦးမှာ ကျန်ခဲ့ပြီး ပြင်ပဒဏ်ရာမရှိဘဲ သေဆုံးနေကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။

သေဆုံးသူ သုံးဦးနှင့်ပတ်သက်၍ ဓမ္မတာအတိုင်း အောက်ဆီဂျင်ပြတ် သေဆုံးခြင်း ဟုတ်၊ မဟုတ် စစ်ဆေးနိုင်ရန် ဟဲဟိုးနယ်မြေရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

မိုးညှိမြို့နယ်ရဲတပ်ဖွဲ့ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

မိုးညှိ စက်တင်ဘာ ၂၉

အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၅၆)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး မိုးညှိမြို့နယ်ရဲတပ်ဖွဲ့က စက်တင်ဘာ ၂၄ ရက်တွင် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ရဲတပ်ဖွဲ့မှ မြို့မရဲစခန်းမှူး ဒုရဲမှူးကျော်စိန်ဝင်း ဦးဆောင်၍ အရာရှိများ၊ ရဲတပ်ဖွဲ့ဝင်များသည် မိုးညှိမြို့ သခင်လှရှိန်ရပ်ကွက်ရှိ မြို့၏ကျက်သရေဆောင်ဖြစ်သော မဟာသုမင်္ဂလသီဟ ကြေးသွန်းဘုရားကြီး ပရိဝုဏ်အတွင်း/အပြင်တို့တွင် သန့်ရှင်းသာယာလှပရေးအတွက် ချုံနွယ်များ၊ မြက်များ၊ အမှိုက်များအား ရှင်းလင်းခြင်း၊ ရုပ်ပွားတော်မြတ်ကြီး ကိန်းဝပ်ရာ ဂန္ဓကုဋီတိုက်နှင့် ဓမ္မာရုံများအတွင်း သန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကိုမင်း(မိုးညှိ)

(၅၆)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်ရဲတပ်ဖွဲ့ မြို့မရဲစခန်းမှူးရဲမှူး သိန်းဇော် ဦးဆောင်၍ တပ်ဖွဲ့ဝင်များ စက်တင်ဘာ ၂၈ ရက်က ဝါဆိုရပ်ကွက်ရှိ မြို့အရှေ့ကန် အတွင်း/အပြင် သန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။

ကျော်ကျော်(ဒိုက်ဦး)

အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

ရွေးကောက်ပွဲများသည် -

- ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။
- ဒီမိုကရေစီရှင်သန်စေရေး၏ ရေသောက်မြစ်ဖြစ်သည်။
- ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မဖြစ်သည်။

ရွေးကောက်ပွဲကျင်းပရန်

၃၉

ရက်သာ

လိုတော့သည်။

မဲဆန္ဒရှင်ပြည်သူများသို့ မေတ္တာရပ်ခံချက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် ပြည်ထောင်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်း ရရှိရန် ၂၀၁၉ ခုနှစ်တွင် အခြေခံမဲဆန္ဒရှင်စာရင်းများကို ပြုစုခဲ့ပြီး လစဉ်ပြင်ဆင်ခြင်း/ဖြည့်စွက်ခြင်း/ ပယ်ဖျက်ခြင်းများကို သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ဆောင်ရွက်ခဲ့ပါသည်။ စိစစ်ပြုစုပြီး မဲဆန္ဒရှင်စာရင်းကို ပထမအကြိမ်အဖြစ် ၂၅-၇-၂၀၂၀ ရက်နေ့မှ ၁၄-၈-၂၀၂၀ ရက်နေ့အထိ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများနှင့် ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများတွင် ကပ်ထားကြေညာခဲ့ပြီး မဲဆန္ဒရှင်ပြည်သူများမှလည်း လိုအပ်သည့်တောင်းဆိုမှု၊ ပြင်ဆင်မှု၊ ကန့်ကွက်မှုများ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

၂။ ယင်းသို့ တောင်းဆိုမှု၊ ပြင်ဆင်မှု၊ ဖြည့်စွက်မှုများအရ ထပ်မံစိစစ်ပြုစုထားသည့် မဲဆန္ဒရှင်စာရင်းများကို ၁-၁၀-၂၀၂၀ ရက်နေ့မှ ၁၄-၁၀-၂၀၂၀ ရက်နေ့အထိ သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများနှင့် ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများတွင် **နောက်ဆုံးအကြိမ် (နောက်ဆုံးအကြိမ်)**အဖြစ် ၁၄ ရက်ကြာ ထပ်မံကပ်ထားကြေညာမည်ဖြစ်ပါသည်။ ပြည့်စုံမှန်ကန်သည့် မဲဆန္ဒရှင်စာရင်း ရရှိနိုင်ရေးအတွက် မဲဆန္ဒရှင်များအနေဖြင့် သက်ဆိုင်ရာ မဲစာရင်းတွင် မိမိအမည် ပါဝင်ခြင်း ရှိ/မရှိ လာရောက်ကြည့်ရှုရန်ဖြစ်ပါသည်။

၃။ သက်ဆိုင်ရာက အချိန်ကာလ/နေရာဒေသအလိုက် ထုတ်ပြန်သည့် ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များနှင့် အခြားအကြောင်းအမျိုးမျိုးကြောင့် မဲဆန္ဒရှင်စာရင်း လာရောက်ကြည့်ရှုရန် အခက်အခဲရှိသည့် မဲဆန္ဒရှင်များအနေဖြင့် လည်း ၄-၉-၂၀၂၀ ရက်နေ့အထိ ပြုစုထားသော မဲဆန္ဒရှင်စာရင်းများကို ထည့်သွင်းထားသည့် Web Application ဖြစ်သော findyourpollingstation.uec.gov.mm တွင် မဲစာရင်းကို ဝင်ရောက်ကြည့်ရှုစစ်ဆေးနိုင်ပါသည်။ ထို့အပြင် Mobile Application ဖြစ်သည့် findyourpollingstation.apk ကို Google Play Store တွင် Download ရယူပြီး မိမိတို့၏အမည် မဲစာရင်းတွင် ပါ/မပါ စစ်ဆေးနိုင်ရန်လည်း စီစဉ်ထားရှိပါသည်။

၄။ သို့ဖြစ်ပါ၍ မဲဆန္ဒရှင်များအနေဖြင့် မဲဆန္ဒရှင်စာရင်းကို လာရောက် / ဝင်ရောက်ကြည့်ရှုပြီး မိမိအမည် မဲစာရင်းတွင် မပါဝင်ပါက ပုံစံ (၃) ဖြင့် မဲစာရင်းတွင် အမည်ထည့်သွင်းပေးရန် တောင်းဆိုခြင်း၊ မပါဝင်သင့်သူများပါဝင်နေပါက ပုံစံ (၄) ဖြင့်ကန့်ကွက်ခြင်း၊ မဲစာရင်းပါ အချက်အလက်များ မှားယွင်းနေပါက ပုံစံ (၄-ဂ) ဖြင့် ပြင်ဆင်လွှာ တင်သွင်းခြင်းတို့ကို မဲစာရင်းကပ်ထားကြေညာသည့် ၁၄ ရက်အတွင်း ဆောင်ရွက်ရန်ဖြစ်ပါသည်။ လိုအပ်သောပုံစံများကို လည်း ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ (အခမဲ့) ရယူနိုင်ပါသည်။

၅။ ထို့အပြင် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မဲစာရင်းလာရောက်/ ဝင်ရောက်ကြည့်ရှုချိန်တွင် မိမိနှင့် မိသားစုတို့၏ မဲစာရင်းအမှတ်စဉ်ကို မှတ်သားထားရှိစေလိုပါသည်။ သို့မှသာ ရွေးကောက်ပွဲနေ့ မဲရုံတွင် မဲလက်မှတ်ထုတ်ယူရာ၌ မဲစာရင်းအမှတ်စဉ်ဖြင့် မိမိ၏အမည်ကို အလွယ်တကူရှာဖွေနိုင်ပြီး အချိန်ကုန်သက်သာစေမည် ဖြစ်ပါသည်။

၆။ ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရေးနှင့် ရွေးကောက်ပွဲနေ့တွင် လွယ်ကူစွာ မဲပေးနိုင်ရေးအတွက် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် အိမ်ထောင်စုတစ်စုလျှင် အနည်းဆုံးတစ်ဦး (မပျက်မကွက်) လာရောက်ကြည့်ရှုခြင်း၊ လာရောက်ကြည့်ရှုရန် အခက်အခဲရှိပါက မဲဆန္ဒရှင်စာရင်းကြည့်ရှုစစ်ဆေးသည့် Web Application နှင့် Mobile Application များတွင် ဝင်ရောက်ကြည့်ရှုစစ်ဆေးခြင်းများ ဆောင်ရွက်ကြပါရန်နှင့် မိမိနှင့်မိသားစုတို့၏ မဲစာရင်းအမှတ်စဉ်များကို မှတ်သားထားခြင်းဖြင့် ရွေးကောက်ပွဲနေ့ မဲရုံတွင် မဲလက်မှတ်ထုတ်ယူရာ၌ အချိန်ကုန်သက်သာစေရေး ပူးပေါင်းကူညီဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

၇။ Web Application နှင့် Mobile Application အသုံးပြု၍ မဲဆန္ဒရှင်စာရင်း စစ်ဆေးရမည့် နည်းလမ်းကို UEC Website နှင့် Facebook စာမျက်နှာတို့တွင် ဖော်ပြထားမည် ဖြစ်ပါသည်။

၈။ Web Application နှင့် Mobile Application တို့ကို အသုံးပြုသည့်အခါ တစ်ချိန်တည်းတွင် အသုံးပြုသည့် User အများ/အနည်းပေါ်မူတည်၍ အချိန်ကြန့်ကြာခြင်းများလည်း ဖြစ်ပေါ်နိုင်ပါသဖြင့် စိတ်ရှည်စွာဖြင့် အချိန်ပေးပြီး ဝင်ရောက်ကြည့်ရှုနိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

မဲဆန္ဒရှင်စာရင်းတွင် မိမိအမည်ပါ မပါ အွန်လိုင်းကတစ်ဆင့် စစ်ဆေးပါ

၂၀၂၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို မကြာမီကျင်းပတော့မည် ဖြစ်ပါသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် မဲဆန္ဒရှင်စာရင်းများကို အောက်တိုဘာလ ၁ ရက်နေ့တွင် ဒုတိယအကြိမ် ကပ်ထားကြေညာမည်ဖြစ်ပါသည်။ ယခုတစ်ကြိမ်သည် မဲစာရင်းစစ်ဆေးရန် နောက်ဆုံးအခွင့်အရေးဖြစ်သည့်အတွက် မဲဆန္ဒရှင်စာရင်းတွင် ပါဝင်ရန်နှင့် အချက်အလက်များ မှားယွင်းမှုမရှိစေရန် ကြည့်ရှုစစ်ဆေးခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်စေလိုပါသည်။ မိမိ၏အမည်ကို အောက်တိုဘာလ ၁ ရက်နေ့မှစတင်၍ အွန်လိုင်းမှတစ်ဆင့် ကြည့်ရှုစစ်ဆေးနိုင်မည် ဖြစ်ပါသည်။ ကြည့်ရှုစစ်ဆေးသူဦးရေ များပြားနိုင်သည့်အတွက် အဆင်မပြေမှုများ ဖြစ်ပေါ်ပါက နောက်တစ်ကြိမ် ထပ်မံကြိုးစားပေးရန် မေတ္တာရပ်ခံလိုပါသည်။ အွန်လိုင်းမှတစ်ဆင့် မိမိ၏အမည်ကို စစ်ဆေးနိုင်ရန် ကျေးဇူးပြု၍ အောက်ပါအဆင့်များအတိုင်း လုပ်ဆောင်ပါ။

အဆင့် (၁) – သင်၏ computer သို့မဟုတ် mobile phone ၏ browser တွင် https://findyourpollingstation.uec.gov.mm လိပ်စာကိုရိုက်ထည့်ပါ။ သို့မဟုတ် အောက်ပါ QR Code ကို Scan ဖတ်ပါ။

အဆင့် (၂) – ဝက်ဘ်ဆိုက်သို့ရောက်ရှိပါက **"စတင်မည်"** ကိုနှိပ်ပါ။ ဒုတိယစာမျက်နှာသို့ရောက်ရှိပါက သင်၏တိုင်းဒေသကြီး/ပြည်နယ်နှင့် မြို့နယ်အမည်တို့ကို ရွေးချယ်ပါ။ ထို့နောက် သင်၏အချက်အလက်များကို ယူနီကုဒ်ဖောင့်အသုံးပြု၍ ဖြည့်သွင်းပါ။ * ပြသထားသောနေရာများတွင် မဖြစ်မနေထည့်သွင်းရမည်။ မှတ်ပုံတင်နံပါတ်ဖြစ်စေ၊ မွေးသက္ကရာဇ်ဖြစ်စေ တစ်ခုခုကို ဖြည့်သွင်းရပါမည်။

အဆင့် (၃) – ထို့နောက် **"ရှာမည်"** ကိုနှိပ်ပါ။

အကယ်၍ မဲဆန္ဒရှင်စာရင်းတွင် မိမိအမည်မပါဝင်ပါက သို့မဟုတ် ကိုယ်ရေးအချက်အလက်များ မှားယွင်းနေပါက ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲထံ သွားရောက်၍ လိုအပ်သည့်ပုံစံများ တောင်းယူဖြည့်စွက်ပါ။ ကြည့်ရှုစစ်ဆေးရန်အသေးစိတ်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ အင်တာနက်စာမျက်နှာ – https://uec.gov.mm နှင့် Facebook စာမျက်နှာ – https://www.facebook.com/uecmyanmar တို့တွင်လည်း လေ့လာနိုင်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

သက်ဆိုင်ရာလွတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ (ဃ) အရ ရွေးကောက်ပွဲတစ်ခုခုတွင် မိမိဆန္ဒမဲပေးပိုင်ခွင့်ရှိသော လွတ်တော်မဲဆန္ဒနယ်အတွက် တစ်ကြိမ်ထက်ပိုမို ဆန္ဒမဲပေးခြင်း မပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်အပ်ဖြစ်စေ၊ ကျပ်တစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရနိုင်သည်။

ကိုယ်ပိုင်အခွင့်အရေး မဆုံးရှုံးဖို့ မဲရုံသွားကာ မဲပေးစို့ . . .

ဇိုတိုင်းရင်းသားဒေသဖွံ့ဖြိုးရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၂၉

ဇိုတိုင်းရင်းသားဒေသဖွံ့ဖြိုးရေးပါတီဥက္ကဋ္ဌ ဦးခမ်အင်ထန်းက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၂၉ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ဇိုတိုင်းရင်းသားဒေသဖွံ့ဖြိုးရေးပါတီဥက္ကဋ္ဌ ဦးခမ်အင်ထန်းဖြစ်ပါတယ်။

ဇိုတိုင်းရင်းသားဒေသဖွံ့ဖြိုးရေးပါတီကို အင်္ဂလိပ်လို Zo National Region Development Party လို့ ခေါ်ပါတယ်။ အတိုကောက် Zo Party လို့လည်း ခေါ်ကြပါတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်မှာ လူမျိုးနွယ်စု (၁၃၅)မျိုး ပါဝင်တဲ့ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း စတဲ့ တိုင်းရင်းသားလူမျိုး(၈)မျိုးတို့နှင့် ဖွဲ့စည်းနေထိုင်တာ အားလုံးသိကြပြီးဖြစ်ပါတယ်။

ကျွန်တော်တို့ ဇိုလူမျိုးနွယ်စုဟာ လူမျိုးနွယ်စု(၅၃)ခုနှင့် ဖွဲ့စည်းထားတဲ့ ချင်းအုပ်စုမှာ ပါဝင်ပါတယ်။ ဇိုဆိုတဲ့ အခေါ်အဝေါ်ဟာ လူပုဂ္ဂိုလ်အမည်ဖြစ်ပြီး ချင်းလူမျိုးအားလုံးဟာ အဆိုပါ PuZo လို့ ခေါ်တဲ့ပုဂ္ဂိုလ်မှ ဆင်းသက်လာတယ်လို့ အဆိုရှိပါတယ်။ ကျွန်တဲ့ချင်းလူမျိုးနွယ်စုအမည်များဟာ နေရာဒေသ အမည်များဖြစ်တယ်လို့ လေ့လာမှတ်သားရပါတယ်။

ကျွန်တော်တို့ ဇိုတိုင်းရင်းသားဒေသဖွံ့ဖြိုးရေးပါတီရဲ့ အဓိကဆောင်ပုဒ်ကတော့ မျိုးချစ်ဝါဒမှ ပြည်ချစ်ဝါဒသို့ဆိုတဲ့ ဆောင်ပုဒ်ပဲဖြစ်ပါတယ်။

ကမ္ဘာပေါ်မှာ အုပ်ချုပ်ရေးစနစ်နှင့် နိုင်ငံရေးဝါဒ ဘယ်လောက်ပဲမျိုးများ အကြမ်းအားဖြင့် (၂)မျိုးပဲရှိပါတယ်။ ပထမအုပ်စုကတော့ လူကိုအခြေခံတဲ့ မျိုးချစ်ဝါဒနဲ့ ဒုတိယအုပ်စုကတော့ ပိုင်နက်မြေ(သို့မဟုတ်) ဒေသကို အခြေခံတဲ့ ပြည်ချစ်ဝါဒတို့ပဲ ဖြစ်ပါတယ်။

မျိုးချစ်ဝါဒကို အင်္ဂလိပ်လို Nationalism နှင့် ပြည်ချစ်ဝါဒကို Patriotism လို့ ခေါ်ပါတယ်။

မျိုးချစ်ဝါဒရဲ့ သဘောတရားကို နာမည်ကျော်သိပ္ပံပညာရှင် အတွေးအခေါ်ပညာရှင်ကြီးဖြစ်တဲ့ Albert Einstein က အခုလို အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။

Nationalism is an infantile disease.

It is the measles of mankind.

အဓိပ္ပာယ်ကတော့ မျိုးချစ်ဝါဒဟာ လူ့ဘောင်လူ့လောကကို ဒုက္ခပေးတဲ့ သူငယ်နာဝက်သက်ရောဂါတစ်မျိုးဖြစ်တယ်လို့ ဆိုထားပါတယ်။ ပြည်ချစ်ဝါဒ သဘောတရားကိုကျတော့ အမေရိကန်နိုင်ငံရဲ့ (၂၆) ဦးမြောက်သမ္မတဖြစ်တဲ့ Theodore Roosevelt က ယခုလို အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။

Patriotism means to stand by the country. It does not mean to stand by the president.

အဓိပ္ပာယ်ကတော့ ပြည်ချစ်ဝါဒဆိုတာ တိုင်းပြည်အတွက် ရပ်တည်ပေးပြီး သမ္မတ(ဒါမှမဟုတ်) လူပုဂ္ဂိုလ်တစ်ဦးအတွက် မဟုတ်ဘူးလို့ ဆိုထားပါတယ်။

ဒီနှစ်ခုစလုံးကို ခြံ့ငုံသုံးသပ်မယ်ဆိုလို့ရှိရင် မျိုးချစ်ဝါဒသည် လူတစ်ဦး၊ လူမျိုးတစ်မျိုး၊ လူအုပ်စုတစ်ခုနဲ့သာ သက်ဆိုင်ပြီး ပြည်ချစ်ဝါဒသည် တိုင်းပြည်တစ်ခုလုံးအတွက် ဖြစ်တယ်ဆိုတာ လေ့လာသိရှိရပါတယ်။

Nationalism ခေါ်တဲ့ မျိုးချစ်ဝါဒကို သက်ဦးဆံပိုင်ဘုရင်တွေနဲ့ အာဏာရှင်များက လက်ကိုင်ထားတတ်ကြပြီး Patroistism ခေါ်တဲ့ ပြည်ချစ်ဝါဒဟာဆိုရင် ဒီမိုကရေစီနိုင်ငံတွေရဲ့ အခြေခံမူဝါဒဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ ကမ္ဘာ့သမိုင်းကို ပြန်ကြည့်မယ်ဆိုလို့ရှိရင် မျိုးချစ်ဝါဒီများကြီးစိုးတဲ့ နိုင်ငံတွေဟာ ပျက်စီးပြိုကွဲခြင်းများနှင့်ကြုံတွေ့ရပြီး ဒီမိုကရေစီစနစ်ကသာ တဖြည်းဖြည်း လွှမ်းမိုးလာတာကို တွေ့ရှိရမှာဖြစ်ပါတယ်။

နိုင်ငံတစ်နိုင်ငံဟာ လူမျိုးပေါင်းများစွာနှင့် တည်ထောင်ထားတဲ့နိုင်ငံ ဖြစ်တဲ့အတွက် ဒီမိုကရေစီစနစ်ကျယ်ပြန့်လာတာဟာလည်း အဆန်းတကြယ် တော့ မဟုတ်ပါဘူး။ အဲဒါကြောင့် ကျွန်တော်တို့ မြန်မာနိုင်ငံဟာလည်း ဒီမိုကရေစီ စနစ်ကို ကူးပြောင်းရာမှာ စနစ်တကျနှင့် မြန်မြန်ဆန်ဆန်ဖြစ်ဖို့လိုနေပါတယ်။

မျိုးချစ်ဝါဒနဲ့ ပြည်ချစ်ဝါဒကို ကွဲကွဲပြားပြားသိရှိနားလည်မှသာလျှင် ကျွန်တော်တို့ ရည်မှန်းထားတဲ့ ဖက်ဒရယ်ပြည်ထောင်စု (သို့မဟုတ်) စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဆီသို့ ချောမွေ့စွာ တက်လှမ်းနိုင်မှာ ဖြစ်ပါတယ်။

အခုလာမယ့် ၂၀၂၀ နိုဝင်ဘာလမှာ ကျင်းပမယ့် အထွေထွေရွေးကောက်ပွဲမှာ မြန်မာနိုင်ငံသူ၊ နိုင်ငံသားများအနေနဲ့ အတိတ်က အားနည်းချက်များကို သင်ခန်းစာယူပြီး မဲပေးကြဖို့နှင့် လွှတ်တော်ထဲ ရောက်တဲ့အခါမှသာ အခြား နိုင်ငံရေးပါတီကြီးများနှင့် ပူးပေါင်းပြီး နိုင်ငံတော်ရဲ့ရှေ့ရေးကို စုပေါင်းအဖြေရှာ လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။

စုပေါင်းခေါင်းဆောင် အကြံ့အောင်ဆိုတဲ့ ဆိုရိုးစကားနဲ့အညီ တိုင်းရင်းသားပါတီအားလုံး စုပေါင်းပြီး ညီညီညာညာလုပ်ကိုင်ကြမယ်ဆိုလို့ ရှိရင် ယနေ့ မြန်မာနိုင်ငံသားအားလုံး ရင်ဆိုင်နေကြရတဲ့ နိုင်ငံရေးအကျပ် အတည်း၊ စီးပွားရေးအကျပ်အတည်း များအားလုံး ပြန်လည်လမ်းပွင့်သွားမှာ ဖြစ်ပါတယ်။

တိုင်းရင်းသားများအနေနဲ့ မိမိတို့ရဲ့ ပြည်နယ်၊ မိမိတို့ရဲ့ ဒေသခံပါတီကို မည်သည့်အရောင်မှမဆိုးဘဲ အပြည့်အဝထောက်ခံမဲပေးကြပါ။ ကိုယ့်ခြေထောက်ပေါ်မှာ သတ္တိရှိရှိရပ်တည်ပြီး အသည်းကြားက မဲတစ်ပြားနဲ့ အဲ့ဒီသတ္တိကို သက်သေပြကြပါလို့ တိုက်တွန်းနှိုးဆော်အပ်ပါတယ်။ ၁၃၅ မျိုးသော တိုင်းရင်းသားအားလုံး ကျန်းမာချမ်းသာတော်မူကြပါစေ။

Pu Zo Suon Zo tu Zo ta te aw –

Zo Laukha paal lun ding ih deih leh Zo National (Zo Minam Pi) Party sung ah ma pang ton via. Pu Zo Minlun leh Pasien it na sung ah ki pumk khat via.

Tun nu Zo gam gie bang zun vai. (Lungdam)

သီချင်းစာသားအဓိပ္ပာယ်

- မတိုးတက်မဖွံ့ဖြိုးသေးတဲ့ ဒို့ရဲ့ဌာနေကို အခုအချိန်ကစပြီး ပြန်လည်ပြုပြင်ထိန်းသိမ်းကြပါစို့။
- ညီအစ်ကိုမောင်၊ မိဘများနှင့်အတူ ကြီးပြင်းလာခဲ့တဲ့ ကိုယ့်ဒေသကို ဘယ်ဒေသရောက်ရောက် အမြဲသတိရနေပါတယ်။
- မိုးသောက်ရောင်ခြည်၊ အလင်းရောင်သန်းလာတာနဲ့အတူ စိတ်သစ်လူသစ်နှင့် ပျော်ပျော်ရွှင်ရွှင် လျှောက်လှမ်းကြပါစို့။

မောင်တောမြို့နယ်၌ အခြေခံအိမ်ထောင်စု ၁၂၁၅ စုအား တတိယအကြိမ် ထောက်ပံ့ငွေများပေးအပ်

မောင်တော စက်တင်ဘာ ၂၉

ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ တတိယအကြိမ် ပုံမှန်ဝင်ငွေမရှိသည့် အခြေခံအိမ်ထောင်စု ၁၂၁၅ စုအား တစ်အိမ်ထောင်စုလျှင် ငွေကျပ် နှစ်သောင်းနှုန်းဖြင့် နိုင်ငံတော်မှ ထောက်ပံ့ပေးအပ်ခြင်းကို ယမန်နေ့ နံနက်ပိုင်းက မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

ထိုသို့ ထောက်ပံ့ငွေပေးအပ်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးဦးအောင်ရဲက ထောက်ပံ့ပေးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများမှ တစ်ဆင့် သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကာ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၉၀ ရှိ ပုံမှန်ဝင်ငွေမရှိသည့် အခြေခံအိမ်ထောင်စု ၁၂၁၅ စုအား တတိယအကြိမ်မြောက် တစ်အိမ်ထောင်လျှင် ငွေကျပ် နှစ်သောင်းနှုန်းဖြင့် ငွေကျပ်စုစုပေါင်း ၂၄၃၁၂၀၀၀ အား နိုင်ငံတော်က ထောက်ပံ့ပေးပြီး သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့ဝင်များက ပုံမှန်ဝင်ငွေမရှိသည့် အခြေခံအိမ်ထောင်စုများ၏ လက်ဝယ် အရောက် ယနေ့မှစတင်၍ ပေးအပ်လျက်ရှိကြောင်း သိရသည်။

သက်လွင်စိုး(ပြန်/ဆက်)

မွန်ပြည်နယ် သမဝါယမမိသားစုများက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

ကျိုက်ထို စက်တင်ဘာ ၂၉

မွန်ပြည်နယ်သမဝါယမမိသားစုများက မွန်ပြည်နယ် ၁၀ မြို့နယ်တွင် Quarantine ဝင်ရောက်သူများအတွက် လိုအပ်သော စောင် ၂၄ ထည်၊ အိပ်ရာခင်း ၁၀ ထည်၊ ခြင်ထောင် ၁၀ လုံး နှင့် ခေါင်းအုံးစွပ် ၅၀ စုစုပေါင်းပစ္စည်း တန်ဖိုးငွေကျပ် နှစ်သိန်းနှင့် ငွေသားကျပ် သုံးသိန်း စုစုပေါင်း ငွေကျပ် ငါးသိန်းကို ပြည်နယ်အစိုးရအဖွဲ့ရုံးသို့လည်းကောင်း၊ ကျိုက်ထိုမြို့နယ်သမဝါယမအသင်းစုက တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ ၁၁ စုံ တန်ဖိုးအားဖြင့် ငွေကျပ် ၃၉၅၀၀၀ ကို ကျိုက်ထိုမြို့နယ် လူမှုကူညီရေးအသင်းသို့လည်းကောင်း၊ မုဒုံမြို့နယ် သမဝါယမဦးစီးဌာန ဌာနမှူး မိသားစုတို့က မွန်ပြည်နယ် ၁၀ မြို့နယ်ရှိ ကန့်သတ်စောင့်ကြည့်စခန်းများသို့ မျက်နှာအကာ အခု ၅၀၀ တန်ဖိုးအားဖြင့်ငွေကျပ် ၂၅၀၀၀ ကိုလည်းကောင်း လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

မြစ်သားမြို့နယ်၌ စိုက်ပျိုးရေးသမဝါယမအသင်းများမှ မိုးစပါးများ စိုက်ပျိုးပြီးစီး

မန္တလေး စက်တင်ဘာ ၂၉

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်အတွင်းရှိ လယ်ယာနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်း ၁၄၆ သင်းမှ လယ်စိုက်ဧက ၁၈၀၀၀ ပေါ်တွင် ဧရာပဒေသာနှင့် မနောသုခစပါးမျိုးများကိုလည်းကောင်း၊ ထွန်းလင်းတောက် စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း မျိုးစေ့ထုတ်(လုပ်ငန်းခွဲ)သမဝါယမအသင်းများမှ စိုက်ပျိုးဧက ၂၃၄ ဧကပေါ်တွင် ဧရာမင်းစပါးမျိုးများကိုလည်းကောင်း သြဂုတ်လအတွင်း၌ ထွန်ယက်စိုက်ပျိုးပြီးစီးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မိတ္ထီလာ၌ ကိုဗစ်-၁၉ရောဂါ ကာကွယ်ရေးအသိပညာပေးယာဉ်ဖြင့် လှည့်လည်အသိပညာပေး

မိတ္ထီလာ စက်တင်ဘာ ၂၉

မိတ္ထီလာမြို့၌ ကိုဗစ်-၁၉ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရန် ရည်ရွယ်ချက်ဖြင့် မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအသိပညာပေးယာဉ်ဖြင့် လှည့်လည် အသိပညာပေးခြင်းကို ယနေ့ နံနက် ၉ နာရီက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါ အသိပညာပေးယာဉ်ဖြင့် မြို့နယ်အတွင်း လှည့်လည်အသိပညာပေးရာတွင် လတ်တလော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်နှိုးဆော်ထားသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအသိပညာပေးလမ်းညွှန်ချက်များကို အသံချဲ့စက်ဖြင့် ကြေညာနှိုးဆော်ပေးခြင်း၊ အလှူရှင်စေတနာရှင်များ လှူဒါန်းကြသည့် နာခေါင်းစည်း အခုရေ ၄၀၀၀ ကျော်ကို လမ်းသွားလမ်းလာများထံ အခမဲ့ဖြန့်ဝေပေးခြင်း၊ ကမ်းလင့်မယ့်လက်များပရဟိတအဖွဲ့မှ အမျိုးသမီးငယ်များက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနှိုးဆော်သီချင်းများဖြင့် တေးသရုပ်ဖော်ကပြတင်ဆက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

လက်ပံတန်း၌ ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

ပဲခူး စက်တင်ဘာ ၂၉

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်အရ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP)ကျေးရွာ၊ Type(1) သိန်း ၃၀၀ ဖြင့် ကျေးရွာခုနစ်ရွာ၊ Type(2) သိန်း ၂၀၀ ဖြင့် ကျေးရွာနှစ်ရွာ စုစုပေါင်းကျေးရွာကိုးရွာအားလည်းကောင်း၊ သိန်း ၂၅၀၀ နှင့် Cash Fork Work စီမံကိန်းဖြင့် တစ်ရွာလျှင် သိန်း ၁၀၀ ဖြင့် ကျေးရွာ ၁၁ ရွာအားလည်းကောင်း ကျေးလက်ဒေသများကို မြေသားလမ်းပြုပြင်ပေးခြင်း၊ မြေနီလမ်းခင်းခြင်း၊ ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းနှင့် ကွန်ကရစ်လမ်းခင်းပေးခြင်းများအား ဆောင်ရွက်ပေးရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးနေပြီ ဖြစ်ကြောင်း သိရသည်။ **အောင်ဆင့်**

အမျိုးသားတိုးတက်ရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၂၉

အမျိုးသားတိုးတက်ရေးပါတီ ဥက္ကဋ္ဌ ဒေါက်တာနေဇင်လတ်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၂၉ ရက် ညဉီးတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

မိဘပြည်သူများ ကျန်းမာချမ်းသာကြပါစေခင်ဗျာ ... ကျွန်တော်ကတော့ အမျိုးသားတိုးတက်ရေးပါတီဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာနေဇင်လတ် ဖြစ်ပါတယ်။

မကြာခင် အထွေထွေရွေးကောက်ပွဲကြီး ကျင်းပတော့မှာဖြစ်ပြီး ပြည်သူတွေ မဲထည့်ကြရပါတော့မယ်။ ကျွန်တော်တို့ပြုပြင်ပြောင်းလဲရေးကာလ (၂) ခုကို ဖြတ်သန်းခဲ့ကြပြီးပါပြီ။ မိဘပြည်သူတို့အနေနဲ့လည်း ကောင်းကျိုး၊ ဆိုးကျိုးတွေကို ကွဲကွဲပြားပြား ကိုယ်တိုင်ခံစားကြည့်ကြပြီး ဖြစ်ပါတယ်။

ဒါကြောင့် ဒီတစ်ခါမှာတော့ ...

ပါတီကိုလည်းကြည့်ပါ၊ လူကိုလည်းကြည့်ပြီး မှန်မှန်ကန်ကန်မဲပေးကြပါလို့ ဦးဆုံးတိုက်တွန်းလိုက်ပါရစေ။

မိဘပြည်သူများခင်ဗျာ

မဲဆန္ဒရှင်ပြည်သူတွေရဲ့ မဲတစ်ပြားစီဟာ မိမိတို့ရဲ့အနာဂတ်ဖြစ်သလို နိုင်ငံရဲ့အနာဂတ်လည်း ဖြစ်ပါတယ်။ စားဝတ်နေရေးပြေလည်ချင်သလား။ မှန်ကန်တဲ့ပါတီနဲ့ ကိုယ်စားလှယ်ကို ရွေးချယ်နိုင်ရပါမယ်။ အလုပ်အကိုင်တွေ ပွင့်လန်းစေချင်လား၊ မှန်ကန်တဲ့ကိုယ်စားလှယ်ကို ရွေးချယ်ပေးနိုင်ရမှာ ဖြစ်ပါတယ်။ ပြည်သူတွေရဲ့ ဘဝတွေ တကယ်တိုးတက်ချင်ပါသလား၊ မှန်ကန်တဲ့ပါတီနဲ့ ကိုယ်စားလှယ်လောင်းရဲ့ အရည်အချင်းကို စိစစ်ပြီး မဲပေးနိုင်ဖို့ဖြစ်ပါတယ်။

အမျိုးသားတိုးတက်ရေးပါတီက ဝင်အရွေးခံမယ့်ကိုယ်စားလှယ်တွေ အားလုံးဟာ စီးပွားရေးကို တကယ်နားလည်လုပ်ကိုင်နေတဲ့ လုပ်ငန်းရှင်တွေ၊ နိုင်ငံရေးကို တကယ်နားလည်တဲ့ ပညာရှင်တွေနဲ့ ဖွဲ့စည်းထားပြီး မိဘပြည်သူတွေရဲ့ စားဝတ်နေရေး အမှန်တကယ်ဖြည့်ဆည်းပေးနိုင်မယ့်သူတွေကို သေသေချာချာ ရွေးချယ်ထားတာဖြစ်တဲ့အတွက်ကြောင့် မိဘပြည်သူတွေ အနေနဲ့ မျက်လုံးမှိတ်ပြီးမဲပေးလို့ ရပါတယ်ဆိုတာ အာမခံပြီးပြောကြားပါရစေ။

မိဘပြည်သူများခင်ဗျာ

မိဘပြည်သူတွေယုံကြည်လို့ အမျိုးသားတိုးတက်ရေးပါတီက ကိုယ်စားလှယ်တွေသာ လွှတ်တော်ထဲကိုရောက်ခဲ့မယ်ဆိုရင် မိဘပြည်သူတွေရဲ့ စားဝတ်နေရေး၊ နိုင်ငံရဲ့စီးပွားရေး၊ ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာ အဆိုတင်သွင်းမှုတွေနဲ့ လွှတ်တော်ကြီးကို ဆက်တိုက်တွန်းအားပေးသွားမှာကို မိဘပြည်သူများ တွေ့မြင်ရလိမ့်မယ်လို့ ကြိုတင်အသိပေးပါရစေ။

အမျိုးသားတိုးတက်ရေးပါတီက သေသေချာချာ စိစစ်ရွေးချယ်ထားတဲ့ ကိုယ်စားလှယ်တွေအားလုံးဟာ မိဘပြည်သူတွေရဲ့ အကျိုးသက်သက်ကိုသာ ထမ်းဆောင်ကြမယ့်သူတွေဖြစ်ပြီး အားလုံးဟာ ပညာတတ်တွေ၊ လုပ်ငန်းရှင်တွေ၊ နောက်ခံအင်အား တောင့်တင်းကြသူတွေဖြစ်လို့ မိဘပြည်သူတွေ ယုံကြည်အားကိုးနိုင်ပါလိမ့်မယ်။

မိဘပြည်သူများခင်ဗျာ

ပါတီရဲ့ အဓိကရပ်တည်ချက်က အရေးကြီးပါတယ်။ ပါတီနာမည်ကိုက ရပ်တည်ချက်ကိုတွေ့နိုင်ပါလိမ့်မယ်။ အမျိုးသားတိုးတက်ရေးပါတီက ကိုယ်စားလှယ်တွေဟာ ကိုယ်တိုင်တိုးတက်အောင် လုပ်နိုင်ကြသူတွေ၊ မိဘပြည်သူတွေရဲ့ ဘဝကို တိုးတက်အောင်လုပ်ပေးနိုင်ကြသူတွေကိုသာ ရွေးချယ်ပြီး ရွေးကောက်ပွဲ ဝင်စေခဲ့ပါတယ်။

အမျိုးသားတိုးတက်ရေးပါတီရဲ့ အဓိက မောင်းနှင်ကြသူတွေအားလုံး ကိုယ်တိုင် တိုးတက်အောင်လုပ်ခဲ့ပြီးကြသူတွေဖြစ်ပါတယ်။ ပညာ (သို့) စီးပွားရေး တစ်ခုခုကို ပိုင်ဆိုင်ထားကြသူတွေဖြစ်ပါတယ်။ ပြတ်သား၊ တိကျပြီး လက်တွေ့ကျတဲ့ မူဝါဒတွေကို ချမှတ်ထားပါတယ်။

အနည်းငယ်ရှင်းပြလိုပါတယ်။

နိုင်ငံ့စီးပွားရေးကဏ္ဍ

အမျိုးသားတိုးတက်ရေးပါတီမှာ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းရှင်တွေ ကိုယ်စားလှယ်အဖြစ် အရွေးချယ်ခံမှာမို့၊ မိဘပြည်သူတွေရဲ့ စားဝတ်နေရေးကို ဖြေရှင်းပေးဖို့တာဝန်ယူသွားကြပါလိမ့်မယ်။

နိုင်ငံအဆင့်စီးပွားရေးမှာ အခြေခံလူတန်းစား၊ လူလတ်တန်းစား၊ အပေါ် လူတန်းစား(၃)မျိုးလုံးကို ဘယ်လိုမြှင့်တင်ပေးရမလဲဆိုတဲ့ နည်းလမ်းတွေကို သိရှိထားကြသူတွေဖြစ်ပါတယ်။ ကျွန်တော်ကိုယ်တိုင်က လုပ်ငန်းရှင်ဖြစ်နေတာကြောင့် အမျိုးသားတိုးတက်ရေးပါတီကိုယ်စားလှယ်တွေကို နောက်ကနေ ပံ့ပိုးပေးသွားမှာဖြစ်ပါတယ်။

တိုင်းနဲ့ပြည်နယ်စီးပွားရေးကို ဘယ်လိုမြှင့်တင်ပေးရမယ်၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေရအောင် ဘယ်လိုလုပ်ရမယ်၊ မူဝါဒပိုင်းဆိုင်ရာ ဘာတွေပြင်ဆင်ပေးရမယ်၊ အလုပ်လက်မဲ့တွေကို ဘယ်လိုအလုပ်ရရှိရေး ဆောင်ရွက်ပေးရမယ်ဆိုတာကို ကောင်းစွာသိထားတဲ့ပါတီဖြစ်ပါတယ်။

တောင်သူလယ်သမားဦးကြီးများ လုပ်သလောက်အကျိုးမဖြစ်တာကိုလည်း သိထားပါတယ်။ လည်ပင်းအထိနစ်နေတဲ့ အကြွေးတွေ ဘယ်လိုပေးချေရမယ်။ စပါး၊ သီးနှံထွက်ကုန်တွေက ဘယ်လိုအမြတ်အစွန်းရရှိစေအောင် ဆောင်ရွက်ပေးရမယ်ဆိုတာကိုလည်း ကောင်းကောင်းသိထားတဲ့ပါတီ ဖြစ်ပါတယ်။

အမျိုးသားတိုးတက်ရေးပါတီမှာ ပါရဂူတွေ၊ စီးပွားရေးဆိုင်ရာစီမံခန့်ခွဲရေး မဟာဘွဲ့ရသူတွေ၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုမဟာဘွဲ့ရသူတွေနဲ့ ဖွဲ့စည်းထားပြီး လက်တွေ့ကျကျ မူဝါဒရေးဆွဲအကောင်အထည်ဖော်နိုင်မယ့်သူတွေနဲ့ ဖွဲ့စည်းထားပါတယ်။

နိုင်ငံတကာရေးရာ

အမျိုးသားတိုးတက်ရေးပါတီက ကိုယ်စားလှယ်သာ လွှတ်တော်ထဲမှာ တာဝန်ထမ်းဆောင်ခွင့်ရမယ်ဆိုရင် နိုင်ငံတကာဖိအားတွေ လျော့ကျလာစေဖို့၊ မြန်မာနိုင်ငံ အန္တရာယ်ကလွတ်မြောက်ဖို့ လုပ်ကိုင်နည်းတွေနဲ့ လွှတ်တော်ထဲကတစ်ဆင့် အစိုးရကို တိုက်တွန်းအကြံပေးသွားမှာဖြစ်ပါတယ်။

မိဘပြည်သူများခင်ဗျာ

ကျွန်တော့်အနေနဲ့ နောက်ဆုံးတင်ပြချင်တာက အခု လာမယ့် ရွေးကောက်ပွဲမှာ အရည်အချင်းပြည့်ဝတဲ့ပါတီ၊ အရည်အချင်းရှိတဲ့ ကိုယ်စားလှယ်တွေကို သေသေချာချာ ရွေးချယ်ပြီး မဲပေးကြပါလို့ တိုက်တွန်းလိုပါတယ်။

အမျိုးသားတိုးတက်ရေးပါတီက စေလွှတ်ထားတဲ့ ကိုယ်စားလှယ်တွေဟာ ကိုယ့်ကိုယ်ကိုယ် တိုးတက်အောင် ဖြည့်စွမ်းထားနိုင်တဲ့ ကိုယ်စားလှယ်တွေ ဖြစ်ပြီး လူမှုဘဝတွေကိုမြှင့်တင်ဖို့ တာဝန်ထမ်းဆောင်ကြမယ့်သူတွေဖြစ်တာ ကြောင့် မိဘပြည်သူတွေအနေနဲ့ "က" ဒေါင်းတံဆိပ်ပါ၊ အဝါရောင်နောက်ခံ၊ အမျိုးသားတိုးတက်ရေးပါတီကို မဲပေးနိုင်ကြပါစေလို့ တိုက်တွန်းပါတယ်။

တကယ်တိုးတက်ချင်ပါသလား၊ "က" ဒေါင်းတံဆိပ်၊ အဝါရောင်နောက်ခံ၊ အမျိုးသားတိုးတက်ရေးပါတီဖြစ်ပါတယ်။

စစ်မှန်တဲ့ အပြောင်းအလဲကို လိုချင်ပါသလား။ "က" ဒေါင်းတံဆိပ်၊ အဝါရောင်နောက်ခံ၊ အမျိုးသားတိုးတက်ရေးပါတီဖြစ်ပါတယ်။

မိဘပြည်သူများ ကျန်းမာချမ်းသာကြပါစေ။

ပြည်သူ့အတွက် NDP

၄(အမျိုးသားတိုးတက်ရေးပါတီ)၄
- ကလေးများတိုးတက်ရေးအတွက် လောကသစ်ကို ယူဆောင်လာပြီ
ပညာရေးနဲ့ဘဝကိုမြှင့်တင်ရမယ်
ရည်မှန်းချက်ဘဝအတွက် တို့တွေသင်ယူနိုင်ဖို့
အားလုံး NDP ကိုမဲပေးအုံး
- ပင်ပန်းဆင်းရဲအလုပ်ခွင်ထဲက ဘဝများအတွက်
အားမလျော့ပါနဲ့ အမေးတွေတိုင်းမှာ အဖြေရှိတယ်
လူငယ်တိုင်းအတွက် ရင်ဆိုင်ရန် အမြဲအသင့်ရှိတယ်။
Cho-NDP
(ပြည်သူ့ရှေ့ အမြဲအသင့်ရှိမယ့်)
NDP
(ပညာရေးကိုဦးစားပေးမယ့်)
NDP
(စစ်မှန်သောအပြောင်းအလဲများအတွက်)
NDP ကိုရွေး.....
- အုပ်ချုပ်ရေးနဲ့ ဥပဒေ တရားမျှတစွာ မှန်ကန်စေမယ်
နိုင်ငံရေးကိုအကြမ်းဖက်ခြင်းတွေမရှိသင့်တော့ပါ
ပေးထားတဲ့မဲများအတွက် ပြည်သူတွေပြန်ခံစားခွင့်ရှိမယ်
- လယ်ကွင်းထဲက ရွှံ့ညွန်များနဲ့ ဘဝများအတွက်
ဇွဲမလျော့ပါနဲ့ ပေးဆပ်ခြင်းအတွက်ပြန်ရမယ့်
လယ်သမားများအတွက် ကူညီရန်အမြဲအသင့်ရှိတယ်
Cho-

ဘားအံခရိုင်၌ မဲရုံပေါင်း ၅၀၁ ရုံဖြင့် ရွေးကောက်ပွဲကျင်းပရန် လျာထား

ဘားအံ စက်တင်ဘာ ၂၉

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ကရင်ပြည်နယ် ဘားအံခရိုင်၌ မဲရုံပေါင်း ၅၀၁ ရုံဖြင့် ကျင်းပသွားရန် လျာထားဆောင်ရွက်လျက်ရှိကြောင်းနှင့် ရွေးကောက်ပွဲကျင်းပနိုင်ခြင်းမရှိသော ကျေးရွာအုပ်စုကိုးအုပ်စုရှိကြောင်း ဘားအံခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

ဘားအံခရိုင်တွင် တစ်သီးပုဂ္ဂလ ၁၀ ဦးအပါအဝင် နိုင်ငံရေးပါတီ ၁၁ ပါတီက ကိုယ်စားလှယ်လောင်း စုစုပေါင်း ၉၂ ဦး ဝင်ရောက်အရွေးချယ်ခံယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ဧပြီလိုင် ၂၅ ရက်မှ သြဂုတ် ၁၄ ရက်အထိ ပထမအကြိမ်မဲထုတ်ပြန်ခဲ့သည့် မဲဆန္ဒရှင်စာရင်းအရ မဲဆန္ဒရှင်ဦးရေ ခြောက်သိန်းငါးသောင်းရှစ်ထောင်ကျော်ရှိရာမှ ပုံစံ(၃)၊ (၃-က)၊ (၄)၊ (၄-ဂ)တို့ဖြင့် ပြင်ဆင်ဖြည့်စွက်စိစစ်ပြီး ဒုတိယအကြိမ်ထုတ်ပြန်မည့် မဲစာရင်းတွင် မဲဆန္ဒရှင်ဦးရေ ခြောက်သိန်း ခြောက်သောင်းတစ်ထောင်ကျော်ရှိလာခဲ့ရာ ပြင်ဆင်ဖြည့်စွက်မှုပေါင်းသုံးထောင့်ငါးရာကျော်ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဒုတိယအကြိမ် အခြေခံမဲဆန္ဒရှင်စာရင်းကို အောက်တိုဘာလထဲတွင် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကပ်ထားကြေညာပေးသွားမည်ဖြစ်ပြီး အွန်လိုင်းမှတစ်ဆင့်လည်း မဲဆန္ဒရှင်စာရင်းများကို ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း၊ ဆန္ဒဒေါ်ပိုင်ခွင့်ရှိသူများအနေဖြင့် ဒုတိယအကြိမ်မဲစာရင်းတွင် အမည်ပါရှိခြင်းမရှိပါက သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများမှတစ်ဆင့် မဲစာရင်းကပ်ထားကြေညာသည့် ၁၄ ရက်အတွင်း တောင်းဆိုနိုင်ကြောင်း ဘားအံခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

ဘားအံခရိုင်တွင် အသက် ၁၈ နှစ်ပြည့်ပြီး ပထမအကြိမ်မဲပေးမည့် အရေအတွက်အားဖြင့် ဘားအံမြို့နယ်တွင် ၄၁၃၅ ဦး၊ လှိုင်းဘွဲမြို့နယ်တွင် ၂၈၀၀၂ ဦး၊ သံတောင်ကြီးမြို့နယ်တွင် ၆၇၀၂ ဦး စုစုပေါင်း ၇၆၀၅၇ ဦးရှိသည်။

ဘားအံခရိုင်တွင် သက်ကြီးရွယ်အိုများ၊ ရောဂါ ဝေဒနာခံစားနေရ၍ အိပ်ရာထဲလဲနေသူများအပါအဝင် မသန်စွမ်း မဲဆန္ဒရှင်များအနေဖြင့် ဘားအံမြို့နယ်တွင် ၄၀၇ ဦး၊ လှိုင်းဘွဲမြို့နယ်တွင် ၄၁၅ ဦး၊ သံတောင်ကြီးမြို့နယ်တွင် ၃၅၅ ဦး စုစုပေါင်း ၁၃၇၇ ဦးရှိသည်။ ဘားအံခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးကျော်ကျော်ထွန်းက "မသန်စွမ်းမဲဆန္ဒရှင်တွေ လွယ်ကူအဆင်ပြေစွာ ဆန္ဒမဲပေးနိုင်ဖို့ မဲရုံတွေကို အထပ်မြင့်အဆောက်အအုံတွေမှာ လျာထားခြင်းမရှိဘဲနဲ့ သွားလာလို့လွယ်ကူတဲ့ မြေညီထပ်လိုနေရာ မျိုးမှာပဲ လျာထားဆောင်ရွက်ထားပါတယ်။ မသန်စွမ်း မဲဆန္ဒရှင်တွေ မဲရုံကို လာရောက်မဲပေးမယ်ဆိုရင်လည်း ကူညီဆောင်ရွက်ပေးဖို့ မဲရုံအဖွဲ့ဝင်တွေကို ကျွန်တော်တို့ မှာကြားဆောင်ရွက်သွားမှာဖြစ်ပါတယ်။ မဲရုံကို မလာရောက်နိုင်တဲ့ မသန်စွမ်းတွေအတွက်လည်း ကြိုတင်မဲစနစ်နဲ့ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်" ဟုပြောသည်။

ဘားအံခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအနေဖြင့် လွတ်လပ်ပြီးတရားမျှတသည့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများကို ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ရွေးကောက်ပွဲဆိုင်ရာသင်တန်းများ ပို့ချပြီးစီးခဲ့ပြီး ယခုအချိန်တွင် မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များအတွက် ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် စာအိတ်များ ပေးပို့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် ရွေးကောက်ပွဲနေ့တွင် သတင်းရယူမည့် သတင်းမီဒီယာများအား စိစစ်ခွင့်ပြုပေးလျက်ရှိကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၂၉

အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ ဥက္ကဋ္ဌ ဦးထွန်းအောင်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၂၉ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

လေးစားအပ်ပါသော မဲဆန္ဒရှင်မိဘပြည်သူများခင်ဗျား

စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း အာခါ ဘာသာစကားဖြင့် Nee Sar Ovq Luvq-ur ဟု မင်္ဂလာစကားဖြင့် နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ ဥက္ကဋ္ဌ ဦးထွန်းအောင် ဖြစ်ပါတယ်။ ကျွန်တော်တို့ အာခါတိုင်းရင်းသားများဟာ ရှမ်းပြည်နယ်အရှေ့ပိုင်း သံလွင်မြစ် အရှေ့ခြမ်းဒေသတွင်သာ ပျံ့နှံ့နေထိုင်လျက်ရှိသည့် လူမျိုးစုတစ်စုဖြစ်ပါတယ်။ အာခါတိုင်းရင်းသားများဟာ ဝတ်စားဆင်ယင်မှု ရိုးရာဓလေ့ ယဉ်ကျေးမှုအမွေအနှစ်များကို ယနေ့ထိတိုင် ထူးထူး ခြားခြား ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသော လူမျိုးစုနွယ်တစ်မျိုး ဖြစ်ပါတယ်။ မိမိလူမျိုးတို့၏ အမျိုးဂုဏ်ကို ထိန်းသိမ်းမြှင့်တင်နိုင်ရန်အတွက် စုပေါင်းနှစ်သစ်ကူးပွဲတော် ခါးထောင်းဖားပွဲတော်၊ ဒန်းစီးပွဲတော်၊ ကောက်သစ်စားပွဲတော် စသည့် ရိုးရာဓလေ့ကိုအခြေခံသော ပွဲတော်များ စဉ်ဆက်မပြတ် ကျင်းပခြင်းဖြင့် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပါတယ်။ ပါတီ၏ဆောင်ပုဒ်၊ ပါတီ၏အလံ၊ ပါတီ၏အမှတ်တံဆိပ်တို့ကို ရှင်းပြပေးလိုပါတယ်။

ပါတီ၏ဆောင်ပုဒ်မှာ မိမိတစ်ဦးချင်းစီ၌ရှိသော အရည်အချင်းများ စုပေါင်း၍ မိမိအမျိုးဂုဏ်ကို မြှင့်တင်ကြစို့ဟူ၍ ဖြစ်ပါတယ်။ အဓိပ္ပာယ်ကတော့ မိမိလူမျိုး မိမိဒေသနှင့် နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာ၌ နိုင်ငံသားတိုင်းမှာ တာဝန်ရှိသည်ဟု ဖော်ဆောင်ပါတယ်။

ပါတီ၏အလံမှာ အလယ်ဗဟိုတွင် အနီရောင်ရှိပြီး ပတ်ပတ်လည်မှာ ဝါ၊ စိမ်း၊ ဖြူ၊ ပြာ ဝန်းရံနေတာကို မြင်တွေ့ရမှာ ဖြစ်ပါတယ်။ အဓိပ္ပာယ်ကတော့ မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားများသည် နေမင်းကြီး၏အောက်မှာ တန်းတူညီမျှအခွင့်အရေးရှိသည်ဟု ဖော်ဆောင်ပါတယ်။

ပါတီ၏ အမှတ်တံဆိပ်မှာ ဒန်းပုံဖြစ်ပြီး အာခါရိုးရာဓလေ့မှ စည်းလုံးညီညွတ်ခြင်းဟူသော အဓိပ္ပာယ်ကို ဖော်ဆောင်ပါတယ်။ မဲဆန္ဒရှင်မိဘပြည်သူများခင်ဗျား နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံရေးပါတီများပေါ်တွင် မှီတင်းနေပါတယ်။ နိုင်ငံရေးပါတီများ၊ အဖွဲ့အစည်းများကသာလျှင် မိမိနေရာ နေထိုင်ရာဒေသအနှံ့အပြား အောက်ခြေလူထုအထိ ထဲထဲဝင်ဝင် ထိတွေ့ဆက်ဆံနိုင်မည်ဖြစ်ပြီး လူထု၏လိုအပ်ချက် အမှန်တရားကိုလည်း သိရှိနိုင်မှာ ဖြစ်ပါတယ်။ အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ စတင်ဖွဲ့စည်းစဉ်ကတည်းကပင် မူဝါဒများချမှတ်ပြီး ဖွဲ့စည်းခဲ့ပါတယ်။ မူဝါဒအချို့ကို တင်ပြရမည်ဆိုလျှင် အာခါအမျိုးသားရေး မိမိတို့ အာခါအမျိုးသားများ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးစသည့် အခြေခံလိုအပ်ချက်များကို အာခါလူမျိုးများသာလျှင် ပိုမိုရှာဖွေတွေ့ရှိနိုင်ပြီး နားလည်ပေးနိုင်သလို ကူညီဆောင်ရွက်မှုအပိုင်းမှာလည်း အာခါလူမျိုးများက ပိုမိုကျယ်ပြန့်ထိရောက်စွာ တာဝန်ယူကူညီနိုင်မည်ဟု ယုံကြည်ပါတယ်။ အာခါအမျိုးသားများ၏ ရိုးရာဓလေ့ စာပေအနုပညာယဉ်ကျေးမှု စသည်များကို အာခါလူမျိုးများ သာလျှင် ဖော်ထုတ်ထိန်းသိမ်းနိုင်မည်ဟု ယုံကြည်ပါတယ်။ အာခါလူမျိုးများ၏ လူမှုရေးပြဿနာများကိုလည်း အာခါလူမျိုးများသာလျှင် ကူညီဖြေရှင်းနိုင်မည်ဟု ယုံကြည်ပါတယ်။

တိုင်းရင်းသားများအရေး

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးစု (၁၃၅) မျိုးစုပေါင်းနေထိုင်ပါတယ်။ တိုင်းရင်းသားများ၏ တန်းတူညီမျှရေး လူမျိုးစုငယ်များ၏ အခွင့်အရေးများကိုလည်း တိုင်းရင်းသားများ အချင်းချင်းသာလျှင် ဖော်ဆောင်နိုင်မည်ဟု ယုံကြည်ပါတယ်။

ပြည်တွင်းငြိမ်းချမ်းရေး၊ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၊ တပ်မတော်၊ တိုင်းရင်းသားလူမျိုးစုအားလုံး နားလည်မှု၊ ယုံကြည်မှုတည်ဆောက်နိုင်မှသာလျှင် အောင်မြင်နိုင်မည်ဟု ယုံကြည်ပါတယ်။

လူမျိုးစုများ၏ အမျိုးအမည်၊ နေထိုင်ရာအရပ်ဒေသ ကွဲပြားခြားနားသကဲ့သို့ လူမျိုးစုတစ်မျိုးစီ မတူကွဲပြားသော နိုင်ငံရေးအယူဝါဒများကို သိရှိနားလည်အလေးထားမှသာလျှင် ၎င်းလူမျိုးစုအသီးသီး၏ ဂုဏ်ကို မြှင့်တင်နိုင်မည်ဟု ယုံကြည်ပါတယ်။

ပြည်ထောင်စုအရေး

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန် အရေးသုံးပါးကို အစဉ်ဦးထိပ်ထားရပါမည်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ တိုင်းရင်းသားလူမျိုးစုရေးရာ ကိုယ်စားလှယ်များသည် တိုင်းရင်းသားလူမျိုးစုများ၏ လိုအပ်ချက်များကို ဖော်ဆောင်နိုင်ရန် ပြည်ထောင်စုအဆင့် ဥပဒေပြုနိုင်သည့် ကိုယ်စားလှယ်များ အဖြစ် ပါဝင်နိုင်ရေး အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ရည်မှန်းပါတယ်။ ဒါမှလည်း ပါတီစုံဒီမိုကရေစီ၏ အနက်အဓိပ္ပာယ်ကို ပြည့်စုံစေမှာ ဖြစ်ပါတယ်။

ပါတီစုံပါဝင်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်နိုင်ရန် နိုင်ငံတော်အစိုးရ၊ ပြည်ထောင်စုတပ်မတော်၊ ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီများ အပြန်အလှန်ယုံကြည်မှုဖြင့် ပူးပေါင်းဆောင်ရွက်မှု မူဝါဒကို အခြေခံမှသာလျှင် အောင်မြင်နိုင်မည်ဟု ယုံကြည်ပါတယ်။

တပ်မတော်၏ အခန်းကဏ္ဍ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ကမ္ဘာ့အလယ်မှာ ထည်ဝါစွာ ရပ်တည်နိုင်ရန် တိုင်းရင်းသားအချင်းချင်း ငြိမ်းချမ်းရေးရယူပြီး ပြည်ထောင်စု တပ်မတော်တစ်ရပ်တည်းရှိရမည်ဟု ယုံကြည်ပါတယ်။ ထာဝရငြိမ်းချမ်းရေး အစဉ်တည်တံ့နိုင်ရန် လည်းကောင်း၊ ပြည်ပရန်ကို ကာကွယ်ရန်လည်းကောင်း၊ နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်ရန်လည်းကောင်း ခေတ်မီတပ်မတော် တည်ဆောက်ရမည်ဟု ယုံကြည်ပါတယ်။

လက်ရှိနိုင်ငံတော်၏ အခြေအနေအရ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးမှုရရှိနိုင်ရန် နိုင်ငံရေးပြုပြင်ပြောင်းလဲရေးဖြစ်စဉ်၌ တပ်မတော်သည် အရေးကြီးသည့် အခန်းကဏ္ဍမှ အချိန်ကာလတစ်ခုထိ ပါဝင်ရမည်ဟု ယုံကြည်ပါတယ်။

လုပ်ငန်းစဉ်

အာခါတိုင်းရင်းသားတို့သည် ပြည်ထောင်စုဖွား ညီအစ်ကို တိုင်းရင်းသားလူမျိုးစုများနှင့်အတူ ချစ်ကြည်ရင်းနှီးစွာဖြင့် အတူလက်တွဲပြီး လိုအပ်သော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး အစရှိသည့် လူစွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာရန် ဦးတည်၍ လုပ်ငန်းများ ဆောင်ရွက်ရာတွင် အခြေခံကျသော အခြေခံစစ်တမ်း ကောက်ယူခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်းနှင့် သုံးသပ်ခြင်း၊ မဟာဗျူဟာနှင့် နည်းဗျူဟာများ ရေးဆွဲခြင်း၊ လုပ်ငန်းများ အကောင်အထည်ဖော်ခြင်းများကို စနစ်တကျ အဆင့်ဆင့် အကောင်အထည်ဖော်ဆောင်ပါမည်ဟု ချမှတ်ထားသကဲ့သို့ ပါတီစတင်ဖွဲ့စည်းစဉ်ကတည်းက ယနေ့ချိန်အထိ အာခါတိုင်းရင်းသားများ၏ နိုင်ငံရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ ပညာရေး ကဏ္ဍများကို မပြတ်မလပ် ဖော်ဆောင်လျက်ရှိပါတယ်။

မဲဆန္ဒရှင်မိဘပြည်သူများနှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းရှိ တိုင်းရင်းသားညီနောင်များခင်ဗျား

အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီသည် ၂၀၂၀ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ကိုယ်စားလှယ်လောင်း (၃)ဦး ပါဝင်အရွေးခံသွားမှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အမျိုးဂုဏ်၊ ဒေသဂုဏ်၊ နိုင်ငံ့ဂုဏ်ကို တစ်ထောင့်တစ်နေရာမှ ဖော်ဆောင်မည်ဖြစ်သော အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီအား အာခါတိုင်းရင်းသားများနှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းရှိ တိုင်းရင်းသားညီနောင် မဲဆန္ဒရှင်များ ဒန်းပုံကို ထောက်ခံမဲပေးကြပါစို့လို့ တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။

Nee Sar Ovq Luvq-ur အားလုံးငြိမ်းချမ်းကြပါစေ။

အာခါအမျိုးသားနေ့

တေးရေး - အောင်လွင်ငြိမ်း (S.Ar Zivq)
တေးဆို - လီဂါ ၊ထက်အောင်၊ အားဗျာ၊ မိုင်ယ်

V 1, မိုးထိလုမြင့်မား မြူနှင်းများအုံ့ဆိုင်းလို့မှိုင်းဝေ မြန်မာပြည်သံလွင်နဒီ အရှေ့ခြမ်း ရှမ်းရိုးမတောင်ပေါ်ဆီ အာခါတိုင်းရင်းသားတို့ရဲ့ ပွဲတော်သံ မိုးထက်သို့ လျှမ်းတက်လို့.. ညံလေပြီ

V 2, ရှမ္မေဘ်လို့မဆုံး..... တစ်တောလုံးအနှံ့ဆီ တောင်ယာလက်ဖက်ခင်း စတော်ဘယ်ရီ လိမ္မော်ခင်းများအစီအရီ ရေတံခွန်စိမ့်စမ်း..... ရေပူစမ်း..... ထင်းရှူးနဲ့ချယ်ရီ သဘာဝရဲ့.. အလှစုံညီ

Cho; ပန်းသတင်းလေညင်းဆောင်ပြီ သမိုင်းအသစ် တွင်ရစ်မည် ဘိုးဘေးစဉ်ဆက် ထိန်းသိမ်းခဲ့တဲ့ ယဉ်ကျေးမှုဒို့ရဲ့ အမွေ ရိုးရာမပျက် ဆင်နွဲတဲ့နှစ်သစ်ကူးပွဲတော် ဒီဇင်ဘာ(၂၈)ရက်နေ့ အာခါအမျိုးသားနေ့ ကမ္ဘာတည်သရွှေ..... ဒို့မမေ့

Bridge*** ဒို့ညီအစ်ကို မောင်မယ်များ ဆုံစည်းတဲ့နေ့ အာခါအမျိုးသားနေ့ စည်းလုံးခြင်းရဲ့ အနှစ်သာရများ ဖော်ကျူးတဲ့နေ့ အာခါအမျိုးသားနေ့ အာခါတိုင်းရင်းသားစုပေါင်းနှစ်သစ်ကူးပွဲတော် ဆင်နွဲတဲ့နေ့ အာခါအမျိုးသားနေ့ ကမ္ဘာတည်သရွှေ..... အာခါအမျိုးသားနေ့ (အာခါအမျိုးသားနေ့)၂

ချောင်းဆုံမြို့နယ်၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ရာနှုန်းပြည့်ပြီးစီး

ချောင်းဆုံ စက်တင်ဘာ ၂၉

နိုင်ငံတော်၏ ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှုသက်သာရေး အစီအစဉ်ကို အထောက်အကူပြုစေရန် မွန်ပြည်နယ် ချောင်းဆုံမြို့နယ်တွင် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းအား ကျေးရွာတစ်ရွာလျှင် ငွေကျပ်သိန်း ၃၀၀၊ ၂၀၀၊ ၁၀၀ ဖြင့် ကျေးရွာ သုံးရွာအား နည်းပညာပံ့ပိုးမှုဖြင့် သြဂုတ်လအတွင်း ချေးငွေများ ထုတ်ချေးဆောင်ရွက်ခဲ့ရာ ရာနှုန်းပြည့် ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

ချေးငွေများ ထုတ်ချေးပေးခဲ့

ယင်းစီမံကိန်းဖြင့် ချောင်းဆုံမြို့နယ်ရှိ ရေတွင်းကု၊ ကော့ရွဲနှင့် ကုလားစုကျေးရွာတို့တွင် စိုက်ပျိုးရေးလုပ်ငန်း သုံးဦး၊ မွေးမြူရေးလုပ်ငန်း ၄၄ ဦး၊ ရေလုပ်ငန်း တစ်ဦး၊ ကုန်ထုတ်လုပ်ငန်း နှစ်ဦး၊ အရောင်းအဝယ်လုပ်ငန်း ၂၅ ဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း ၂၃ ဦးတို့အား ချေးငွေများ ထုတ်ချေးပေးခဲ့ပြီး ရန်ပုံငွေဖြင့် ဆောင်ရွက်သော လုပ်ငန်းများ စာရင်းဇယားမှန်ကန်စွာ ဖြည့်သွင်းနိုင်ရေးအတွက် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

ကျေးလက်နေပြည်သူများ၏ အသေးစား၊ အငယ်စား စီးပွားရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ထုတ်ကုန်လုပ်ငန်းများ တိုးတက်လာစေရန်၊ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုအလေ့အထများ ရှိလာစေရန်၊ အမျိုးသမီးများ၏ ပူးပေါင်းဆောင်ရွက်မှု မြင့်မားလာစေရန်နှင့် ဒီမိုကရေစီနည်းလမ်းကျကျ စုပေါင်းညှိနှိုင်းဆောင်ရွက်တတ်လာသည့် အလေ့အကျင့်ကောင်းများ ရရှိစေရန် ယင်းစီမံကိန်းအား ဆောင်ရွက်ခြင်းဖြစ်သည်။

ဟန်လင်းနိုင်(သတင်းစဉ်)

အနှေးယာဉ်လုပ်သားများအား ရှေ့ပုဏ္ဏာမီရှေ့ဆိုင်မှ ဆန် ၁၂၅ အိတ် လျှုဒါန်း

ကျောင်းကုန်း စက်တင်ဘာ ၂၉

ရောဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် အမှတ် (၂) ရပ်ကွက် မြို့မဈေးအနီး ရွှေပုဏ္ဏာမီရှေ့ဆိုင်မိသားစုက ယနေ့နံနက် ၈ နာရီခွဲက အနှေးယာဉ်လုပ်သား ၄၂၁ ဦးနှင့် လှေလေးယာဉ်လုပ်သား ၄၈ ဦး စုစုပေါင်း ၄၆၉ ဦးတို့အား တစ်ဦးလျှင် ဆန် ခြောက်ပြည်နှုန်းဖြင့် ဆန်အိတ် ၁၂၅ အိတ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃ သိန်းကျော်) လျှုဒါန်းခဲ့ကြောင်း သိရသည်။

ကိုဗစ် - ၁၉ ကာလတွင် အခြေခံလူတန်းစားများဖြစ်သည့် အနှေးယာဉ်လုပ်သားများနှင့် လှေလေးယာဉ်လုပ်သားများအနေဖြင့် စားဝတ်နေရေး အခက်အခဲအား တစ်ဖက်တစ်လမ်းမှ အဆင်ပြေစေရန် ရည်ရွယ်၍ လျှုဒါန်းခဲ့ခြင်းဖြစ်ကြောင်း အလျှုရှင် ကိုဝင်းဝင်းထွန်းက ပြောပြသည်။

ဝင်းကြိုင်(ပြန်/ဆက်)

ကိုရီးယားသမ္မတနိုင်ငံအစိုးရနှင့် ပြည်သူများက ကူးစက်ရောဂါရှာဖွေရေးသုံးပစ္စည်းများ ထောက်ပံ့လှူဒါန်း

ရန်ကုန် စက်တင်ဘာ ၂၉

ကိုရီးယားသမ္မတနိုင်ငံ အစိုးရနှင့် ပြည်သူများက မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် ကူးစက်ရောဂါရှာဖွေရေးသုံးပစ္စည်း(Standard Q Covid-19 Ag) များ ထောက်ပံ့လှူဒါန်းခြင်း အစီအစဉ်ကို ယနေ့ညပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပြုလုပ်သည်။

လေကြောင်းဖြင့်ရောက်ရှိ

ယင်းလှူဒါန်းမှုကို KOFIH ၏အစီအစဉ်ဖြင့် ပြုလုပ်ခြင်းဖြစ်ပြီး အဆိုပါ အထောက်အကူပြုပစ္စည်းများ ယနေ့ညပိုင်းတွင် လေကြောင်းခရီးဖြင့်ရောက်ရှိလာရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံရုံးတို့မှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံရုံး ဒုတိယအကြီးအကဲ မစ္စတာ ဟမ်းဂျောင်းဟန်းက မြန်မာနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် ကူးစက်ရောဂါရှာဖွေရေးသုံး ပစ္စည်းများကို လွှဲပြောင်းပေးအပ်ရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာ ဇော်သန်းထွန်းက လက်ခံရယူသည်။

လှူဒါန်းမှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံရုံး ဒုတိယအကြီးအကဲ မစ္စတာ ဟမ်းဂျောင်းဟန်းက "မြန်မာနိုင်ငံရဲ့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် ကိုရီးယားနိုင်ငံ အစိုးရ အနေနဲ့ လှူဒါန်းတာဖြစ်ပါတယ်။ ဒီကနေ့တန်ဖိုးကတော့ အမေရိကန်ဒေါ်လာ လေးသောင်းနှစ်ထောင်ကျော်တန်ဖိုးရှိတဲ့ ကူးစက်ရောဂါရှာဖွေရေးသုံး ပစ္စည်းတွေပါ။ ဒီပစ္စည်းတွေကလည်း လက်ရှိ မြန်မာနိုင်ငံမှာ ဖြစ်ပေါ်နေတဲ့ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းတွေမှာ အင်မတန် အရေးပါတဲ့ ပစ္စည်းဖြစ်ပါတယ်။ ဒီနေ့ကတော့ ပထမဆုံးအကြိမ်ရောက်ရှိတာပါ။ ဆက်လက်ပြီးတော့လည်း ရောက်ရှိလာဦးမှာဖြစ်ပါတယ်"ဟု ပြောပြသည်။

ယနေ့လှူဒါန်းမှုမှာ ကိုရီးယားသမ္မတနိုင်ငံအနေဖြင့် လက်ရှိမြန်မာနိုင်ငံတွင် ဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ကူးစက်ရောဂါရှာဖွေရေးသုံးပစ္စည်းများ ထောက်ပံ့ လှူဒါန်းမည့် အစီအစဉ်မှ အစိတ်အပိုင်းတစ်ရပ် အနေဖြင့် ပထမဆုံးအကြိမ်အဖြစ် ရောက်ရှိလာခြင်းဖြစ်ပြီး လူဦးရေ ၄၀၀၀ ကို စစ်ဆေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

နာရီဝက်အတွင်း အဖြေထုတ်နိုင်

ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာ ဇော်သန်းထွန်းက "ဒီကနေ့ရောက်ရှိလာတာက ရောဂါရှာဖွေရေးမှာ အသုံးပြုတဲ့ ပစ္စည်းတွေပါ။ လက်ရှိမှာ ကိုဗစ်-၁၉ ရောဂါရှာဖွေတဲ့နေရာမှာ အဓိကအသုံးပြုတာကတော့ နှာခေါင်းတို့ဖတ်၊ အာခေါင်တို့ဖတ်ကို စစ်ဆေးတဲ့နည်းနဲ့ပဲ စစ်ဆေးနေကြတာဖြစ်ပါတယ်။ အဲဒီစစ်ဆေးတဲ့နည်းမှာ အဆင့်ဆင့်ရှိတဲ့အတွက် အချိန်အားဖြင့် အဖြေတစ်ခု ထွက်ဖို့ အတွက် ငါးနာရီကျော်၊ ခြောက်နာရီလောက်စောင့်ရတယ်။ အခုရောက်ရှိလာတဲ့ Test Kits ရဲ့ အားသာချက်ကတော့ နှာခေါင်းတို့ဖတ်၊ အာခေါင်တို့ဖတ်ကိုတော့ ယူရတယ်။ ယူပြီးတော့ ဓာတ်ခွဲခန်းကြီးတွေမှာ လုပ်စရာမလိုတော့ဘဲ လုံခြုံတဲ့အခန်းတစ်ခုမှာ အချိန် နာရီဝက်လောက်အတွင်းမှာ အဖြေကို ထုတ်နိုင်မှာဖြစ်ပါတယ်"ဟု ပြောသည်။

ယနေ့လာရောက်လှူဒါန်းသည့် Test Kit များသည် ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စစ်ဆေးမှု ရလဒ်ကို အချိန် မိနစ် ၂၀ တွင် ရရှိနိုင်မည်ဖြစ်ပြီး Rapid Test Kit များထက် အရည်အသွေးပိုမိုကောင်းမွန်ကာ ပုံမှန် PCR Test Kit များကဲ့သို့ပင် အဖြေတိကျမှုရှိကြောင်းနှင့် ယင်း Test Kit များ အသုံးပြုပုံမှာလည်း လွယ်ကူရိုးရှင်းပြီး အပူချိန် -15°C မှ -20°C ကြားတွင် သိမ်းဆည်းထားရမည်ဖြစ်ကြောင်း သိရသည်။

သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်

အင်းစိန်မြို့နယ်၌ ပြည်သူများ
မလိုအပ်ဘဲအပြင်မထွက်စေရန် စစ်ဆေးမှုများ ဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၂၉

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်အတွင်း၌ Stay at Home ကာလအတွင်း နေအိမ်ပြင်ပသို့ ပြည်သူများ မလိုလားအပ်ဘဲသွားလာခြင်း မရှိစေရေး စစ်ဆေးဆောင်ရွက်ခြင်းကို ယနေ့နံနက် ၇ နာရီတွင် အင်းစိန်မြို့နယ် တည်ငြိုးကုန်းရပ်ကွက် ဆောက်လုပ်ရေး ကားမှတ်တိုင်အနီး၌ မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီမှ တာဝန်ရှိသူများ ပူးပေါင်းပြီး စစ်ဆေးဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ စစ်ဆေးဆောင်ရွက်ရာတွင် မြို့နယ်အတွင်း လမ်းမများတွင် သွားလာနေသော ယာဉ်များ၊ ဆိုင်ကယ်များအား ရပ်တန့်စစ်ဆေးစေပြီး စက်တင်ဘာ ၂၄ ရက်မှ အောက်တိုဘာ ၇ ရက်အထိ ပြည်သူများ မိသားစုကျန်းမာရေးနှင့် စားသောက်ရေး ဈေးဝယ်ခြင်းကိစ္စများမှလွဲ၍ မလိုအပ်ဘဲ သွားလာမှုများ မရှိစေရန် အောက်တိုဘာ ၃၁ ရက်အထိ တိုးမြှင့်သတ်မှတ်လိုက်ပြီးဖြစ်သဖြင့် ရောဂါကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်ရန် အသိပညာပေး စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် ပြည်သူ့လွတ်တော် ကိုယ်စားလှယ် ဦးမောင်မောင်ဦး၊ အမှတ်(၂) တိုင်းဒေသကြီး လွတ်တော် ကိုယ်စားလှယ် ဦးဝေဖြိုးဟန်၊ မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီမှ တာဝန်ရှိသူများက ကိုဗစ်ရောဂါနှင့် ပတ်သက်၍ ထုတ်ပြန်ထားသော Stay at Home အမိန့်ညွှန်ကြားချက်များအား ပြည်သူများ လိုက်နာစေရေးတို့အတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဉာဏ်ဟိန်း

ကမ္ဘောဇာဏ်နှင့် ရှေ့သံလွင် (Skynet)တို့က ငွေကျပ်သိန်း ၁၀၀၀၀ ကနဦးမတည်၍ အင်းယားလိတ် ကိုဗစ်စင်တာ တည်ဆောက်လှူဒါန်းမည်

ရန်ကုန် စက်တင်ဘာ ၂၉

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့၏လမ်းညွှန်မှုဖြင့် ကိုဗစ်-၁၉ ရောဂါကုသရေးအတွက် ကမ္ဘောဇာဏ်နှင့် ရှေ့သံလွင်ကုမ္ပဏီ (Skynet) တို့က ဦးဆောင်၍ ငွေကျပ်သိန်း ၁၀၀၀၀ ကနဦးမတည်ကာ ၅၅၉ ခုတင် ပါဝင်သည့် အင်းယားလိတ်ကိုဗစ်စင်တာကို Yangon Convention Center (YCC) တွင် တည်ဆောက်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

မတည်လှူဒါန်း

ကိုဗစ်-၁၉ ကူးစက်လူနာ ၆၅၀ အထိ လက်ခံကုသပေးမည့် အင်းယားလိတ် ကိုဗစ်စင်တာ တည်ဆောက်ရေးအတွက် ငွေကျပ်သိန်း ၇၀၀၀ ကို ကမ္ဘောဇာဏ်ကလည်းကောင်း၊ ငွေကျပ် သိန်း ၃၀၀၀ ကို ရှေ့သံလွင်ကုမ္ပဏီ (Skynet)ကလည်းကောင်း ကနဦးမတည် လှူဒါန်းထားသည်။ ထို့အတူ Yangon Convention Center ကုမ္ပဏီကလည်း YCC ခန်းမအား အင်းယားလိတ်ကိုဗစ်စင်တာဖွင့်လှစ်နိုင်ရေးအတွက် လှူဒါန်းထားကြောင်း သိရသည်။

ခုတင် ၁၀၀၀ အထိ လျာထား

ယခုစင်တာကို ၁၀ ရက်အတွင်းပြီးစီးနိုင်ရန် ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက စနစ်တကျ စီမံချက်ရေးဆွဲကာ ဆောင်ရွက်လျက်ရှိပြီး အရေးပေါ်လူနာများကို ကုသပေးနိုင်ရန်အတွက် High-Dependency Unit ၁၆ ခုတင်ပါဝင်မည်ဖြစ်သည်။ စင်တာတွင် လိုအပ်လာမည့် တစ်ကိုယ်ရေသုံးဆေးဝါးများနှင့် အစားအသောက်များကိုပါ တစ်ပါတည်း စနစ်တကျ ပြင်ဆင်ထားသည့်အပြင် ဆရာဝန်များ၊ ဆေးဘက်ပညာရှင်များနှင့် စေတနာ့ဝန်ထမ်းများအတွက် သီးသန့်အဆောက်အအုံများ တစ်ပါတည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။ ယခု စင်တာတွင် လိုအပ်ပါက အဆောင်များတိုးချဲ့ကာ ခုတင် ၁၀၀၀ အထိ ထားရှိသွားရန် လျာထားကြောင်း သိရသည်။

အင်းယားလိတ်ကိုဗစ်စင်တာကို ကနဦးမတည်၍ ဦးဆောင်လှူဒါန်းသော ကမ္ဘောဇာဏ်သည် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ စဉ်ဆက်မပြတ် ပေးအပ်လှူဒါန်းသွားရန် စီစဉ်ထားရှိကြောင်း သိရသည်။ **ကိုကျော်**

COVID- 19 ရောဂါ ကာကွယ်ဖို့ မိမိမှစ၍ စည်းကမ်းများကို လိုက်နာစို့

မူဆယ်မြို့၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် တရုတ်နိုင်ငံမှ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ လာရောက်လှူဒါန်း

မူဆယ် စက်တင်ဘာ ၂၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဒေသ မူဆယ်မြို့၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် တရုတ်နိုင်ငံ ယူနန်ပြည်နယ် တယ်ဟုန်ပြည်နယ်ခွဲ ပြည်သူ့အစိုးရမှ တရုတ်ယွမ်ငွေကာလတန်ဖိုး ကျပ် ၁၂ သိန်းကျော်ဖိုးရှိ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများကို ယမန်နေ့နံနက် ၉ နာရီက မူဆယ်မြို့ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ် အဝင်/အထွက် ဂိတ်(နန်းတော်ဂိတ်) သို့ လာရောက်ပေးအပ်လှူဒါန်းသည်။

အဆိုပါပစ္စည်းများကို တရုတ်နိုင်ငံ ပြည်ပရေးရာဌာနမှူး မစ္စတာရန်လီကျင်း၊ ရွှေလီမြို့တော်ဝန်မစ္စတာရန့်ရှိယုန်နှင့် တာဝန်ရှိသူများက နှစ်နိုင်ငံ အဝင်/အထွက်ဂိတ်(နန်းတော်ဂိတ်)၌ လာရောက်ပေးအပ်လှူဒါန်းခဲ့ရာ မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှိုင်စိုးသန့်ကလက်ခံပြီး အလှူရှင်များထံသို့ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။

လှူဒါန်းသည့်ပစ္စည်းများမှာ နှာခေါင်းစည်းတစ်သိန်း၊ (N-95) နှာခေါင်းစည်း ၁၀၀၀၊ ခွဲစိတ်ခန်းသုံးလက်အိတ် ၅၀၀၀၀၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၁၀၀၀၀၊ တစ်ခါသုံးဖိနပ်အစုပ် ၁၀၀၀၀၊ လက်သန့်ဆေးရည် ၅၀၀၀၊ ပိုးသတ်ဆေးရည် ၆၀၀၀ နှင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ် တယ်ဟုန်ပြည်နယ် တယ်ဟုန်ဆရာအတတ်သင်ပညာရေးကောလိပ် မြန်မာဘာသာဆရာမ ဒေါ်နှင်းနှင်းကြည် (စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့) မှ နှာခေါင်းစည်း ၁၅၀၀၀ နှင့် တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၁၀၀ တို့ကို မူဆယ်ခရိုင်အတွင်းရှိ မြို့နယ်သုံးမြို့နယ်၊ မြို့လေးမြို့နှင့် မူဆယ်ပြည်သူ့ဆေးရုံများသို့ ဆက်လက်ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆလိုင်းဗန်ရိုးထန် (ပြန်/ဆက်)

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

ပင်လောင်း စက်တင်ဘာ ၂၉

ကိုဗစ်-၁၉ ရောဂါသည် နိုင်ငံတစ်ဝန်းတွင် ကူးစက်ပြန့်ပွားမှုနှုန်းမြင့်တက်လျက်ရှိသောကြောင့် နေအိမ်ပြင်ပသို့ မဖြစ်မနေသွားလာရသည့် ပြည်သူများအနေဖြင့် ရောဂါကူးစက်မှုလျော့ပါးစေရေးအတွက် နှာခေါင်းစည်းများကို စနစ်တကျ တပ်ဆင်ပြီးသွားလာကြရန် အသိပညာပေးလုပ်ငန်းများကို ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့ မြို့မရဲစခန်းရှေ့နှင့် မြို့မစျေးအတွင်းတွင် ယနေ့ ဆောင်ရွက်သည်။

မြို့နယ် ကိုဗစ်-၁၉ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီ၏ ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများပူးပေါင်းအဖွဲ့က နေအိမ်ပြင်ပသို့ မဖြစ်မနေသွားလာရသည့် ပြည်သူများအား နှာခေါင်းစည်းများ စနစ်တကျတပ်ဆင်သွားလာကြရန် အသိပညာပေးလုပ်ငန်းများကို မြို့မရဲစခန်းရှေ့တွင်လည်းကောင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးဌာနမှ ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များက မြို့မစျေးအတွင်း စျေးရောင်းစျေးဝယ်ပြည်သူများအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များကိုလည်းကောင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရဲမင်းဝိုင် (ပင်လောင်း)

Stay at Home ကာလအတွင်း အကြောင်းမဲ့သွားလာခြင်းမပြုရန် အသိပညာပေး

ရန်ကုန် စက်တင်ဘာ ၂၉

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်တွင် Stay at Home ကာလအတွင်း ပြည်သူများ နေအိမ်ပြင်ပသို့ အကြောင်းမဲ့သွားလာခြင်းမပြုရန် အသိပညာပေးခြင်းကို ယမန်နေ့နံနက်ပိုင်းမှစ၍ မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် အမှတ်(၂)လမ်းမကြီးနှင့် ကျန်စစ်သားလမ်းဆုံတို့တွင် ယင်းနေ့နံနက်ပိုင်းမှစ၍ မော်တော်ယာဉ်များအား ရပ်တန့်စေပြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်နေ ပြည်သူများ မိသားစုကျန်းမာရေးနှင့် စားသောက်ရေးကိစ္စများ၊ စျေးဝယ်ခြင်းကိစ္စများမှလွဲပြီး အကြောင်းမဲ့ ပြင်ပသို့ ထွက်ခွာသွားလာခြင်းမပြုရန် နယ်မြေကျော်သွားလာရန် လိုအပ်ပါက ထောက်ခံချက်များပါရှိရန် မော်တော်ယာဉ်များအား တားဆီး၍ မြို့နယ်ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီအဖွဲ့များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် အဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့ နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့များ၊ တာဝန်ရှိသူများပူးပေါင်း၍ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

လှလှထွေး (ပြန်/ဆက်)

ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ကော့မှူးမြို့နယ်အတွင်းရှိ ကန့်သတ်စောင့်ကြည့်ရေးစင်တာများနှင့် ကျန်းမာရေးဝန်ထမ်းများအား ကျန်းမာရေးသုံးပစ္စည်းများပေးအပ်

ရန်ကုန် စက်တင်ဘာ ၂၉

ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ် မြို့သစ်ရပ်ကွက်အ ထ က ကော့မှူး ကန့်သတ်စောင့်ကြည့်ရေးစင်တာ၌ စက်တင်ဘာ ၂၇ ရက် ညနေ ၅ နာရီက ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ မြို့နယ်အတွင်းရှိ ကန့်သတ်စောင့်ကြည့်ရေးစင်တာများတွင် အသုံးပြုရန် လူအသုံးအဆောင်ပစ္စည်းများနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် ကျန်းမာရေးသုံးပစ္စည်းများ လာရောက်လှူဒါန်းခဲ့သည်။

ထိုသို့လှူဒါန်းရာတွင် မြက်ဖျာ၊ ခေါင်းအုံး၊ ခေါင်းအုံးစွပ်၊ စောင်၊ ခြင်ထောင်၊ ဂွမ်းကပ်အစုံ ၁၀၀၊ သွားတိုက်ဆေး၊ သွားပွတ်တံ၊ ဆပ်ပြာတုံးသုံးမျိုးတွဲအစုံ ၁၀၀၊ ရေချိုးခွက်၊ သောက်ရေခွက်၊ ဆပ်ပြာခွက်အစုံ ၁၀၀ စုစုပေါင်းတန်ဖိုးကျပ် ၁၂၅၅၆၀၀ တို့ကို ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ Operation Manager ဦးထွန်းလှစိုးက မြို့နယ် ကိုဗစ်-၁၉ အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးဦးထက်ဝင်းထံ ပေးအပ်လှူဒါန်းခဲ့သည်။

ဆက်လက်၍ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများအသုံးပြုရန် PPE Medical Grade ရှစ်ထည်၊ PPE (Mask အသား) ကိုးထည်၊ PPE ၃၃ ထည်၊ Surgical Gown အထည် ၁၀၀၊ Plastic Apron ၁၀၀ ခုပါ ငါးထုပ်၊ 3M Mask အခု ၃၀၊ Surgical Mask ၁၀၀၀၊ ခေါင်းစွပ် ၁၀၀ ခုပါ ငါးဘူး၊ လက်ဆေးဆပ်ပြာရည် ၅၀၀ မီလီ ၁၀ ဘူး၊ လက်သန့်ဆေးရည် ၅၀၀ မီလီ ၁၀ ဘူး၊ Stand Fan နှစ်လုံး စုစုပေါင်တန်ဖိုးကျပ် ၉၆၅၉၅၀ တို့အား ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ Operation Manager ဦးထွန်းလှစိုးက မြို့နယ်ကျန်းမာရေးမှူးအဆင့်(၁) ဦးစိုးဝင်းထွန်းထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ကျော်သူရ (ကော့မှူး)

မိတ္ထီလာမြို့ အထွေထွေရောဂါကုဆေးရုံကြီးမှ ကျန်းမာရေးဝန်ထမ်းများအား ထောက်ပံ့ငွေပေးအပ်

မိတ္ထီလာ စက်တင်ဘာ ၂၉

ရန်ကုန်တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်ရှိ ကိုဗစ်-၁၉ ရောဂါကုသရေးဌာနသို့ သွားရောက်တာဝန်ထမ်းဆောင်ရမည့် မိတ္ထီလာမြို့ အထွေထွေရောဂါကုဆေးရုံကြီးမှ ကျန်းမာရေးဝန်ထမ်းများအား ယနေ့နံနက်ပိုင်းက ထောက်ပံ့ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

မိတ္ထီလာအထွေထွေရောဂါကုဆေးရုံကြီးမှ ရန်ကုန်တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်ရှိ ကိုဗစ်-၁၉ ရောဂါကုသရေးဌာနသို့ စက်တင်ဘာ ၃၀ ရက်တွင် သွားရောက်တာဝန်ထမ်းဆောင်မည့် ဆရာဝန်များနှင့် ယခုလက်ရှိ ရန်ကုန်တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်ရှိ ကိုဗစ်-၁၉ ရောဂါ ကုသရေးဌာနတွင် တာဝန်ထမ်းဆောင်နေသော ဆရာဝန်များ၊ သူနာပြုဆရာမတို့အား တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရေးအတွက် မိတ္ထီလာမြို့ အထွေထွေရောဂါကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများနှင့် အထူးကုဆရာဝန်များက စုပေါင်း၍ ရန်ကုန်တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်ရှိ ကိုဗစ်-၁၉ ရောဂါ ကုသရေးဌာနများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဆရာဝန်တစ်ဦး၊ သူနာပြုဆရာမကိုးဦးနှင့် စက်တင်ဘာ ၃၀ ရက်မှစတင်၍ ရန်ကုန်တိုင်းဒေသကြီးရှိ ကိုဗစ်-၁၉ ရောဂါ ကုသရေးဌာနသို့ သွားရောက်တာဝန်ထမ်းဆောင်မည့် ဆရာဝန်ခြောက်ဦးရှိရာ ယင်းဆရာဝန်၊ သူနာပြုဆရာမ ၁၆ ဦးတို့အား တစ်ဦးလျှင် ငွေကျပ် ၆၀၀၀ နှုန်းဖြင့် ငွေကျပ် ၉၆၀၀၀ ကို ထောက်ပံ့ခဲ့ကြောင်း မိတ္ထီလာမြို့ အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာညွန့်စိန်က ပြောကြားသည်။

သိန်းမြင့်ကျော် (မိတ္ထီလာ)

ကိုဗစ်-၁၉ ရောဂါကာလ လူနာတင်ယာဉ်များ စက်သုံးဆီအခမဲ့ ထုတ်ယူနိုင်ပြီ

ရန်ကုန် စက်တင်ဘာ ၂၉

လူနာတင်ယာဉ်များ အခမဲ့စက်သုံးဆီထုတ်ယူခွင့်ရယူနိုင်ရန်အတွက် Denko၊ PT Power၊ ရွှေဗျိုင်းဖြူ၊ Max Energy စက်သုံးဆီဆိုင်များနှင့် ဧရာဝတီဖောင်ဒေးရှင်းတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ဧရာဝတီဖောင်ဒေးရှင်း၏ စက်သုံးဆီ အခမဲ့ထုတ်ယူခွင့်ကတ်နှင့်အတူ ယနေ့နံနက် ၆ နာရီမှစတင်၍ တစ်ရက်လျှင် စက်သုံးဆီ ၂၅ လီတာ ထုတ်ယူနိုင်မည်ဖြစ်ကြောင်း ဧရာဝတီဖောင်ဒေးရှင်းမှ သိရသည်။

အခမဲ့ထုတ်ယူလိုသည့် လူနာတင်ယာဉ်များအနေဖြင့် အဖွဲ့အစည်းအမည်၊ လူနာတင်ယာဉ်အမှတ်၊ တာဝန်ခံယာဉ်မောင်းအမည်၊ ဆက်သွယ်ရန်ဖုန်းနံပါတ်၊ လိပ်စာ၊ မော်တော်ယာဉ်၏ ဓာတ်ပုံတို့နှင့်အတူ Ayeyarwady Center ၏ Messenger (သို့) Viber-09 88 760 7500 (သို့) ဧရာဝတီဖောင်ဒေးရှင်း၏ လူမှုကွန်ရက်စာမျက်နှာမှ အသိပေးထားသော ဝက်ဘ်ဆိုက်လိပ်စာတို့မှတစ်ဆင့် စာရင်းပေးသွင်းနိုင်မည် ဖြစ်သည်။

လျှောက်ထားသူများကို ၂၄ နာရီအတွင်း စက်သုံးဆီ အခမဲ့ထုတ်ယူခွင့်ကတ်များကို ပြန်လည်ဆက်သွယ်၍ ထုတ်ပေးသွားမည်ဖြစ်ပြီး ဧရာဝတီစင်တာ စီမံခန့်ခွဲမှုရုံးမြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဂိတ်(၂) တွင် လာရောက်ထုတ်ယူနိုင်မည်ဖြစ်ပြီး အသေးစိတ်ဆက်သွယ်မေးမြန်းလိုပါက ဖုန်း- ၀၉ ၈၈ ၇၆၀၇၅၀၀ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

မြင့်မောင်

ခရမ်းလွန်ရောင်ခြည် အန္တရာယ်ကာကွယ်ရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး

ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်အရ သက်ကြီးဘိုးဘွားများအား ထောက်ပံ့ငွေပေးအပ်

ခေါဇော

မွန်ပြည်နယ် ခေါဇောမြို့ ရပ်ကွက်(၂)အတွင်းရှိ အသက် ၈၀ နှစ်နှင့် ၈၅ နှစ်ကြားရှိ သက်ကြီးဘိုးဘွား ၁၃ ဦးအား နိုင်ငံတော်အစိုးရမှ ထောက်ပံ့ပေးအပ်ရာ သက်ကြီးဘိုးဘွားတစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ အား စက်တင်ဘာ ၂၈ ရက် ညနေပိုင်းက ရပ်ကွက် (၂) အုပ်ချုပ်ရေးမှူး ဦးစိုးဌေးနှင့် တာဝန်ရှိသူများက အိမ်တိုင်ရာရောက် လိုက်လံပေးအပ်ခဲ့ကြောင်း သိရသည်။

ညီညီချမ်း(ပြန်/ဆက်)

မိုင်းဖြတ်

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ စီးပွားရေးကုစားမှုအစီအစဉ်တွင် အသက် ၈၀ နှစ် ပြည့်ပြီးသည့် ဘိုးဘွားများနှင့် အသက် ၈၅ နှစ် မပြည့်သေးသည့် ဘိုးဘွားများအား မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနမှ ထောက်ပံ့ပေးအပ်သည့် ထောက်ပံ့ငွေများကို စက်တင်ဘာ ၂၈ ရက် ညနေပိုင်းက မြို့ပေါ်ရပ်ကွက်များရှိ ဘိုးဘွားများထံ အိမ်တိုင်ရာရောက် ပေးအပ်ခဲ့သည်။

ထိုသို့ထောက်ပံ့ပေးအပ်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်၊ မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနမှ အငယ်တန်းစာရေး ဒေါ်မေမီခင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဖြူဖြူထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် စာရေးများက သက်ကြီးဘိုးဘွားများထံ လူမှုဝန်ထမ်းဦးစီးဌာနမှ ထောက်ပံ့ပေးအပ်သည့် တစ်ဦးလျှင် ကျပ် ၃၀၀၀၀ နှုန်းကို အိမ်တိုင်ရာရောက် ထောက်ပံ့ပေးအပ်ခဲ့ပြီး ကျန်ရှိသည့်ဘိုးဘွားများကို သက်ဆိုင်ရာ ကျေးရွာအုပ်စုများ အလိုက် အုပ်စုအုပ်ချုပ်ရေးမှူးများနှင့် ရပ်ကျေးစာရေးများက ထောက်ပံ့ပေးအပ်သွားမည်ဖြစ်သည်။

သန်းထွန်အေး(ပြန်/ဆက်)

တောင်ငူဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်း

တောင်ငူ စက်တင်ဘာ ၂၉

အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရေတာရှည်မြို့နယ် ရဲတပ်ဖွဲ့မှ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းတင် ဦးစီးသည့် အရာရှိ နှစ်ဦး၊ အခြားအဆင့် ရဲတပ်ဖွဲ့ဝင် ၁၈ ဦးတို့နှင့် ထန်းတပင်မြို့နယ် ရဲတပ်ဖွဲ့မှ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးလှနိုင် ဦးစီးသည့် အရာရှိ တစ်ဦး၊ အခြားအဆင့် ရဲတပ်ဖွဲ့ဝင် ၁၂ ဦးတို့သည် ယနေ့မွန်းလွဲပိုင်းက တောင်ငူမြို့ ပြည်သူ့ဆေးရုံကြီးတွင် စုပေါင်းသွေးလှူဒါန်းခဲ့ပြီး တောင်ငူခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဇော်လွင်ဦးနှင့် တာဝန်ရှိသူများက အားပေးကြည့်ရှုခဲ့ကာ ကြက်ဥ၊ အချိုရည်၊ သောက်ရေသန့်ဘူးများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ကိုလွင်(ဆွာ)

ကျွန်းစုမြို့၌ ရေဘေးသင့်အိမ်ထောင်စုများအတွက် အိမ်ဆောက်ပစ္စည်းဖိုးနှင့်ကယ်ဆယ်ရေးပစ္စည်းများထောက်ပံ့

ကျွန်းစု စက်တင်ဘာ ၂၉

တနသင်္ဘာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်တွင် စက်တင်ဘာ ၁၈ ရက်မှ ၂၀ ရက်အတွင်း အပူပိုင်းမုန်တိုင်း နိုလ်ကြောင့် ပင်လယ်ဒီရေလှိုင်းရိုက်ခတ်ကာ ထိခိုက်ပျက်စီးခဲ့သော ရေဘေးသင့်အိမ်ထောင်စုများအတွက် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနက အိမ်ဆောက်ပစ္စည်းဖိုးနှင့် ကယ်ဆယ်ရေးပစ္စည်းများကို ယမန်နေ့ နံနက်ပိုင်းက ကျွန်းစုမြို့ ကျွန်းရတနာခန်းမ၌ ထောက်ပံ့ပေးအပ်ခဲ့သည်။

ကျွန်းစုမြို့အတွင်း ရေဘေးကြောင့် ရေမြစ်ကြီးကျေးရွာအုပ်စု၊ ကော်ဇယာကျေးရွာအုပ်စု၊ တာလပိုင်းကျေးရွာအုပ်စု၊ မအိုင်ကျေးရွာအုပ်စု၊ ကမ်းကြီးကျေးရွာအုပ်စုများရှိ နေအိမ် ၁၈ လုံး ပြိုကျပျက်စီးခဲ့ပြီး တစ်စိတ်တစ်ပိုင်းပျက်စီးနေအိမ် ၆၃ လုံးရှိရာ ယင်းတို့အတွက် ကယ်ဆယ်ရေးပစ္စည်း ၁၇ မျိုးပါ ၁၈ ပုံး၊ အိမ်ဆောက်ပစ္စည်းဖိုးငွေကျပ် ၅၆၂၀၀၀၀၊ ဘေးသင့်ပြည်သူ ၄၁၇ ဦးအတွက် တစ်ပတ်စာ ဆန်ဖိုးငွေကျပ် ၈၇၅၇၀၀ စုစုပေါင်း ငွေကျပ် ၆၄၉၅၇၀၀ တို့ကို မြိတ်ခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဉာဏ်မြင့်က ပေးအပ်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဌေးနှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့ပြီး ယင်းမှတစ်ဆင့် ရေဘေးသင့် အိမ်ထောင်စုများထံသို့ ထောက်ပံ့ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

စည်သူရအောင်(ကျွန်းစု)

မအူပင်မြို့နယ်၌ ကိုဗစ်-၁၉ ကာလ စီးပွားရေးကုစားမှုစီမံကိန်းများ ဆောင်ရွက်ပြီးစီးသည့်လုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေး

မအူပင် စက်တင်ဘာ ၂၉

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ကိုဗစ်-၁၉ ကာလ စီးပွားရေးကုစားမှုအစီအစဉ်(CERP) အရ ကျေးလက်နေပြည်သူများအား စီးပွားရေးအရ အထောက်အကူပြုနိုင်သော Cash For Work စီမံကိန်းနှင့် ကျေးရွာမတည်ငွေစီမံကိန်း(VRFP)များ အောင်မြင်စွာ ဆောင်ရွက်ပြီးစီးသည့် လုပ်ငန်းစဉ်များအား ရှင်းလင်းပွဲကို ယမန်နေ့ နံနက်ပိုင်းက မအူပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

စီမံကိန်းများ ရှင်းလင်းရာတွင် Cash For Work ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြင့် ကျေးရွာပေါင်း ရှစ်ရွာအား တစ်ရွာလျှင် ရန်ပုံငွေကျပ် ၁၀ သန်းဖြင့် လုပ်ငန်းခွဲပေါင်း ၂၃ ခုကို ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ဒေသခံများ ကိုယ်တိုင် ပါဝင်ဆောင်ရွက်၍ လုပ်အားခငွေများ ရရှိနိုင်သဖြင့် မိသားစုစားဝတ်နေရေး အခက်အခဲများအတွက် အဆင်ပြေနိုင်သည့်အခြေအနေများကို လည်းကောင်း၊ ကျေးရွာမတည်ငွေစီမံကိန်း(VRFP) ဖြင့် ကျေးရွာသုံးရွာ၌ ကျပ်သိန်း ၈၀၀ ကို လည်ပတ်ရန်ပုံငွေအဖြစ် ထုတ်ချေးပေးနိုင်ခဲ့သဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စျေးအရောင်းအဝယ်ကဏ္ဍများတွင် လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်မှုအခြေအနေများကို မအူပင်မြို့နယ် ကျေးလက်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းစိုးက ရှင်းလင်းဆွေးနွေးခဲ့သည်။

တက်ရောက်

အဆိုပါစီမံကိန်းများအား ယခုနှစ် ဇူလိုင်လ နောက်ဆုံးအပတ်မှ စတင်ခဲ့ခြင်းဖြစ်ပြီး စက်တင်ဘာလ ပထမအပတ်အတွင်း စီမံကိန်းလုပ်ငန်းများ ပြီးစီးခဲ့ခြင်းဖြစ်သည်။ ယနေ့ပြုလုပ်သည့်အခမ်းအနားသို့ လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ကြေးမုံ

ကျန်းမာရေးညွှန်ကြားချက်များ လိုက်နာဆောင်ရွက်ခြင်း ရှိ၊ မရှိ စစ်ဆေး

ကွန်ဟိန်း စက်တင်ဘာ ၂၉

ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့၌ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်နိုင်ရေးအတွက် မြို့အတွင်း ဖွင့်လှစ်ထားသည့် တည်းခိုခန်းများ၊ စားသောက်ဆိုင်များ၊ လက်ဖက်ရည်ဆိုင်များတွင် ကျန်းမာရေးညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ၊ မရှိကို ယမန်နေ့ ညနေ ၄ နာရီက စစ်ဆေးခဲ့သည်။

အဆိုပါစစ်ဆေးခြင်းတွင် မြို့တွင်း၌ ဖွင့်လှစ်ထားသည့် ရွှေတောင်တန်းတည်းခိုခန်းနှင့် ရှမ်းတောင်တန်းတည်းခိုခန်းတို့တွင် လာရောက်တည်းခိုသူများရှိပါက သက်ဆိုင်ရာကော်မတီသို့ အကြောင်းကြား၍ ပူးပေါင်းဆောင်ရွက်စေရန် အသိပညာပေးခြင်း၊ လာရောက်တည်းခိုသူများရှိ၊ မရှိ စစ်ဆေးခြင်း၊ စားသောက်ဆိုင်နှင့် လက်ဖက်ရည်ဆိုင်များတွင် ပါဆယ်စနစ်ဖြင့်သာ ရောင်းချခြင်း ရှိ၊ မရှိ စစ်ဆေးခြင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ထားခြင်း ရှိ၊ မရှိတို့ကို စစ်ဆေးခဲ့သည်။

ယင်းသို့ စစ်ဆေးခြင်းအား မြို့နယ်အဆင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီ ဥက္ကဋ္ဌ၏ ကြီးကြပ်မှုဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထွန်းနှင့် ဝန်ထမ်းများ၊ စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးကျော်မင်းထွန်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မျိုးသန့်နှင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်စာရေးများက ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပြည့်စန္ဒီမြင့်(ပြန်/ဆက်)

မလှိုင်မြို့ပေါ်ရှိ အခြေခံလူတန်းစားများအား ဆန်နှင့်ဆီများ ထောက်ပံ့

မလှိုင် စက်တင်ဘာ ၂၉

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေစဉ် ကာလအတွင်း လက်လုပ်လက်စား အခြေခံလူတန်းစားများ စားဝတ်နေရေး ပြေလည်စေရန် နိုင်ငံတော်မှ ထောက်ပံ့ပေးအပ်နေသကဲ့သို့ ပုဂ္ဂလိကအလှူရှင်များဖြစ်သည့် မလှိုင်မြို့ အမှတ် (၄) ရပ်ကွက်နေ ရွှေကုန်သည် ဦးစံသိန်း-ဒေါ်ဒေါ်ပုမိသားစုတို့က မြို့ပေါ်ရပ်ကွက်များမှ အခြေခံလူတန်းစား အိမ်ထောင်စု ၃၀၀ ကို ယမန်နေ့က ဆန်နှင့်ဆီများ ထောက်ပံ့ခဲ့သည်။

“ကိုဗစ်-၁၉ ရောဂါကာလမှာ အခြေခံလူတန်းစားတွေကို တတ်နိုင်သလောက် ကူညီထောက်ပံ့ပေးတာပါ။ ကျွန်မအမေက အသက် ၉၀ ကျော်ပါပြီ၊ မေမေ့ဆန္ဒကလည်း ထောက်ပံ့ပေးချင်တာနဲ့ လှူဖြစ်တာပါ။ နိုင်ငံတော်ကိုလည်း တစ်စိတ်တစ်ပိုင်းက ကူညီတဲ့သဘောပါ” ဟု ဒေါက်တာဒေါ်ပြုံး(ပါမေကွ-ဗြိမ်း) က ပြောကြားသည်။

မြို့ပေါ်ရပ်ကွက်တစ်ခုလျှင် အခြေခံလူတန်းစား အိမ်ထောင်စု ၇၅ စုနှုန်းဖြင့် ရပ်ကွက်လေးရပ်ကွက်မှ အိမ်ထောင်စု ၃၀၀ ကို တစ်အိမ်ထောင်လျှင် ဆန်လေးပြည်၊ ဆီ ၅၀ ကျပ်သားနှုန်းဖြင့် နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် တစ်နေ့နှစ်ကြိမ်ခွဲပြီး နှစ်ရက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အောင်ဌေး (မလှိုင်)

စွန့်လွှတ်စွန့်စား သူရဲကောင်းကျန်းမာရေးဝန်ထမ်းများ

မောင်မောင်(လျှပ်စစ်)

တကယ်ပါခင်ဗျာ-

စာရေးသူရဲ့ရင်ထဲမှာ မျိုသိပ်မထားနိုင်တော့လို့ ရင်ဖွင့်ချီးကျူးရေးသားဂုဏ်ပြုပါရစေ။

သိရှိကြသည့်အတိုင်း နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ် ကြိုတင်ခန့်မှန်းသတိပေးထားသကဲ့သို့ ကိုဗစ် ဒုတိယလှိုင်းက ပထမလှိုင်းထက် ကူးစက်မှု ပိုမိုပြင်းထန်မြန်ဆန်လာသည်။ အန္တရာယ်များလာပါပေသည်။

ပထမလှိုင်းမှာ သေဆုံးသူ ခြောက်ဦးသာ ရှိခဲ့သော်လည်း ဒုတိယလှိုင်းမှာ စက်တင်ဘာလ ၂၉ ရက်နေ့ အထိ သေဆုံးသူ ၂၈၄ ဦးရှိကြောင်း သိရှိရပြီး ရနိုင်ပြည်နယ်ကစခဲ့သည့် ကိုဗစ်-၁၉ က လူနေထူထပ်သည့် ရန်ကုန်မြို့မှာ ကူးစက်မှု ပိုမိုမြန်ဆန်များပြားလာရာမှ တိုင်းဒေသကြီးနှင့် ပြည်နယ်အနှံ့ ခရီးဆန့်နေပါပြီ။

တိုးချဲ့တည်ဆောက်

ရန်ကုန်မြို့တွင် နေ့စဉ်နှင့်အမျှ ကိုဗစ်ရောဂါကူးစက်ခံရသူများ တိုးတက်များပြားလာသည့်အတွက် လက်ရှိကန့်သတ်စောင့်ကြည့်စခန်းများ မလုံလောက်သဖြင့် စေတနာရှင် အလှူရှင်များ၏ ပူးပေါင်းကူညီလှူဒါန်းမှုများဖြင့် သုဝဏ္ဏအားကစားကွင်းအပါအဝင် နေရာအတော်များများမှာ ကန့်သတ်စောင့်ကြည့်စခန်းများ တိုးချဲ့တည်ဆောက် ပြင်ဆင်နေသည်ကိုလည်း တွေ့မြင်နေရပါသည်။

ငွေကြေးတတ်နိုင်လျှင် တတ်နိုင်သလို၊ အလှူရှင်များပေါ်လာလျှင် ပေါ်လာသလို ကန့်သတ်စောင့်ကြည့်စခန်းများ တိုးချဲ့ဖွင့်လှစ်၊ ဆေးဝါးကိရိယာများ ဝယ်ယူဖြည့်တင်းနိုင်သော်လည်း ဘယ်လိုမှ ငွေကြေးနှင့် ဝယ်၍မရ၊ ဘယ်လိုမှ "ရော့ပတ္တမြား၊ ရော့နဂါး" ဆိုပြီး ဖြည့်တင်းလို့မရ၊ တိုးချဲ့၍ မရတာကတော့ လူ့စွမ်းအားအရင်းအမြစ်ဖြစ်သည့် ကျန်းမာရေးဝန်ထမ်း၊ ဆရာဝန်/ ဆရာမများ၊ သူနာပြုများ၊ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူများပင်ဖြစ်ပါသည်။

သည်အချိန်၊ သည်ကာလမှာ ကျန်းမာရေးဝန်ထမ်း၊ ဆရာဝန်/ ဆရာမ၊ သူနာပြု၊ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူများက ပြည်သူများအတွက် အဓိကကျသူများ၊ နိုင်ငံတော်မှ အားကိုးအားထားပြုရသူများ ဖြစ်သကဲ့သို့ ကိုဗစ်-၁၉ ဖြစ်ပွားနေချိန်မှာ ကျန်းမာရေးဝန်ထမ်းများနှင့်အတူ နေ့ရောညပါ ပူးပေါင်းပါဝင်ကူညီဆောင်ရွက်နေကြသည့် ပရဟိတအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ ကလည်း များစွာအထောက်အကူပြုလျက်ရှိသည်။

တစ်ကျော့ပြန်ဖြစ်ပွားမှုမှာ ပိုမိုများပြား

"တောင်ဝှေးလဲရင် ဖိုးသူတော်ထူနိုင်တယ်၊ ဖိုးသူတော်လဲရင် တောင်ဝှေးမထူနိုင်" ဆိုသကဲ့သို့ ကိုဗစ်-၁၉ သံသယလူနာများ၊ ပိုးတွေ့ရှိသူများကို ကျန်းမာရေးဝန်ထမ်း၊ ဆရာဝန်/ဆရာမများ၊ သူနာပြုများ၊ ဆေးဝါးကျွမ်းကျင်သူများက နေ့၊ ညမပြတ် စစ်ဆေးကုသစောင့်ရှောက်မှု ပေးနိုင်သော်လည်း၊ ပေးနေသော်လည်း အဆိုပါ ကျန်းမာရေးဝန်ထမ်းဆရာဝန်၊ ဆရာမများ၊ သူနာပြုများမှာ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရလျှင်ဖြင့် မတွေးဝံ့အောင်ဖြစ်နေပါပြီ။

> **ကိုဗစ်-၁၉ ရောဂါခံစားနေရသည်ဟု သိရှိသူများ၊ သံသယရှိသူများ ဆေးရုံ၊ ဆေးခန်းများသို့ သွားရောက်ပြသသည့်အခါ မိမိတို့၏ အဖြစ်မှန်ခံစားနေရပုံတို့ကို မကွယ်မဝှက် မထိမ်မချန် အမှန်အတိုင်းပြောခြင်းဖြင့် ကျန်းမာရေးဝန်ထမ်းများကို ကူညီကြရန် အထူးလိုအပ်။**

မတွေးဝံ့သော်လည်း ယခုအခါ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ကျန်းမာရေးဝန်ထမ်းများ ရှိနေကြောင်း၊ ပထမဖြစ်ပွားသည်ထက် တစ်ကျော့ပြန်ဖြစ်ပွားမှုမှာ ပိုမိုများပြားကြောင်း စိတ်မကောင်းဖွယ်ရာ ကြားသိရပြန်သည်။

ထို့ကြောင့်လည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာသန်းနိုင်စိုးက "တစ်ကျော့ပြန် ကိုဗစ်-၁၉ ဖြစ်ပေါ်နေတဲ့ ကာလမှာ ရှေ့တန်းတိုက်စစ်မှူးတွေဖြစ်တဲ့ ကျန်းမာရေးဝန်ထမ်းတွေ ကိုဗစ်-၁၉ ကူးစက်ခံရမှု ပိုမိုများပြားလာပါတယ်။ အဲဒီလို ကူးစက်ခံရတဲ့ ကျန်းမာရေးဝန်ထမ်းတွေကို အမြန်ဆုံး ဆေးကုသမှုပေးကာ လုပ်ငန်းခွင်ပြန်ဝင်နိုင်ဖို့ စီစဉ်နေပါတယ်။ စစ်တိုက်သလိုပဲ၊ ဒီတပ်ရင်းတစ်ရင်း ရှေ့ကထွက်ရင် နောက်တပ်ရင်းတစ်ရင်းက အဆင်သင့်လုပ်ထားတယ်။ ပထမတပ်ရင်းမှာ ထိခိုက်မယ့်သူရှိမယ်။ ဒဏ်ရာရတဲ့သူရှိမယ်၊ ဒီလူတွေကို ပြန်ကောင်းအောင် အနားပေးပြီး ကုသမယ်။ ဒီတပ်ရင်းကို လူပြန်ဖြည့်မယ်၊ ဒုတိယတပ်ရင်း ပြန်ဆင်းလာတဲ့အချိန်မှာ ပထမတပ်ရင်းက ပြန်တိုက်မယ်။ တပ်ရင်း သုံးရင်း၊ ငါးရင်းလောက်ရှိရင် ပိုကောင်းတာပေါ့"ဟု ကိုဗစ်-၁၉ အမြစ်ဖြတ်ချေမှုန်းရေးအစီအစဉ်ကို အားတက်သရောပြောကြားခဲ့ပါသည်။

ထို့အတူ စက်တင်ဘာလ ၁၁ ရက်နေ့က ပြုလုပ်သော ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းဆိုင်ရာ ပုံမှန်ညှိနှိုင်းအစည်းအဝေးတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ကုသရေးဘက်မှ အင်အားနည်းလာပါက တပ်မတော်မှ တပ်ထောက်ကူများ၊ သူနာပြုများနှင့် ဆရာ၊ ဆရာမများက ရှေ့တန်းထွက်တိုက်ရန် စီစဉ်ထားကြောင်း ကိုဗစ်-၁၉ စစ်ဆင်ရေးအစီအစဉ်ကို ပြောကြားသွားသည်မှာ အားတက်ဖွယ်ရာကောင်းလှပါပေသည်။

သူရဲကောင်းများ

သည်အချိန်၊ သည်အခါ၊ သည်ကိုဗစ်-၁၉ တိုက်ပွဲမှာဖြင့် ကျန်းမာရေးဝန်ထမ်း၊ ဆရာဝန်၊ ဆရာမများ၊ သူနာပြုများ၊ ဆေးဝါးကျွမ်းကျင်သူများက ရှေ့တန်းစစ်မျက်နှာရောက် သူရဲကောင်းများပင် ဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါက ကူးစက်မှုမြန်ပြီး တစ်ယောက်ရောဂါကူးလျှင် မိသားစုသာမက ကိုယ်တွေနဲ့ ထိတွေ့ပြောဆိုခဲ့သူများပါ ကူးစက်နိုင်သည်။ အသက်ဆုံးရှုံးသည်အထိ ဖြစ်နိုင်သည်ကို သိပါလျက်နှင့် ကိုယ်ကျိုးစွန့်၊ အနစ်နာခံကာ "ပြည်ထောင်စုကို၊ မြန်မာပြည်သူ ပြည်သားများကို အသက်ပေးလို့ ကာကွယ်နေသူ" ကျန်းမာရေးဝန်ထမ်းများကို အားပေး ဂုဏ်ပြုချီးကျူးကြရပေမည်။ ကူညီကြရပေမည်။

လူမှုရေးအသင်းအဖွဲ့များ၊ ပရဟိတအဖွဲ့များ ကလည်း ကျန်းမာရေးဝန်ထမ်းများကို အထောက်အကူပြု ပိုင်းဝန်းကူညီလျက်ရှိနေသည်ကို တွေ့မြင်နေရပါသည်။

ထို့အတူ ကိုဗစ်-၁၉ ရောဂါခံစားနေရသည်ဟု သိရှိသူများ၊ သံသယရှိသူများ ဆေးရုံ၊ ဆေးခန်းများသို့ သွားရောက်ပြသသည့်အခါ မိမိတို့၏ အဖြစ်မှန်ခံစားနေရပုံတို့ကို မကွယ်မဝှက် မထိမ်မချန် အမှန်အတိုင်းပြောခြင်းဖြင့် ကျန်းမာရေးဝန်ထမ်းများကို ကူညီကြရန် အထူးလိုအပ်ပါသည်။

သို့ပါ၍ ကျန်းမာရေးဝန်ထမ်း ဆရာဝန်၊ ဆရာမများ၊ သူနာပြုများ၊ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူများအား စွန့်လွှတ်စွန့်စား သူရဲကောင်းကျန်းမာရေးဝန်ထမ်းများ ဟု ရေးသားဂုဏ်ပြုလိုက်ရပါတော့သည်။ ။

ကချင်ပြည်နယ်ဝန်ကြီးချုပ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများဆောင်ရွက်နိုင်ရန် ညှိနှိုင်းဆွေးနွေးပွဲတက်ရောက်

မြစ်ကြီးနား စက်တင်ဘာ ၂၉

ကချင်ပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ စနစ်တကျဖြင့် ဌာနဆိုင်ရာအချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ပြည်နယ်ဝန်ကြီးချုပ် ဦးဆောင်၍ ယမန်နေ့နံနက်ပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က မိမိတို့ ကချင်ပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေး ပြည်သူများအား မဖြစ်မနေ နှာခေါင်းစည်းနှင့် Face Shield များ တပ်ဆင်သွားလာမှု အလေ့အကျင့်ဖြစ်ပေါ်စေရေးကို အထူးကြပ်မတ်၍ ထိန်းချုပ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ စည်ပင်သာယာဈေးများအပါအဝင် ရပ်/ကျေးဈေးများအားလုံးတွင် ကြပ်မတ်စွာထိန်းချုပ်ဆောင်ရွက်ကြရေး၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝင်ရောက်လာသူများအား ကချင်ပြည်နယ်၏ မြို့အဝင် ဂိတ်များတွင် သေချာစွာကန့်သတ်စိစစ်၍ သက်ဆိုင်ရာ မြို့နယ်အလိုက် ရပ်/ကျေးအုပ်ချုပ်ရေးမှူးအဆင့်ဆင့်ကကြီးကြပ်၍ Quarantine ထားရှိရေး တာဝန်ယူဆောင်ရွက်ရန် လိုကြောင်း၊ ကုန်စည်ဝင်/ထွက်ကားများနှင့် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များအား သတ်မှတ်နေရာတစ်ခုတွင် ရပ်နား၍ ကုန်စည်လွှဲပြောင်းခြင်းလုပ်ငန်းကို ဆောင်ရွက်နိုင်ရေးနှင့် ဖားကန့်မြို့တွင် ကိုဗစ်-၁၉ ကူးစက်ပြန့်ပွားမှု လျော့နည်းကျဆင်းလာစေရေးအတွက် မြို့အဝင်/အထွက်များကို စိစစ်ကန့်သတ်ပြီး ရောဂါထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟန်မြှင့် ဆောင်ရွက်ရန်လိုကြောင်း တိုက်တွန်းမှာကြားသည်။

ပြည်နယ်
(ပြန်/ဆက်)

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် သဘာဝဘေးသင့်မိသားစုများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်

ကော့သောင်း စက်တင်ဘာ ၂၉

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင်နှင့် တာဝန်ရှိသူများသည် ယမန်နေ့က အပူပိုင်းမုန်တိုင်းနိုလ်ကြောင့် ကော့သောင်းမြို့နယ်အတွင်း သဘာဝဘေးသင့်မိသားစုဝင်များအား ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ လိုက်လံထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

လှည့်လည်ကြည့်ရှု

တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည့် စူးငယ်ဘာလိုင်းကျေးရွာအုပ်စု ကံပုံမာတမ်းကျေးရွာရှိ အိမ်ထောင်စု ၂၁ စု၊ ချမ်းဖန်းကျေးရွာအုပ်စု၊ ချန်းဖန်းကျေးရွာမှ အိမ်ထောင်စု ၂၇ စုအား တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့ငွေများ၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ထောက်ပံ့ပေးအပ်သည့် ဆန်ရိက္ခာနှင့် အိမ်ဆောက်ပစ္စည်းထောက်ပံ့ငွေ၊ ကယ်ဆယ် ရေးပစ္စည်းနှင့် တစ်ကိုယ်ရေသုံးပစ္စည်းများအား သဘာဝဘေးသင့်မိသားစုများသို့ ထောက်ပံ့ပေးအပ်ပြီး သဘာဝဘေးကြောင့် ပျက်စီးခဲ့သောလမ်းများနှင့် နေအိမ်များအား လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် သဘာဝဘေးဒဏ်ကြောင့် ပျက်စီးခဲ့ရသည့် သီရိမြိုင်ရပ်ကွက် မြို့ဦးဆုတောင်းပြည့်စေတီတော်ရင်ပြင်တော်အား ကြည့်ရှုစစ်ဆေးကာ စေတီတော်ဂေါပကအဖွဲ့သို့ မွမ်းမံပြင်ဆင်နိုင်ရေး အလှူငွေများပေးအပ်လှူဒါန်းခဲ့ပြီး ပုလုံးတုံတုံးကျေးရွာအုပ်စု ရွာသာယာကျေးရွာရှိ သဘာဝဘေးအန္တရာယ်ကြောင့် တစ်စိတ်တစ်ပိုင်းပျက်စီးခဲ့ရသည့် နေအိမ် ၁၈ လုံး၊ လုံးဝပျက်စီးခဲ့သောနေအိမ်လေးလုံးနှင့် ကော့သောင်းမြို့ ဘုရင့်နောင်ရပ်ကွက်ရှိ တစ်စိတ်တစ်ပိုင်းပျက်စီးခဲ့ရသည့် နေအိမ် ၁၁ လုံး၊ လုံးဝပျက်စီးခဲ့ရသော နေအိမ်သုံးလုံးတို့မှ မိသားစုများအား ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြသည်။

ကျော်စိုး(ကော့သောင်း)

ပြည်ပနိုင်ငံများ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်

နေပြည်တော် စက်တင်ဘာ ၂၉

နိုင်ငံတကာခရီးသည်တင်လေယာဉ်များ ပျံသန်းမှုယာယီရပ်ဆိုင်းထားခြင်းကြောင့် ကိုရီးယားသမ္မတနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်း(MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

အဆိုပါ ကယ်ဆယ်ရေးလေယာဉ်တွင် ချက်သမ္မတနိုင်ငံမှ တစ်ဦး၊ ဟောင်ကောင်မှ တစ်ဦး၊ ကနေဒါမှ လေးဦး၊ အီဂျစ်မှ တစ်ဦး၊ အီတလီမှ သုံးဦး၊ ဘယ်လ်ဂျီယံမှ လေးဦး၊ ဗီယက်နမ်မှ သုံးဦး၊ ဂျာမနီမှ လေးဦး၊ တောင်အာဖရိကမှ တစ်ဦး၊ ဆွစ်ဇာလန်မှ လေးဦး၊ ဘရာဇီးမှ ငါးဦး၊ အင်ဒိုနီးရှားမှ ငါးဦး၊ ဖြိတိန်မှ လေးဦး၊ အမေရိကန်ပြည်ထောင်စုမှ ကိုးဦး၊ ကိုရီးယားသမ္မတနိုင်ငံမှ ၆၅ ဦး စုစုပေါင်း မြန်မာနိုင်ငံသား ၁၁၄ ဦး လိုက်ပါခဲ့ကြသည်။

ဂင်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစစ်ဆေးရေး၊ သီးသန့်စီစဉ်ပေးသည့်နေရာ / သတ်မှတ်ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ၁၄ ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ၇ ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့ကြသည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီ၏လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အထိ ကိုရီးယားသမ္မတနိုင်ငံမှ ကယ်ဆယ်ရေးလေယာဉ် ၂၄ ကြိမ် ပျံသန်းပြေးဆွဲခဲ့ပြီးဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ဧရာဝတီမြစ်ရေမြင့်တက်လာ၍ ကသာမြို့နှင့် ထီးချိုင့်မြို့တို့ရှိ ကမ်းနားနေထိုင်သူများအား သတိပေးပြီး တိရစ္ဆာန်များအား ကူညီရွှေ့ပြောင်းပေး

ကသာ စက်တင်ဘာ ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်၏ မြစ်ရေချိန်သည် ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ၉၈၉ စင်တီမီတာဖြစ်ပြီး စိုးရိမ်ရေမှတ်ဖြစ်သည့် ၁၀၄၀ စင်တီမီတာသို့ ရောက်ရှိလာနိုင်သည်ဖြစ်၍ ကသာမြို့နယ် အင်းရွာနယ်မြေမီးသတ်စခန်းမှ အင်းရွာအုပ်စုအတွင်းရှိ ကျွန်းတောကုန်းကျေးရွာ၊ ပိန်းတောကျေးရွာ၊ ဦးစောကျွန်းကျေးရွာ၊ ရွှေဘုံသာကျေးရွာ၊ အလယ်ရပ်ကျေးရွာနှင့် သပြေသာကျေးရွာများရှိ မြေနိမ့်ပိုင်းနေထိုင်သူများအား သတိပေးနှိုးဆော်ခြင်းဆောင်ရွက်ခဲ့သည်။

နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် ကသာမြို့နယ် ကျောက်ထုံးကြီးကျေးရွာတွင် ဧရာဝတီမြစ်ရေ ဝင်ရောက်မှုကြောင့် ကျောက်ထုံးကြီးကျေးရွာ ရေလယ်ကျွန်းခုံမှ နွား ၁၃ ကောင်အား ကျောက်ထုံးကြီးကျေးရွာ နယ်မြေ မီးသတ်စခန်းမှ မီးသတ်ဝန်ထမ်းများက ဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းပေးခဲ့သည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့၏ ဧရာဝတီမြစ်ရေအမှတ်မှာ ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ၆၈၇ စင်တီမီတာဖြစ်ကြောင်း ထီးချိုင့်မြို့နယ် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။ ထို့ကြောင့် စိုးရိမ်ရေမှတ် ၇၄၀ စင်တီမီတာသို့ ရောက်ရှိလာနိုင်သဖြင့် ထီးချိုင့်မြို့နယ် မီးသတ်ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ချမ်းမြေနိုင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များသည် ခက်သင်ကျွန်းကျေးရွာ၊ ပိန္နဲကုန်းကျေးရွာ၊ ရေဝကျေးရွာ၊ သောင်ကြီးကျေးရွာ၊ ဆင်ကျွန်းကျေးရွာနှင့် သော်ကကျေးရွာများသို့ မြစ်ကမ်းဘေးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအား အထူးဂရုစိုက်ရန် သတိပေးနှိုးဆော်ခြင်းဆောင်ရွက်ခဲ့သည်။

ယနေ့ညနေ ၃ နာရီခွဲတိုင်းထွာချက်အရ ကသာမြို့၏ ဧရာဝတီမြစ်ရေချိန်သည် ၁၀၀၀ စင်တီမီတာဖြစ်ကြောင်း ကသာမြို့ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

အေးမြသက်ထား

ကြို့ပင်ကောက်မြို့နယ်၌ မိုးစပါးရေကြီးနစ်မြုပ်ပျက်စီးလယ်များအတွက် ထောက်ပံ့ငွေများပေးအပ်

ကြို့ပင်ကောက် စက်တင်ဘာ ၂၉

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ်တွင် ၂၀၁၉ ခုနှစ် မိုးရာသီကာလတွင် ရေကြီးနစ်မြုပ်ပျက်စီးခဲ့သည့်လယ်ဧကများအတွက် ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ထောက်ပံ့ငွေပေးအပ်ပွဲကို ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကာလအတွင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ချမှတ်ထားသည့်လမ်းညွှန်ချက်များနှင့်အညီ မြို့နယ်သဘာဝဘေးကော်မတီအဖွဲ့မှ ကျေးရွာသဘာဝဘေးကော်မတီအဖွဲ့ဥက္ကဋ္ဌများထံ ပေးအပ်ခဲ့ပြီး စိုက်ပျိုးရေးဦးစီးဌာနမှ သက်ဆိုင်ရာကွင်းတာဝန်ခံများက ကျေးရွာသဘာဝဘေးကော်မတီ ဥက္ကဋ္ဌများနှင့်အတူ တောင်သူများ၏ လက်ဝယ်သို့ အိမ်တိုင်ရာရောက်ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမောင်မောင်ဌေးက ပြောသည်။

ကြို့ပင်ကောက်မြို့နယ်တွင် ၂၀၁၉ ခုနှစ် မိုးစပါးစိုက်ရာသီတွင် ရေကြီးနစ်မြုပ်ခဲ့သော ကျေးရွာအုပ်စုများဖြစ်သည့် ညောင်ပင်မြင်းစီးကျေးရွာအုပ်စုရှိတောင်သူ ခြောက်ဦးတို့၏ လယ် ၁၇ဧက၊ ဘုရားကြီးကုန်းကျေးရွာအုပ်စုရှိတောင်သူ ၂၀၏ လယ်၇၅ ဧကနှင့် ရှားပင်ထကျေးရွာအုပ်စုရှိတောင်သူ၂၉ဦးတို့၏ လယ် ၉၈ ဧကတို့အတွက် ထောက်ပံ့ငွေများကို ပေးအပ်ခဲ့ရာ စုစုပေါင်းတောင်သူ ၅၅ ဦးတို့၏ ပျက်စီးလယ်ဧက ၁၉၀အတွက် တစ်ဧကလျှင် ကျပ် ၁၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ဧယျာထွန်း(ကြို့ပင်ကောက်)

ရှမ်းရွာသစ်မြို့၌ ကိုဗစ်-၁၉ ရောဂါကာလတွင် ဝန်ထမ်းများအား အခြေခံစားသောက်ကုန်များ ထောက်ပံ့

ရှမ်းရွာသစ် စက်တင်ဘာ ၂၉

ကရင်ပြည်နယ် ရှမ်းရွာသစ်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား ကိုဗစ် -၁၉ ရောဂါကာလတွင် အခြေခံစားသောက်ကုန်များ ထောက်ပံ့ခြင်းကို ယမန်နေ့က မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မြို့အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းအောင်က ကိုဗစ်-၁၉ ကာလတွင် ဝန်ထမ်းများစားသောက်ရေးအဆင်ပြေစေရန် အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်ရခြင်းဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များကိုလည်း တိတိကျကျလိုက်နာကြရန် ရှင်းလင်းပြောကြားပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်း ၁၃ ဦးတို့အား တစ်ဦးလျှင် ကြက်ဥ (၁၀) လုံး၊ အာလူး (၁)ပိသာ၊ ဆီ (၅၀) ကျပ်သားနှင့် ဆား(၁)ထုပ်စီတို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ဇင်လေး(ပြန်/ဆက်)

ကန်ကြီးထောင့်၌ အွန်လိုင်းမှတစ်ဆင့် ပုံပြောပြခြင်းအစီအစဉ် ရိုက်ကူးတင်ဆက်

ကန်ကြီးထောင့် စက်တင်ဘာ ၂၉

ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးကာလအတွင်း ကလေးငယ်များ အသိပညာဗဟုသုတများ ရရှိစေရန် ရည်ရွယ်၍ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ပြည်သူ့ စာကြည့်တိုက်ကလေးစာဖတ်ခန်း၌ ယနေ့နံနက် ၁၀ နာရီက အွန်လိုင်းမှ ပုံပြောပြခြင်း အစီအစဉ်ကို ရိုက်ကူးတင်ဆက်ခဲ့သည်။

ကလေးငယ်များ အသိပညာဗဟုသုတများ ရရှိစေရန် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ရုပ်/သံကျွမ်းကျင်-၃ ဒေါ်သီတာဝင်းက အဆန် (ခေါင်စို) စာပေကော်မတီမှ ရေးသားပြုစုသည့် "ကူညီခြင်း၏အကျိုး" ပုံပြင်ပြောပြခြင်းကို ဆောင်ရွက်ခဲ့ပြီး အဆိုပါ အစီအစဉ်ကို အွန်လိုင်းမှတစ်ဆင့် ထုတ်လွှင့်တင်ဆက်ပေးခဲ့သည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် မြို့နယ်ပြည်သူ့စာကြည့်တိုက်ကို ယာယီပိတ်ထားစဉ်ကာလအတွင်း ကလေးငယ်များ၊ စာဖတ်ပရိသတ်များနှင့် ပြည်သူများ အသိပညာ ဗဟုသုတများ ရရှိစေရန်အတွက် ပုံပြောပြခြင်း၊ ကဗျာရွတ်၊ အရုပ်ဆက်၊ ပန်းအလှ ပြုလုပ်ခြင်းများ၊ စာဖတ်အညွှန်း အစီအစဉ်၊ စာအုပ်မိတ်ဆက် အစီအစဉ်များနှင့် Talk Show အစီအစဉ်များကို IPRD Kangyidaunt Facebook Page နှင့် မြို့နယ်ပြည်သူ့စာကြည့်တိုက် Facebook Page တို့မှ အွန်လိုင်းစနစ်ဖြင့် အပတ်တိုင်း ရိုက်ကူးတင်ဆက်ပေးလျက်ရှိကြောင်း သိရသည်။

နန်းထိုက်
(ကန်ကြီးထောင့်)

ငွေးကုန်းအုပ်စုအတွင်းရှိ အိမ်ထောင်စုများသို့ ဆန်၊ ကြက်ဥများလျှာ်ဒါန်း

နတ်မောက် စက်တင်ဘာ ၂၉

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ငွေးကုန်းအုပ်စု ငွေးကုန်းကျေးရွာ၊ တောင်ဦး(တ)၊ တောင်ဦး(မ) ကျေးရွာများရှိ အိမ်ထောင်စုများသို့ ယမန်နေ့ မွန်းလွဲပိုင်းက နတ်မောက်ကွန်ရက်ပရဟိတ လူမှုအကျိုးပြုအသင်း၊ သိဒ္ဓိစုံဆန်၊ ဓာတ်မြေသြဇာ ရောင်းဝယ်ရေးနှင့် တက်တိုးဓာတ်မြေသြဇာကုမ္ဏီမိသားစုတို့စုပေါင်း၍ ဆန်၊ ကြက်ဥများ လျှာ်ဒါန်းခဲ့သည်။

ငွေးကုန်းအုပ်စုငွေးကုန်းကျေးရွာ၊ တောင်ဦး(တ)၊ တောင်ဦး(မ)ကျေးရွာများရှိ အိမ်ထောင်စု ၅၂၈ စုရှိရာ အိမ်ထောင်စုတစ်စုလျှင် ဆန် လေးပြည်၊ ကြက်ဥ ငါးလုံးနှင့် ဘုန်းကြီးကျောင်းလေးကျောင်းအတွက် ဆွမ်းဆန် ၂၄ ပြည်အိတ် လေးအိတ်လျှာ်ဒါန်းခဲ့ရာ စုစုပေါင်းဆန် ၂၄ ပြည်အိတ် ၂၆ အိတ်နှင့် ကြက်ဥအလုံး ၂၆၄၀ လျှာ်ဒါန်းပေးခဲ့ကြောင်း သိရသည်။

သင်းသင်းဝေ(နတ်မောက်)

ရန်ကုန်တိုင်းဒေသကြီးရှိ ကိုဗစ်-၁၉ ကုသရေးစင်တာများတွင် တာဝန်ထမ်းဆောင်ရန် မကွေးမှ ကျန်းမာရေးဝန်ထမ်းများ ထွက်ခွာ

မကွေး စက်တင်ဘာ ၂၉

မကွေးတိုင်းဒေသကြီး ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဆေးတက္ကသိုလ် မကွေးမှ ကထိကသမားတော်ကြီးဦးဆောင်သည့် လက်ထောက်ဆရာဝန် (ဆေးပညာ) ခြောက်ဦး၊ လက်ထောက် ကျန်းမာရေးမှူး သုံးဦးတို့သည် ရန်ကုန်တိုင်းဒေသကြီးရှိ ကိုဗစ်-၁၉ ကုသရေးစင်တာများတွင် တာဝန်ထမ်းဆောင်ရန် ယနေ့နံနက် ၉ နာရီက ထွက်ခွာသွားကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီးမှ ကိုဗစ်-၁၉ ကုသရေးစင်တာများတွင် တာဝန်ထမ်းဆောင်နိုင်ရန် လေးကြိမ်မြောက် စေလွှတ်ခြင်းဖြစ်ပြီး ယနေ့အထိ ရန်ကုန်တိုင်းဒေသကြီးသို့ စေလွှတ်တာဝန်ထမ်းဆောင်သည့် ကျန်းမာရေး ဝန်ထမ်း၆၀ ကျော်ရှိပြီဖြစ်ကြောင်း တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။

သန်းနိုင်ဦး(ငဖဲ)

မိုးစပါးမျိုးစေ့များကို အင်းတော်မြို့နယ်အတွင်း ဧက ၅၅၀ တွင် စိုက်ပျိုး

အင်းတော် စက်တင်ဘာ ၂၉

မိုးစပါးမျိုးစေ့များကို စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်အတွင်း ဧက ၅၅၀ တွင် စိုက်ပျိုးထားကြောင်း အင်းတော်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှျား ဦးသိန်းခိုင်ထံမှ သိရသည်။

အင်းတော်မြို့နယ် မြို့မနည်းပညာပေးစင်တာ နယ်မြေအတွင်းရှိ တောင်သူ ဦးသန်းမောင် စိုက်ခင်းအတွင်း စိုက်ပျိုးထားသော မိုးစပါး ရက် ၉၀ စမ်းသပ်စိုက်ကွက်အား စက်တင်ဘာ ၂၇ ရက်က စံကွက်ရိတ်သိမ်းခဲ့ကြောင်း သိရသည်။

"မိုးစပါး ရက် ၉၀ စမ်းသပ်စိုက်ကွက်ကို စံကွက်ရိတ်သိမ်းခဲ့တာ အစိုထွက် ၉ဒသမ ၂၅ ဘူးထွက်ရှိခဲ့တယ်။ အဲဒါကြောင့် တစ်ဧက အထွက်နှုန်း ၇၂ တင်းလောက်ခန့်မှန်းထွက်ရှိမှာဖြစ်ပါတယ်။ မိုးစပါးမျိုးစေ့ထုတ်စိုက်ကွက်တွေထဲမှာ မိုးစပါး မျိုးကောင်းမျိုးသန့်များရရှိနိုင်ရေး၊ မျိုးစေ့ထုတ်ကွက်များအတွင်း ရောဂါ၊ ပိုးမွှားများကျရောက်မှုမရှိစေရေး၊ ပေါင်းကင်းရှင်းရေးတို့အတွက် ဒေသခံတောင်သူတွေနဲ့ ပူးပေါင်း ဆောင်ရွက်နေပါတယ်" ဟု ဦးသိန်းခိုင်က ပြောသည်။

မိုးစပါးမျိုးစေ့ထုတ်စိုက်ကွက် တောင်သူများအတွက် ထောက်ပံ့ကြေးများကိုလည်း ထုတ်ပေးထားရှိပြီး ဒေသခံ တောင်သူများအနေဖြင့် မိမိတို့၏ မိုးစပါးစိုက်ကွက်များအတွင်း နည်းပညာအကူအညီများရယူလိုပါက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဆက်သွယ်၍ အကူအညီများ ရယူနိုင်ပါကြောင်း အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှျား ဦးသိန်းခိုင်က အသိပေးထားကြောင်း သိရသည်။

မျိုးဝင်းထွန်း (မုံရွာ)

ပန်ဆိုင်း(ကြူကုတ်)မြို့ တော်ဆိုင်ကျေးရွာ၌ မိုးစပါးစံကွက်များ ရိတ်သိမ်း

ပန်ဆိုင်း စက်တင်ဘာ ၂၉

မူဆယ်ခရိုင် ပန်ဆိုင်း(ကြူကုတ်)မြို့ တော်ဆိုင်ကျေးရွာ၌ ကျေးရွာကိုယ်စားပြု မိုးစပါးစံကွက်များ စတင်ရိတ်သိမ်းခြင်းကို ယမန်နေ့နံနက် ၈ နာရီက တောင်သူဦးအိုက်မန်၏ လယ်ယာတွင် ခရိုင်လယ်စီ/စာရင်းအင်း ဦးစီးဌာန မြို့စိုက်ပျိုးရေးဦးစီးဌာနနှင့် တောင်သူများ ပူးပေါင်း၍ မိုးစပါးစံကွက်များရိတ်သိမ်းခဲ့သည်။

ပန်ဆိုင်း(ကြူကုတ်)မြို့ တော်ဆိုင်ကျေးရွာ ကိုယ်စားပြု စံကွက်များဖြစ်သော ဦးပိုင်အမှတ်(၁)၊ ကွင်းအမှတ်(၃)၊ တောင်သူဦးအိုက်ဆာ၏ လယ်ငါးဧကနှင့် ဦးပိုင်အမှတ်(၁)၊ ကွင်းအမှတ်(၃)၊ တောင်သူဦးအိုက်မန်၏ လယ်ငါး ဧကတို့ကို ခရိုင်လယ်စီ/စာရင်းအင်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှျား ဦးမျိုးဆွေနှင့် တာဝန်ရှိသူတို့က မိုးစပါးစံကွက်ရိတ်သိမ်းမည့် လယ်ကွင်းများတွင် စံနှုန်းတိုင်းတာခြင်းနှင့် ရိတ်သိမ်းပြီးခြွေလှေထားသည့်စပါးများ၏ အထွက်နှုန်းတိုင်းတာခြင်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

ဆက်လက်၍ ပန်ဆိုင်း(ကြူကုတ်) မြို့ တော်ဆိုင်ကျေးရွာတွင် စံကွက်တစ်ဧကလျှင် အကွက်ပေါင်း ၁၀၀၀ ရှိသည့်အနက် စံကွက်သုံးကွက်ရိတ်သိမ်းခဲ့ရာ တစ်ဧကလျှင် (DU-16) အစို ၁၅၆ တင်း၊ (DU-16) အခြောက် ၁၄၇ တင်းထွက်ရှိကြောင်း သိရသည်။

သန်းမိုးခိုင်
(ပြန်/ဆက်)

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ကွပ်ကဲမှုအောက်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် အရာထမ်းငယ်အခြေခံသင်တန်းကို Online Learning System ဖြင့် စမ်းသပ်ဖွင့်လှစ်ပို့ချမည်

ဦးခင်မောင်ဝင်း
အမြဲတမ်းအတွင်းဝန်

ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအသီးသီးရှိ ပြန်တမ်းဝင်အရာရှိအဆင့် စတင်ခန့်ဝင်ပေါက် လစ်လပ်ရာထူးနေရာများကို စနစ်တကျစိစစ်ရွေးချယ်ပေးခြင်း၊ ထိရောက်စွာ လေ့ကျင့်ပျိုးထောင်ပေးခြင်း၊ ဝန်ထမ်းများလိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်များ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ စံနှုန်းများ သတ်မှတ်ရေးနှင့် မူဝါဒလမ်းညွှန်ချက်များ ချမှတ်နိုင်ရေးတို့အတွက် ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရလည်းကောင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေ၊ နည်းဥပဒေများ၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များအရလည်းကောင်း နိုင်ငံတော်အစိုးရအား အထောက်အကူပြုရန်အတွက် လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိပါသည်။

စိတ်အားထက်သန်စွာ ဆောင်ရွက်နေပြီ

ထိုသို့ နိုင်ငံ့ဝန်ထမ်းများ၏ အခန်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းစွမ်းတမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် ၂၀၁၆ ခုနှစ်မှစတင်၍ ပညာရေးနှင့် ကျွမ်းကျင်မှု အခြေပြုလေ့ကျင့်သင်ကြားရေး (Education and Competency-based Approach)နှင့် စီမံခန့်ခွဲမှုပညာ အခြေပြု

လေ့ကျင့်သင်ကြားရေး (Management Training Approach) သို့ပြောင်းလဲသင်ကြားနိုင်ရေးဆောင်ရွက်ခဲ့ပြီး ၂၀၁၇ ခုနှစ် ဧနဝါရီလ ၂ ရက်နေ့တွင် ဗဟိုဝန်ထမ်းတက္ကသိုလ်နှစ်ခု၌ ပြည်သူ့ဝန်ထမ်းအကယ်ဒမီ (Civil Services Academy-CSAs)များ တည်ထောင်နိုင်ခဲ့ပါသည်။ ပြည်သူ့ဝန်ထမ်းအကယ်ဒမီ (Civil Services Academy- CSAs) ၌ အရာထမ်းလောင်းအခြေခံသင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာ သင်တန်း အမှတ်စဉ်(၁) [Basic Pre-service Course for Civil Service Officers, Postgraduate Diploma in Civil Service Management Course – PGDCSM Batch No. (1)] ကို သင်တန်းကာလ ရက်သတ္တ ၁၆ ပတ်ဖြင့် စတင်ဖွင့်လှစ်၍ ဘွဲ့လွန်ဒီပလိုမာ လက်မှတ်နှင့် သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့သည်မှာ ယနေ့ဆိုလျှင် အရာထမ်းလောင်း အခြေခံသင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာ သင်တန်းအမှတ်စဉ်(၇)အထိဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့ပြီး နိုင်ငံ့ဝန်ထမ်း အရာထမ်းလောင်း ၁၇၅၅ ဦးကို ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာများ အပ်နှင်းပေးနိုင်ခဲ့ပြီဖြစ်ပါသည်။ ယင်းသင်တန်းဆင်းပုဂ္ဂိုလ်များသည် သက်ဆိုင်ရာဝန်ကြီးဌာနများတွင် စိတ်အားထက်သန်တက်ကြွစွာဖြင့် နိုင်ငံ့တာဝန်များကို ထမ်းဆောင်နေကြပြီ ဖြစ်ပါသည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့ အနေဖြင့် နှစ်စဉ် လေ့ကျင့်ရေးပြက္ခဒိန်နှစ် တစ်နှစ်မတိုင်မီ ခြောက်လ အလိုခန့်တွင် ဗဟိုဝန်ထမ်းတက္ကသိုလ်နှစ်ခု၌ ဖွင့်လှစ်ရန်လျာထားသည့် သင်တန်းများအား နိုင်ငံတော်သမ္မတရုံးသို့ တင်ပြအတည်ပြုချက်ရယူကာ ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ အနေဖြင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ကြီးကြပ်ကွပ်ကဲမှုအောက်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်နှစ်ခုတွင် ဖွင့်လှစ်မည့်သင်တန်းများကို ကြိုတင်သိရှိနိုင်ပြီး အဆိုပါသင်တန်းများသို့ စေလွှတ်မည့် သင်တန်းသားများနှင့် စပ်လျဉ်း၍ လိုအပ်သည့် ကြိုတင်စီမံပြင်ဆင်မှုများ ဆောင်ရွက်နိုင်စေရန်အတွက် သင်တန်းလျာထားချက်များပြုစု၍ သင်တန်းများ မဖွင့်မီ သုံးလခန့်အလိုတွင် ဖြန့်ဝေပေးလျက်ရှိပါသည်။ အဆိုပါသင်တန်းများ လျာထားချက်စာအုပ်တွင် လေ့ကျင့်ရေးနှစ် တစ်နှစ်အတွင်း ဖွင့်လှစ်မည့် သင်တန်းအမည်နှင့် သင်တန်းအမှတ်စဉ်များ၊ သင်တန်းကာလများ၊ လက်ခံသင်ကြားနိုင်မည့်ဦးရေတို့ကို တိတိကျကျ ရေးသားဖော်ပြထားပြီး လျာထားချက်ပါအတိုင်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

ထိုသို့ဖွင့်လှစ်ခဲ့ရာ ၂၀၁၉-၂၀၂၀ လေ့ကျင့်ရေးနှစ်အတွင်း သင်တန်းများ စဉ်ဆက်မပြတ်ဖွင့်လှစ်နေစဉ်ကာလတွင် ၂၀၂၀ ပြည့်နှစ်မတ်လအတွင်း၌ နိုင်ငံအတွင်း Coronavirus ကူးစက်ရောဂါ ဖြစ်ပွားလာသဖြင့် ရောဂါထိန်းချုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အလို့ငှာ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့်ဗဟိုကော်မတီမှ ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် လက်ရှိဖွင့်လှစ်လျက်ရှိသည့် သင်တန်းများအား ပိတ်သိမ်းသွားရန် လမ်းညွှန်မှုပြုခဲ့ပါသဖြင့် ၁၆-၃-၂၀၂၀ ရက်နေ့မှစ၍ ဖွင့်လှစ်ဆဲသင်တန်းများကို ပိတ်သိမ်းခဲ့ပြီး ကျန်သင်တန်းများ ဖွင့်လှစ်ခြင်းကိုလည်း ရပ်ဆိုင်းခဲ့ပါသည်။

စီမံချက်များ ရေးဆွဲခဲ့

ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် ပုံမှန်သင်ကြားလျက်ရှိသော In-house Training System ဖြင့် သင်ကြားပို့ချခြင်းအစား Online Learning System ဖြင့် ပြောင်းလဲဖွင့်လှစ်သင်ကြားပို့ချနိုင်ရေးအတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၃-၃-၂၀၂၀ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၀)နှင့် ၁၃-၅-၂၀၂၀ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ပညာရပ်အဖွဲ့ (Board of Studies) အစည်းအဝေးတို့မှလည်း In-house Training System ဖြင့် ပို့ချခြင်းအစား Online Learning System ဖြင့် သင်ကြားနိုင်ရေး သဘောတူခဲ့ကြသည့်အတွက် အသင့်အနေအထားသို့ဖြစ်စေရန် ကြိုတင်စီမံဆောင်ရွက်ခဲ့ခြင်း၊ Online Learning System ဖြင့်

ပို့ချရာတွင် ဗဟိုဝန်ထမ်းတက္ကသိုလ်များ အတွက် လိုအပ်မည့် ICT နည်းပညာပိုင်းဆိုင်ရာ လိုအပ်မှုများ ပြင်ဆင်ခြင်း၊ သင်တန်းပို့ချမည့် Online Platform များ ရွေးချယ်ခြင်း၊ Academic ပိုင်းအနေဖြင့် သင်ရိုးညွှန်းတမ်းများ ပြန်လည်ပြင်ဆင်ခြင်း၊ Online Learning System ဖြင့် သင်တန်းသား သင်တန်းသူများအား ပို့ချနိုင်ရေးအတွက် စမ်းသပ်ချိတ်ဆက်ဆောင်ရွက်ခြင်းများကို ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် ဆောင်ရွက်ခြင်း၊ သင်ခန်းစာပို့ချရာတွင် ICT ဆိုင်ရာနည်းပညာကို ကျွမ်းကျင်စွာ အသုံးပြုနိုင်စေရေးအတွက် ပို့ချသူ ဆရာ ဆရာမများကိုလည်း ICT ဆိုင်ရာ မွမ်းမံသင်တန်းများ ပို့ချပေးခြင်းတို့ကို အစီအစဉ်တကျ ချိတ်ဆက်နိုင်စေရန် လုပ်ငန်းစီမံချက်များ ရေးဆွဲဆောင်ရွက်ခဲ့ပါသည်။

တက်ရောက်ရန် အဆင်ပြေ

ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၏ လမ်းညွှန်မှုနှင့်အညီ အရာထမ်းငယ်အခြေခံသင်တန်းကို Online Learning System ဖြင့် စမ်းသပ်ဖွင့်လှစ် သင်ကြားနိုင်ရေးအတွက် တက္ကသိုလ်တာဝန်ခံအဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ပြည်သူ့ဝန်ထမ်း အကယ်ဒမီကျောင်းအုပ်ကြီးများ၊ ဌာနကြီးမှူး (သင်ကြား/လေ့ကျင့်)များ တွေ့ဆုံညှိနှိုင်းကာ သင်တန်းဖွင့်ရက်အား ၅-၁၀-၂၀၂၀ ရက်နေ့မှ ၂၈-၁၀-၂၀၂၀ ရက်နေ့ထိ လျာထားထမ်းငယ်အခြေခံသင်တန်း အမှတ်စဉ်(၈၆) ကိုလည်းကောင်း၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)တွင် အရာထမ်းငယ်အခြေခံသင်တန်း အမှတ်စဉ်(၁၁၆) ကိုလည်းကောင်း၊ ၅-၁၀-၂၀၂၀ ရက်နေ့မှ ၂၈-၁၀-၂၀၂၀ ရက်နေ့အထိ သင်တန်းကာလ ရက်သတ္တလေးပတ်ကို သင်တန်းသား ၁၀၀ စီဖြင့် တန်းခွဲတစ်ခုလျှင် ၅၀ ပါ တန်းခွဲနှစ်ခုစီ ခွဲကာ Online Learning System ကို အသုံးပြု၍ စမ်းသပ်ဖွင့်လှစ်ခွင့်ရရှိရေးအတွက် လုပ်ငန်းစီမံချက်များ ပူးတွဲကာ နိုင်ငံတော်သမ္မတရုံးသို့တင်ပြခဲ့ရာ အရာရှိငယ်သင်တန်းကို အစမ်းသဘောဖွင့်လှစ်ရန် ခွင့်ပြုခဲ့ပါသဖြင့် တက်ရောက်မည့် သင်တန်းသား အမည်စာရင်းများရရှိရေး သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများထံသို့ တောင်းခံခဲ့ပါသည်။

ယခုဖွင့်လှစ်မည့် အရာထမ်းငယ်အခြေခံသင်တန်းတွင် ဘာသာရပ် ခုနှစ်ခု (စီမံခန့်ခွဲမှုပညာဘာသာရပ်၊ စီးပွားရေးပညာဘာသာရပ်၊ ဥပဒေပညာဘာသာရပ်၊ လူမှုရေးသိပ္ပံဘာသာရပ်၊ နိုင်ငံရေးသိပ္ပံဘာသာရပ်၊ အင်္ဂလိပ်စာဘာသာရပ်နှင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဘာသာရပ်)ကို ပို့ချသွားမည်ဖြစ်ပါသည်။ ထိုသို့ပို့ချရာတွင် Online Platform များအဖြစ် Zoom Cloud Meetings နှင့် Google Classroom တို့ကို

စာမျက်နှာ ၂၆ သို့ ■

*** ယခုဖွင့်လှစ်မည့် အရာထမ်းငယ်အခြေခံသင်တန်းတွင် ဘာသာရပ်ခုနှစ်ခု (စီမံခန့်ခွဲမှုပညာဘာသာရပ်၊ စီးပွားရေးပညာဘာသာရပ်၊ ဥပဒေပညာဘာသာရပ်၊ လူမှုရေးသိပ္ပံဘာသာရပ်၊ နိုင်ငံရေးသိပ္ပံဘာသာရပ်၊ အင်္ဂလိပ်စာဘာသာရပ်နှင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဘာသာရပ်)ကို ပို့ချသွားမည်ဖြစ်**

*** ထိုသို့ပို့ချရာတွင် Online Platform များအဖြစ် Zoom Cloud Meetings နှင့် Google Classroom တို့ကို အသုံးပြုသင်ကြားသွားမည်ဖြစ်ပြီး ဆရာ၊ ကျောင်းသား အပြန်အလှန်ဆွေးနွေးခြင်း (Interactive Learning) ကို Zoom Cloud Meetings ဖြင့်လည်းကောင်း၊ သင်ခန်းစာများ သင်ယူခြင်း၊ ဆွေးနွေးမေးမြန်းခြင်းနှင့် ကိုယ်တိုင်လေ့လာခြင်းတို့ကို Google Classroom အား အသုံးပြု၍လည်းကောင်း လေ့လာသင်ယူကြရမည်ဖြစ်**

MPT Myanmar National League 2020

ဘောလုံးပွဲစဉ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်ပြသမည်

နေပြည်တော် စက်တင်ဘာ ၂၉

MPT Myanmar National League 2020 ပွဲစဉ် (၂၀) ပွဲစဉ်များအနက် ISPE FC အသင်းနှင့် Yangon United FC အသင်းတို့သည် စက်တင်ဘာ ၃၀ ရက်တွင်လည်းကောင်း၊ Shan United FC အသင်းနှင့် Yadanarbon FC အသင်းတို့သည် အောက်တိုဘာ ၁ ရက်တွင်လည်းကောင်း ညနေ ၃ နာရီခွဲမှ စတင်၍ ရန်ကုန်ရှိ Y.U.S.C ကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါ ဘောလုံးပွဲစဉ်များကို မြန်မာ့ရုပ်မြင်သံကြား (MRTV) နှင့် MRTV Sports Channel တို့တွင် ယင်းနေ့ ညနေ ၃ နာရီမှစတင်၍ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

အောင်ဆန်းမိုးလုံလေလုံအားကစားရုံ၌ မြန်မာသင်္ဘောသား အလုပ်သမားများအား တိုဖတ်နမူနာရယူစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂၉

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ခွင့်ပြုချက်နှင့် ပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသား အလုပ်သမားများအဖွဲ့ချုပ်(MSF)နှင့် မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ် (MSESF)တို့ ပူးပေါင်း၍ မြန်မာသင်္ဘောသားအလုပ်သမားများအား ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ တိုဖတ်နမူနာ ရယူစစ်ဆေးရန်အတွက် ရန်ကုန်မြို့ အောင်ဆန်းမိုးလုံလေလုံ အားကစားရုံသို့ ရွှေ့ပြောင်း၍ စက်တင်ဘာ ၂၆ ရက်မှစတင်ကာ တိုဖတ်နမူနာ ရယူစစ်ဆေးခြင်းကို နေ့စဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အထိ တိုဖတ်နမူနာရယူ စစ်ဆေးပြီးစီးသည့် မြန်မာသင်္ဘောသားအလုပ်သမား ၄၆၈ ဦးရှိပြီဖြစ်ကြောင်း မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသား အလုပ်သမားများအဖွဲ့ချုပ်မှ သိရသည်။

တိုဖတ်နမူနာ ရယူစစ်ဆေးရာတွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများက ဆောင်ရွက်ပေးနေခြင်းဖြစ်ပြီး Sample များအား သတ်မှတ်စည်းကမ်းချက်များအတိုင်း စနစ်တကျထုပ်ပိုးကာ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)သို့ နေ့စဉ် သယ်ယူပို့ဆောင်ပေးလျက်ရှိသည်။

ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ တိုဖတ်နမူနာ ရယူစစ်ဆေးခြင်းကို နေ့စဉ်ဆောင်ရွက်ပေးလျက်ရှိရာ စက်တင်ဘာ ၂၆ ရက်တွင် တိုဖတ်နမူနာ ရယူစစ်ဆေးသည့် သင်္ဘောသား အလုပ်သမား ၈၀၊ စက်တင်ဘာ ၂၇ ရက်တွင် ၉၈ ဦး၊ စက်တင်ဘာ ၂၈ ရက်တွင် ၁၇၀ နှင့် ယနေ့တွင် ၁၂၀ ဖြင့် စုစုပေါင်း ၄၆၈ ဦးရှိခဲ့ပြီး တိုဖတ်နမူနာ ရယူစစ်ဆေးခြင်းကို နေ့စဉ် နံနက် ၈ နာရီမှစတင်၍ လူဦးရေအပေါ်မူတည်ကာ တစ်နေ့တာအတွက် စာရင်းပေးသွင်းထားသူဦးရေ ကုန်ဆုံးသည်အထိ စစ်ဆေးပေးလျက်ရှိကြောင်းသိရသည်။

သတင်း - ပွင့်သစ္စာ၊ ဓာတ်ပုံ - စိုးမြင့်အောင်

❖ **ရန်ကုန်မှ**

အဆိုပါဆေးရုံကြီးများရှိ ကျန်းမာရေးဝန်ထမ်းများ၊ သံသယလူနာများ၊ အရေးပေါ်ခွဲစိတ်မည့် လူနာများအား ၎င်း Antigen Test Kit များ အသုံးပြုစစ်ဆေးသွားမည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိကို မိနစ်၂၀ အတွင်း သိရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ လွယ်ကူလျင်မြန်စွာ စစ်ဆေးနိုင်မည့် အဆိုပါ စမ်းသပ်ကိရိယာများကို တောင်ကိုရီးယားနိုင်ငံမှ မှာယူတင်သွင်းခဲ့ကြောင်း၊ အရေအတွက်အားဖြင့် နှစ်သိန်းခန့်ရှိကြောင်း သိရသည်။ ယင်းကဲ့သို့ စစ်ဆေးနိုင်မှုကြောင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့လူနာများ ယခင်ကထက်များပြားလာဖွယ်ရှိကြောင်း၊ သို့သော်လည်း မြန်ဆန်စွာရှာဖွေကုသနိုင်မှုကြောင့် ရောဂါထိန်းချုပ်ရေးအတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

မြင့်စိုး

■ **စာမျက်နှာ ၂၅ မှ**

အသုံးပြုသင်ကြားသွားမည်ဖြစ်ပြီး ဆရာ၊ ကျောင်းသား အပြန်အလှန် ဆွေးနွေးခြင်း (Interactive Learning) ကို Zoom Cloud Meetings ဖြင့် လည်းကောင်း၊ သင်ခန်းစာများ သင်ယူခြင်း၊ ဆွေးနွေးမေးမြန်းခြင်းနှင့် ကိုယ်တိုင်လေ့လာခြင်းတို့ကို Google Classroom အား အသုံးပြု၍လည်းကောင်း လေ့လာသင်ယူကြရမည်ဖြစ်ပါသည်။

သင်တန်းသားများအား သင်တန်းတက်ရောက်ရာတွင် ပြုလုပ်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့် (Trainers' Manual နှင့် Solution Manual)တို့ကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ Website (www.ucsb.gov.mm)တွင် ကြိုတင်ကြေညာသွားမည်ဖြစ်ပြီး Study Materials များဖြစ်သည့် Video File, Power point File, PDF File များအပါအဝင် အခြားရည်ညွှန်းကိုးကားအသုံးပြုဖတ်ရှုရမည့် (References and Resources) များကို ဗဟိုဝန်ထမ်းတက္ကသိုလ်နှစ်ခု၏ Google Classroom များ၌ လွှင့်တင်ထားရှိပေးမည် ဖြစ်သည့်အပြင် အဆိုပါ Study Materials များ၏ Soft Copy (CD) ကို သင်တန်းဝင်ညွှန်ကြားလွှာနှင့်အတူ ပေးပို့သွားမည်ဖြစ်ပါသည်။ သင်တန်းသားများ အနေဖြင့် Computers၊ Laptop နှင့် Mobile Phone များ လိုအပ်မည်ဖြစ်သည့်အပြင် Internet Connection ကောင်းမွန်သည့်နေရာမှ တက်ရောက်ရန်လိုအပ်မည်ဖြစ်ပြီး e-mail account ရှိရန်လည်း လိုအပ်မည်ဖြစ်ပါသည်။ သင်တန်းကာလအတွင်း သင်တန်းသားများ အနေဖြင့် Mobile Data အသုံးပြုရန် (၁)ရက်လျှင် ၂၀၀၀ ကျပ်စီကို ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ထောက်ပံ့ပေးသွားမည်ဖြစ်ပါသည်။

ယခု အရာထမ်းငယ်အခြေခံသင်တန်းကို Online Learning System ဖြင့် ပြောင်းလဲပို့ချနိုင်သည့်အတွက် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် လတ်တလောဖြစ်ပွားလျက်ရှိသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကပ်ရောဂါ Coronavirus Disease 2019 (COVID-19) ကူးစက်ပျံ့နှံ့မှုဖြစ်စဉ်အား ရှောင်ရှား၍သင်ယူနိုင်ခြင်း၊ သင်ယူမှုနှင့် ပညာရေးအခွင့်အလမ်းများပေးရန်အတွက် နည်းဗျူဟာသစ်တစ်ရပ်အဖြစ် ဆောင်ရွက်နိုင်ခြင်း၊ အရာထမ်းငယ်တစ်ဦးအနေဖြင့် တတ်သိနားလည်ရမည့် စီမံခန့်ခွဲမှုလုပ်ငန်းများကို နားလည်တတ်မြောက်၍ နိုင်ငံတော်၏ အကျိုးစီးပွားကို ကာလဒေသမရွေး ကျရာအခန်းကဏ္ဍမှ တာဝန်ထမ်းဆောင်နိုင်စေခြင်း၊ စွမ်းဆောင်ရည်ပြည့်ဝစွာဖြင့် ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများကို ထိရောက်ထက်မြက်စွာ ဆောင်ရွက်နိုင်ခြင်း၊ လုပ်ငန်းခွင်တွင် လိုအပ်မည့် အသိပညာများသာမက ခေတ်မီ ICT နည်းပညာများကို ပိုမိုအသုံးပြုနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့ အနေဖြင့်လည်း အဆိုပါသင်တန်း ပြီးမြောက်သည့် အခါတွင် သင်တန်းကာလအတွင်း ရင်ဆိုင်ကြုံတွေ့ရသည့် အခက်အခဲများကို ပြန်လည်ဆန်းစစ်ပြီး ဖြေရှင်းနည်းများ ရှာဖွေဖြည့်ဆည်းခြင်း၊ သင်တန်းမှရရှိသည့် သင်ခန်းစာများအား ပြန်လည်အသုံးပြုနိုင်ခြင်း ရှိ၊ မရှိတို့ကို ပြန်လည်ဆန်းစစ်သုံးသပ်ခြင်း၊ သင်တန်း၏ အားနည်းချက်များနှင့် အားသာချက်များကို ရှာဖွေဖော်ထုတ်၍ ပိုမိုထိရောက်သောနည်းလမ်းကောင်းများကို အသုံးပြုပြီး ကျန်ရှိသည့် သင်တန်းများကိုလည်း စဉ်ဆက်မပြတ် ဆက်လက်ဖွင့်လှစ်နိုင်ရေးနှင့် အရည်အချင်းနှင့် အရည်အသွေးပြည့်ဝသည့် နိုင်ငံ့ဝန်ထမ်းကောင်းများ မွေးထုတ်ပေးနိုင်ရေးတို့အတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂၀၂၀ ပြည့်နှစ် အောက်တိုဘာလ ၅ ရက်နေ့မှစ၍ အောက်တိုဘာလ ၂၈ ရက်နေ့အထိ အရာထမ်းငယ်အခြေခံသင်တန်းကို ဗဟိုဝန်ထမ်းတက္ကသိုလ် နှစ်ခု၌ စတင်စမ်းသပ်ဖွင့်လှစ်နိုင်တော့မည်ဖြစ်ပါသည်။ ယင်းသို့ဖွင့်လှစ်နိုင်ခြင်းသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် အခန်းကဏ္ဍမှ တာဝန်ယူဆောင်ရွက်နေရသည့် နိုင်ငံ့ဝန်ထမ်းများအတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ နိုင်ငံတော်အတွက် တစ်ထောင့်တစ်နေရာမှ အုတ်တစ်ချပ်သဲတစ်ပွင့်အဖြစ် ဝန်ဆောင်မှုပေးနေခြင်းဖြစ်ပါသည်။

ထို့အပြင် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့်ဗဟိုကော်မတီမှ ညွှန်ကြားချက်များ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ညွှန်ကြားချက်များနှင့်အညီ Coronavirus Disease 2019 (COVID-19) ကူးစက်ပြန့်ပွားမှုရောဂါ ထိန်းချုပ်နေစဉ်ကာလအတွင်း Face to Face ဆောင်ရွက်နိုင်ခြင်းမရှိသည့် အခြေအနေတွင် Online Learning System ကို စတင်အကောင်အထည်ဖော်နိုင်ခြင်းသည် ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ အောင်မြင်မှုမှတ်တိုင်တစ်ခု စိုက်ထူနိုင်ခဲ့ခြင်းဖြစ်ပါကြောင်း ရေးသားဖော်ပြအပ်ပါသည်။

"ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၀-ရပ်ကွက်၊ ဗလွီက(၁၁)လမ်း၊ အမှတ်-(၃၁၈) အခန်းအမှတ်-(၀ထပ်)(ရွှေမှကြည့်သော်ယာတက်)၊အကျယ်(၁၉ပေx၅၄ပေ)ရှိ တိုက်ခန်းနှင့်တကွတပ်ဆင်ပါရှိသောအကျိုးခံစားခွင့်အရပ်ရပ်တို့အား၊တရားဝင်အမည်ပေါက်လက်ဝယ်ပိုင်ဆိုင်ပြီး၊ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း၊ဝန်ခံတတိယပြုသူ ဒေါ်နေဒြည်လင်း (နိုင်ငံသားကတ်အမှတ်-၁၃/လရန(နိုင်)၁၄၉၉စ၄၅)ထံမှကျွန်ုပ်တို့ဏ်ဖိတ်ဆွေကအပြီး၊အပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်၊

သို့ပါ၍ အဆိုပါတိုက်ခန်းနှင့်တိုက်ခန်းပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ဆိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆိုဤကြေညာချက်ပါသည့်နေ့မှစ၍(၇)ရက်အတွင်းနိုင်လုံသောစာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်နေ့အတွင်းတန့်ကွက်ခြင်းမရှိပါကအရောင်းအဝယ်ကိုဥပဒေနှင့်အညီဆက်လက်ဆောက်ရွက်သွားမည်ဖြစ်ပါကြောင်းအများသိစေရန်ကြေညာအပ်ပါသည်၊

ဒေါ်နန်းဆင့် ဆင့်ထွန်း(LL.B)
D.B.L,D.M.L
(စဉ်-၀၂၆၃၉)

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်ပိုးမိုးကေး (LL.B)
D.B.L,D.M.L,D.I.L
WIPO,DL-101 Switzerland
(စဉ်-၈၅၅၈)

(တရားလွှတ်တော်ရှေ့နေများ)
အမှတ်-၈၃၊ ပန်းဆိုးတန်းလမ်း။ ဇော်ဂတ်တံတားမြို့နယ်၊ ရန်ကုန်မြို့။
(ဖုန်း-၀၉-၄၂၃၃၅၈၂၇၀)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်(၅၆)၊ မြေကွက်အမှတ်-၂၅၀/က၊ မြေအကျယ်အဝန်း(၂၀x၆၀)ပေရှိ ဦးတင်လတ် (TGKN-၀၃၆၃၈၀) အမည်ပေါက် ပါမစ်မြေ၊ အရပ်ခေါ်အမှတ်-၂၅၀/က၊ ချမ်းမြသာစည်လမ်း၊ ၅၆-ရပ်ကွက်၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်ရှိ မြေကွက်နှင့် ပတ်သက်၍

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

အထက်အမည်ပါ မြေကွက်ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ဦးကျော်မြင့် [၁၂/ဒဂတ(နိုင်)၀၁၉၉၇၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးသန်းညွှန့်(LL.B) **ဦးနိုင်ထွန်းလင်း (LL.B)**
တရားလွှတ်တော်ရှေ့(စဉ်-၅၅၂၇) အထက်တန်းရှေ့နေ(စဉ်-၃၅၅၄)
အမှတ်(၃၆၅)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၉-၅၅၁၆၁၅၇၊ ၀၉-၇၈၅၅၁၆၁၅၇

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ သမိုင်းဘူတာရုံလမ်း၊ အမှတ်-၅၅၊ ဂ(လ)၁(ဘီ)၊ (၈)ထပ်တိုက်ဟုခေါ်တွင်သည့် အဂျယ်အဝန်းပေ(၁၂x၅၅)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ရောက်ပိုင်ဆိုင်ရောင်းချပိုင်ဆိုင်ခွင့်ရှိသူ ဦးကြည်ဝင်း[၁၂/လမန(နိုင်)၀၁၇စ၈၉]က ရောင်းချခြင်းအပေါ် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မျိုးမျိုးလှိုင်[၁၂/လသယ(နိုင်)၀၃၃စ၇၈]မှ ဝယ်ယူရန် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်၍ အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစတင်၍ (၅)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်ရန်မရှိပါက ဤအရောင်းအဝယ်အား တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ယင်းနောက်ပိုင်း ကန့်ကွက်ချက်များကို အသိအမှတ်ပြုမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ **လွှဲအပ်ညွှန်ကြားချက်အရ-**
ဒေါ်မျိုးမျိုးလှိုင် **ဒေါ်နန်းစန္ဒာဝင်း(LL.B)**
[၁၂/လသယ(နိုင်)၀၃၃စ၇၈] **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၇)**
အမှတ်-၉၀၊ မြန်မာ့ဂုဏ်ရည်လမ်း၊ ကန်တော်လေး၊
မဂၢလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၃၁၆၄၃၆

Share Transfer ပြုလုပ်ခြင်း
ရှယ်ယာ လွှဲပြောင်းပြီးစီးခြင်း

Enormous Money-Spinner Microfinance Co.,Ltd ၏ ဒါရိုက်တာအဖွဲ့ဝင်များဖြစ်ကြသည့် Ex-Director ဦးသက်စိန်း[၁၂/လမတ(နိုင်)၀၂၉ဒ၁၉] မှ ၎င်းပိုင်ဆိုင်သော Share (500)၊ တန်ဖိုး (ကျပ်သန်း၀ါးဆယ်) အား BOD အဖွဲ့ဝင် Director ဒေါ်အေးအေးသန်း [၁၃/ကတန(နိုင်)၀၅၄၅၄၀] သို့ Share Transfer ပြုလုပ်ကြရာ ကာယကံရှင်နှစ်ဦးနှင့် BOARD OF DIRECTOR အဖွဲ့ဝင်များအားလုံး၏ သဘောတူညီချက်များအရ Share Transfer ပြုလုပ်ပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

Enormous Money-Spinner Microfinance Co.,Ltd

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ပုသိမ်ညွှန့်ရပ်ကွက်၊ ပုသိမ်ညွှန့်(၇)လမ်း၊ မြေကွက်အမှတ်(၂၈၁)၊ တိုက်အမှတ်(၂၄)၊ နှစ်ခန်းတွဲ RC(၆)ထပ်တိုက်မှ စတုတ္ထထပ်(၅-လွှာ)၊ (တိုက်မျက်နှာမှ ညာဘက်အခန်း)၊ ဧရိယာ(၅၄၀.၅)စတုရန်းပေရှိ တိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးနိုင်အောင်မိုး[၇/သနပ(နိုင်)၀၀၀၁၁၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးထွန်းတင်[၁၁/ဓညန(နိုင်)၀၀၁၀၃၂]၊ ဒေါ်ခင်မေ[၁၁/စတန(နိုင်)၀၁၀၃၀၉]တို့မှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးထွန်းတင်နှင့် ဒေါ်ခင်မေတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဝင်းမင်းဖိုး LL.B,WIPO(Switzerland)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၄)
Ph:09-450023651,09-793568375
Level(၅၊ ၆၊ ၇၊ ၈)၊ တာ၀ါ(၂)၊ HAGL Myanmar Center Tower၊
အမှတ်(၁၉၂)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ပျဉ်းမနားမြို့နယ်တရားရုံးတော်၌
၂၀၂၀ပြည့်နှစ် တရားမကြီးမှုအမှတ်-၅၁

ဦးတင်ငွေးမောင် နှင့် ၁။ ဦးအဘွလ်ဟူစိန်
၂။ ဦးမြသောင်း

တရားလို **တရားပြိုင်များ**

ပျဉ်းမနားမြို့၊ ပန်းခင်း(၁)၊ ပင်မလမ်း၊ အမှတ်(၈/၁၇၆)နေ တရားပြိုင် ၁။ ဦးအဘွလ်ဟူစိန် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ် တရားလို ဦးတင်ငွေးမောင်က ပဋိညာဉ်အတိုင်း မြေအရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၀ပြည့်နှစ်၊ အောက်တိုဘာလ ၂၇ရက် (၁၃၈၂ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ရက်)၊ မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါရှိသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအဓိပ္ပါယ်ရှိသည့် စာချုပ်စာတမ်း အစရှိသည့်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလျှောတင်သွင်းလိုလျှင် အမှုမဆိုင်ဓီလေးရက်က တင်သွင်းရမည်။

၂၀၂၀ပြည့်နှစ်၊ စက်တင်ဘာလ ၂၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဝေဝေခိုင်)
တွဲဖက်မြို့နယ်တရားသူကြီး(၁)
ပျဉ်းမနားမြို့နယ်တရားရုံး

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန
စီမံကိန်းရေးဆွဲရေးဦးစီးဌာန
ရန်ကုန်တိုင်းဒေသကြီးစီမံကိန်းဦးစီးရုံး
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းဦးစီးရုံးမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် တိုင်းဒေသကြီး၏ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် အောက်ဖော်ပြပါ စီမံကိန်းဦးစီးရုံးများ ဆောက်လုပ်ခြင်း၊ ရုံးသုံးစက်ကိရိယာများနှင့် အခြားရုံးသုံးပစ္စည်းများ ဝယ်ယူခြင်းအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

အဆောက်အဦ

Lot(1) ခရမ်းမြို့နယ် စီမံကိန်းဦးစီးရုံး (၄၀x၅၂x၁၂)ပေ သံကူကွန်ကရစ် RCC တစ်ထပ်ဆောက်လုပ်ခြင်း(၁၀'x၁၂' ပေါ်တီကို အပါအဝင်)နှင့် ဝန်ထမ်းအိမ်ရာ(၃၀x၂၀x၁၂)ပေ သံကူကွန်ကရစ်ဆောက်လုပ်ခြင်း၊ ခြံစည်းရိုး၊ Box Culvert၊ ရုံးဝင်းအတွင်း မြေဖို့ခြင်း၊ ရေ မီး၊ ရုံးအဝင်လမ်းလုပ်ငန်းများ

Lot(2) လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် စီမံကိန်းဦးစီးရုံး (၄၀x၄၂x၁၂)ပေ သံကူကွန်ကရစ် RCC တစ်ထပ်ဆောက်လုပ်ခြင်းနှင့် ဝန်ထမ်းအိမ်ရာ (၂၅x၅၁)ပေ သံကူကွန်ကရစ် (၂)ခန်းတွဲ (၄)ထပ်ဆောက်လုပ်ခြင်း (ရေ မီး၊ ရုံးနှင့် အိမ်ရာအဝင်လမ်း၊ ခြံစည်းရိုး)

Lot(3) တောင်ပိုင်းခရိုင် စီမံကိန်းဦးစီးရုံး အကြီးစားပြင်ဆင်ခြင်း

Lot(4) ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် စီမံကိန်းဦးစီးရုံး အကြီးစားပြင်ဆင်ခြင်း

Lot(5) ရွှေပြည်သာမြို့နယ် စီမံကိန်းဦးစီးရုံး အကြီးစားပြင်ဆင်ခြင်း

Lot(6) ရုံးသုံးစက်ကိရိယာများ

(က) Computer, Printer, UPS-1 Set (၂၅)စုံ

(ခ) Copier (Cannon) (၅)လုံး

တင်ဒါဝိတ်မည့်ရက်	- ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၃ ရက် ၁၆:၃၀နာရီ
တင်ဒါဖွင့်မည့်ရက်	- ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၅ ရက်၊ နံနက် ၁၀:၀၀ နာရီ
လျှောက်လွှာဝယ်ယူခြင်းနှင့်	- ရန်ကုန်တိုင်းဒေသကြီးစီမံကိန်းဦးစီးရုံး၊
တင်ဒါတင်သွင်းရမည့်နေရာ	ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးဝင်း၊ အလုံလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

၂။ တင်ဒါပုံစံများအား ရန်ကုန်တိုင်းဒေသကြီးစီမံကိန်းဦးစီးရုံး၊ စီမံရေးရာ/ငွေစာရင်းဌာနတွင် ကြော်ငြာပါသည့်ရက်မှစ၍ ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းနံပါတ်-၀၁-စ၃၀၁၂၅၆၊ ၀၁-စ၃၀၁၂၅၇၊ ၀၁-စ၃၀၁၂၀၃၊ ၀၉-၅၁၀၁၆၇၀၁၃ နှင့် ၀၉-၄၂၀၁၆၇၀၁၄ တို့ကို ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့
ရန်ကုန်တိုင်းဒေသကြီးစီမံကိန်းဦးစီးရုံး

မတည်ငွေရင်းလျှောချမည်ဖြစ်ကြောင်း
အသိပေးကြေညာခြင်း

ကျွန်တော်များ KAGAYAKI TRADING CO.,LTDမှ မတည်ငွေရင်းငွေကျပ်သိန်း ၁,၀၀၀မှ ကျပ်သိန်း ၁၀၀သို့ လျှော့ချမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်ဥမ္မာစိန်
Managing Director
Kagayaki Co.,Ltd
Ph:09-254005719

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
အားကစားနှင့်ကာယပညာဦးစီးဌာန
ချင်းပြည်၊ ဟားခါးမြို့
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ချင်းပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်ပွဲကြည့်စင်၊ တင်းနစ်ကွင်း၊ အားကစားရုံ၊ ဘောလုံးကွင်း ဖောက်လုပ်ခြင်း လုပ်ငန်းများအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

တင်ဒါလျှောက်လွှာရောင်းချမည့်ရက်/အချိန်	- ၁-၁၀-၂၀၂၀ ရက်မှ ၂၃-၁၀-၂၀၂၀ ရက်ထိ ရုံးချိန်အတွင်း
တင်ဒါလျှောက်လွှာတင်သွင်းရမည့်ရက်/အချိန်	- ၂၇-၁၀-၂၀၂၀ ရက်မှ ၂၉-၁၀-၂၀၂၀ ရက်ထိ ရုံးချိန်အတွင်း
တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်/အချိန်	- ထပ်မံကြေညာပါမည်
တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ	- အားကစားနှင့် ကာယပညာဦးစီးဌာန၊ ချင်းပြည်နယ်၊ ဟားခါးမြို့

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အသေးစိတ်သိရှိလိုပါက ၀၇၀-၂၁၀၇၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်

နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့

လုပ်ငန်းအမှတ်တံဆိပ် အမည်အမှတ်အသားအား ကုမ္ပဏီပိုင်ဖြစ်ကြောင်းအသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ စံရိပ်ငြိမ်(၆)လမ်း၊ အမှတ် ၆၆/၆၈၊ အခန်း (၃-ခ)ဒုတိယထပ်တွင် တည်ရှိသော Focal Point Services Company Limited မဏ္ဍိုင်ဝန်ဆောင်မှုကုမ္ပဏီလီမိတက်ကုမ္ပဏီမှတ်ပုံတင်အမှတ် (၁၀၆၄၄၁၀၄) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

fp
မဏ္ဍိုင်ဝန်ဆောင်မှုကုမ္ပဏီလီမိတက်
FOCAL POINT SERVICES CO.,LTD.

အထက်ဖော်ပြပါ လုပ်ငန်းအမှတ်တံဆိပ် အမည်အမှတ်အသားကို ကုမ္ပဏီမှအသုံးပြုရန်အတွက် ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးခ် (၂၈-၇-၂၀၂၀) ရက်စွဲပါ မှတ်ပုံတင်စာချုပ်အမှတ် (၇၆၁၆/၂၀၂၀) ဖြင့် မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ လုပ်ငန်းအမှတ်တံဆိပ်အမှတ်အသားဖြင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနက ခွင့်ပြုထားသော အသေးစားငွေရေးကြေးရေးလုပ်ငန်းကို ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းတွင် လုပ်ငန်းများ လုပ်ကိုင်လျက်ရှိပါသည်။

